ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှု မရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသော အစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 2 December 2017 ၉၁၂၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

ပေကျင်း ဒီဇင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် တင့်ဆန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫



နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ရောက်ရှိလာသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က ပြည်သူ့ခန်းမဆောင်ကြီး၌ ကြိုဆိုနှုတ်ဆက်စဉ်။



ကြေးမုံ

# လူငယ် အစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာကြိုဆို

နိုင်ငံတစ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်သော လူ့စွမ်းအားအရင်းအမြစ်များ မြေတောင်မြှောက်ပျိုးထောင်အားကောင်းလာရေးကို အလေးထားဖော်ဆောင်ကြသည်။ မြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းရေး ဆောင်ရွက်ပေးခဲ့ရာတွင် လူငယ်များ ရှေ့တန်းသို့ မရောက်သေးဟု ဆိုချင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များဆိုသည်မှာ လူငယ်လူရွယ်များကို ဆိုလိုခြင်းဖြစ်သည်။ ယနေ့နိုင်ငံအတွင်း အရေးပါအရာရောက်သောကဏ္ဍများတွင် အများအားဖြင့် လူကြီးများသာ ဦးဆောင်ကြသည်။ လူငယ်လူရွယ်များမှာ နောက်တန်းမှ လိုက်ပါကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက လူကြီးများထက် လူငယ်လူရွယ်အများစုက ရှေ့တန်းမှ ပါဝင်ကြသည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်များက သက်သေပြလျက် ရှိသည်။

မျက်မှောက်ခေတ် နိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုကာလတွင် လူကြီးများနှင့်အတူ လူငယ်လူရွယ်များ ရှေ့တန်းမှပါဝင်လာရေး လိုအပ်လာသည်။ အမှန်တကယ်တွင် လူငယ်လူရွယ်များမှာ ကြုံတွေ့ရမည့် လုပ်ငန်းများ၊ ဖြေရှင်းရမည့်ပြဿနာများကို ကိုယ်ပိုင်အရည်အချင်းများဖြင့် ဖြေရှင်းနိုင်စွမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်း ရှိကြပါသည်။ လူငယ်များတွင် ပင်ကိုအားဖြင့် သွက်လက်ဖျတ်လတ်သည့် အစွမ်းအစ၊ ထိုးထွင်းဆောင်ရွက်နိုင်သော ဉာဏ်ရည်များ ရှိပြီးဖြစ်သည်။

အဓိကမှာ လူငယ်လူရွယ်များအား ယုံယုံကြည်ကြည် တာဝန်ပေးအပ်ရန်နှင့် လုပ်သာကိုင်သာရှိသော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်သာဖြစ်သည်။ ဤနေရာတွင် လူငယ်လူရွယ်များ၏ အားသာချက်၊ အားနည်းချက်များကို သတိပြုထိန်းကျောင်းပေးပြီး လူငယ်လူရွယ်များ သန်ရာသန်ရာလမ်းကြောင်းမှန်သို့ လျှောက်လှမ်းနိုင်ရန် လမ်းဖွင့်ပေးရမည်ဖြစ်သည်။

လူကြီးများမှာ အတွေ့အကြုံနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း အားကောင်းသည်ဟု ဆိုကြသည်။ လူငယ်များမှာ အတွေ့အကြုံနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းအားနည်းသည်ဟု ယူဆကြသည်။ ယင်းသို့ဆိုလျှင် လွတ်လပ်ရေးကြိုးပမ်းမှုကာလက အသက် ၂၀ ကျော် အသက် ၃၀ ဝန်းကျင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားလူငယ်ခေါင်းဆောင်များ၏ အတွေ့အကြုံနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းအားကောင်းပုံကို အတုယူလေ့လာ၍ ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး လွတ်လပ်သောနိုင်ငံဖြစ်ရမည်ဟူသော ယုံကြည်ချက်၊ ခံယူချက်ကို အခြေခံသည့် ပြင်းပြသောစိတ်ဆန္ဒများနှင့် လေ့လာလိုက်စား ကြိုးပမ်းအားထုတ်မှုများက အတွေ့အကြုံနှင့် တွေးခေါ်မြော်မြင်နိုင်မှု အထောက်အပံ့ကောင်းများဖြစ်ခဲ့သည်။ ထိုနည်းတူ ယနေ့မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာအလယ်တွင် အောက်ကျနောက်ကျဖြစ်နေရသည့်ဘဝမှ လွတ်မြောက်ပြီး နိုင်ငံအများနည်းတူ ဝင့်ဝင့်ထည်ထည် ရပ်တည်နေနိုင်သည့် နိုင်ငံဖြစ်ရမည်ဟူသော ယုံကြည်ချက်၊ ခံယူချက်ကို အခြေခံသည့် ပြင်းပြသောစိတ်ဆန္ဒနှင့် လေ့လာလိုက်စား ကြိုးပမ်းအားထုတ်မှုရှိဖို့ လိုသည်။

ထိုသို့ ကြိုးပမ်းအားထုတ်နိုင်ပြီး တွေးခေါ်မြော်မြင်နိုင်မှု စွမ်းအားမြင့်မားသော လူငယ်လူရွယ်များဖြစ်နေမည်ဆိုပါက အခွင့်အလမ်းကောင်းများ မဖော်ဆောင်ပေးနိုင်စရာ၊ နေရာမပေးနိုင်စရာ အကြောင်းမရှိချေ။ အကယ်၍ အခွင့်အလမ်းမပေး၊ နေရာမပေးလျှင် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် လမ်းပိတ်ထားရာ ရောက်ပေလိမ့်မည်။ ယခုအခါ နိုင်ငံတော်က လူငယ်လူရွယ်များ အရည်အချင်း၊ အရည်အသွေးမြင့်မားရေးကို ဖော်ထုတ်နိုင်ရန်အတွက် လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် လမ်းဖွင့်ပေးလာသည်ကို တွေ့ရသည်။

ထိုအခါ တွေးခေါ်မြော်မြင်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ထိုးဖောက်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ထိုသို့ပေါ်ထွက်လာသောအခါ နိုင်ငံ၏ အရေးပါအရာရောက်သော လုပ်ငန်းနယ်ပယ်များတွင် လူငယ်များအား နေရာပေးရတော့မည်ဖြစ်သည်။ ဤတွင် နိုင်ငံလည်း တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဤအစီအစဉ်ကို ဝမ်းပန်းတသာ ကြိုဆိုရမည်ဖြစ်သည်။ ။

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ မီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ အဆိုပါပြပွဲသို့ ဝင်ရောက် သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာ ကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ အနေဖြင့် ဝင်ခွင့် ပြုလုပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း- ၀၆၇- ၄၁၂၁၂၅၊ ၄၁၂၁၂၆ တို့သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း- ၀၆၇- ၄၁၄၄၉၇၊ ၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၀၀၀၀ | - | ၉၃၀၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၀၀၀၀ | - | ၉၃၀၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၁၀/၈၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၈၅/၇၉၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၃/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၄/၇၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၃. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆. ၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၈၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၃. ၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၁. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၃၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပျော်ရွှင်နွဲပျော် လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

- မြန်မာလူငယ် တို့လူငယ်
  ပြည်ကျိုးထမ်းရွက်မယ်။
  လူငယ်များရဲ့ ပေါင်းစည်းအား
  နိုင်ငံ့အတွက် အင်အား။
- အသိပညာ တတ်ပညာ
  ကြိုးစား တို့လေ့လာ။
  ဗဟုသုတနဲ့ ကျင့်ဝတ်များ
  မျှဝေကြစို့လား။
- အနာဂတ်ရဲ့ ပြည်မြန်မာ
  လူငယ်များက ပုံဖော်မှာ။
  မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးရေး
  တို့လူငယ်များ ဖော်ဆောင်ပေး။
- မျိုးဆက်သစ်များ ပေါင်းစုဆုံ
  ပန်းများသင်းထုံ ရနံ့စုံ။
  ရင်းမြစ်စုံလင် လူ့စွမ်းအား
  တည်ဆောက်ကြစို့လား။
- "လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်"
  နွှဲပျော်ကြစို့ တူဖိတ်ခေါ်
  မောင်ရင်းညီကို တူတကွ
  တူဆုံနွှဲပျော်ကြ။
  လူငယ်အားလုံး ပါဝင်ကြ။
  ဘက်စုံပွဲတော် ဆင်နွှဲကြ။


ဇင်ခန့်နိုင်

(လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အား ဂုဏ်ပြုကြိုဆိုရေးဖွဲ့ပါသည်)

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်တို့ နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ ကျင်းပစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက မြန်မာသံရုံး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို မေးမြန်းသည်။

### မှတ်တမ်းတင်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်(Great Hall of the People) ပြည်သူ့ခန်းမဆောင်ကြီးသို့ ရောက်ရှိသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ပြည်သူ့ခန်းမဆောင်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် တို့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီး ပထမထပ်၌ တွေ့ဆုံကြသည်။

### အကူအညီပေးမည့်ကိစ္စ

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အဆင့်မြင့်ခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားလာရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးတို့အပြင် နှစ်နိုင်ငံအကြား အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရုတ်နိုင်ငံမှ ဆက်လက်အကူအညီပေးမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးပွဲတက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပြည်သူ့ခန်းမဆောင်ကြီး ဒုတိယထပ်၌ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

### မျက်နှာစုံညီအစည်းအဝေး

အခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီများ၏ အကြီးအကဲများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး (ပထမပိုင်း)သို့ တက်ရောက်သည်။

### မိန့်ခွန်းပြောကြား

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးဧည့်သည်တော်အဖြစ် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို (Politburo Standing Committee) အဖွဲ့ဝင် Mr. Wang Huning က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်

## ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. TadamoriOshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဂျပန်အစိုးရအိမ်တော် အထူးဧည့်သည်တော်များခန်းမဆောင်၌ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးကို အခြေခံပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးသက်ဆွေ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် တိုကျိုမြို့ Hotel New Otani၊ Garden Tower ၌ ဂျပန်- မြန်မာအသင်းမှ တည်ခင်းဧည့်ခံသော ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျိုတိုမြို့ Imperial Palace သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့

## ကိုရီးယားသမ္မတနိုင်ငံ ဗဟိုအမျိုးသားပြတိုက်နှင့် ဆမ်ဆောင်းတီထွင်ဆန်းသစ်မှုပြတိုက်သို့ သွားရောက်လေ့လာ

**ဆိုးလ် ဒီဇင်ဘာ ၁**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဆိုးလ်မြို့ရှိ ဗဟိုအမျိုးသားပြတိုက်သို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ဗဟိုအမျိုးသားပြတိုက်တွင် အလွှာသုံးလွှာဖြင့် ပြသထားရာ ရှေးခေတ်မှ ၁၉၁၀ ပြည့်နှစ်ထိ ပန်းချီကားများနှင့် လက်ဆောင်ပစ္စည်းများ အာရှယဉ်ကျေးမှုအမွေအနှစ်များကို ပြသထားသည်။ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းအမျိုးပေါင်း ၁၂၀၀၀ ကျော် ပြသထားကြောင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E.Mr. Lee Cheol-Woo နှင့် လွှတ်တော်ကိုယ်စားလှယ်များက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆက်လက်၍အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် ဆူဝမ်မြို့ရှိ ဆမ်ဆောင်းတီထွင်ဆန်းသစ်မှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ပြတိုက်အတွင်း အခန်းသုံးခန်းဖြင့် ပြသထားရာ နည်းပညာဆိုင်ရာပစ္စည်း တီထွင်သူပညာရှင်များ၏ ပြခန်း၊ လုပ်ငန်းသဘာဝအလိုက် တီထွင်ဆန်းသစ်မှုပြခန်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြခန်းများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ညပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် မြန်မာသံရုံးမိသားစုများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ အီးလ်ဆန်းမြို့ရှိ Hyundai Motorstudioသို့ သွားရောက်လေ့လာကြသည်။ ဆက်လက်၍ ဖာဂျူမြို့ရှိ ဖန်းမွန်းဂျောင် (တောင်-မြောက်စစ်ရပ်စဲရေးဆွေးနွေးခဲ့သည့်ကျေးရွာ) သို့သွားရောက်လေ့လာကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်တို့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kim Jung Han နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်

## Democratic Control of Armed Forces (DCAF)အဖွဲ့အားလက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Democratic Control of Armed Forces (DCAF) မှ Dr. Cornelius Friesendorf နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် DCAF အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် အရေးကြီးသော လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံအား ကူညီပံ့ပိုးပေးနေမှု အခြေအနေများ၊ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**✳ ဒုတိယသမ္မတမှ**

ဒုတိယသမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က စီမံကိန်း၏နောက်ခံသမိုင်း၊ စီမံကိန်းစတင်ဆောင်ရွက်ခဲ့မှု၊ တင်ဒါခေါ်ယူမှုနှင့် ရွေးချယ်မှု၊ စီမံကိန်းနှင့်ပတ်သက်ပြီး အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားမှုနှင့် ခန့်မှန်းကုန်ကျစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းအား နိုင်ငံတော်စီမံကိန်းအဖြစ် သတ်မှတ်ခဲ့မှု၊ ဂျပန်နိုင်ငံမှ ODA ချေးငွေရရှိရန် ဆောင်ရွက်နေမှု၊ စီမံကိန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံနှင့် ရေလိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်၊ လေယာဉ်ဆီလိုအပ်ချက်နှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် စီစဉ်နေမှု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်ခဲ့သော အထောက်အကူပြုလုပ်ငန်းများနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက စီမံကိန်းဧရိယာအတွက် မြေယာကိစ္စများ ဆောင်ရွက်နေမှု၊ ကျူးကျော်စာရင်းများ ကောက်ယူခြင်း၊ လျော်ကြေးပေးနိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေး စသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းသည် နိုင်ငံတော်အတွက်အကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ညှိနှိုင်းဆောင်ရွက်ရန် ကျန်ရှိသည့် ကိစ္စရပ်များကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးစားကြရန်နှင့် မြေယာကိစ္စများအား စနစ်တကျပြီးပြတ်အောင် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့နှင့်အတူ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည့် မြေနေရာအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျောက်တိုင်ကန်ကျေးရွာအနီး ပင်လယ်ရေပြင်အထက် အမြင့် ၁၃၅ ဒသမ ၇၇ ပေတွင် တည်ရှိပြီး မြေဧရိယာမှာ ဧက ၉၆၉၀ ကျယ်ဝန်းသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားရေအရင်းအမြစ်ကော်မတီရုံး ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နှစ်စဉ်ခရီးသည်နှင့် လေယာဉ်ခရီးစဉ်များ တိုးတက်လာခြင်း၊ လေဆိပ်အား တိုးချဲ့ရန် ကန့်သတ်ချက်များရှိခြင်း၊ လက်ရှိ လေယာဉ်ပြေးလမ်းပေါ်တွင် အရေးပေါ်အခြေအနေဖြစ်ပွားပါက Operation အား ဆက်လက်ဆောင်ရွက်ရန် ဒုတိယပြေးလမ်း(Second Runway)တိုးချဲ့ရန် မြေနေရာလုံလောက်မှုမရှိခြင်း၊ Wide Body Aircraft များ အကန့်အသတ်ဖြင့် ဆင်း/တက်နေရခြင်း၊ ၂၄ နာရီ Operation ပြုလုပ်ရာတွင် ကန့်သတ်ချက်များရှိနေခြင်းနှင့် ပတ်ဝန်းကျင်ဆူညံသံများ အနှောင့်အယှက်ဖြစ်စေခြင်းတို့ကြောင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းအား အကောင်အထည်ဖော်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်သို့ရောက်ရှိပြီး အမျိုးသားရေအရင်းအမြစ်ကော်မတီရုံးဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ရုံးဆောက်လုပ်ရန် လျာထားသည့်မြေနေရာ၊ အဆောက်အအုံ ဒီဇိုင်းပုံစံ၊ ဘဏ္ဍာငွေရရှိမှုအခြေအနေနှင့် ကုန်ကျမည့် ခန့်မှန်းတန်ဖိုးတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို စစ်ဆေးရာ တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဧည့်ခံကြိုဆိုနေရာချထားရေး၊ လုံခြုံရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သတင်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ အခမ်းအနားအစီအစဉ်နှင့် ဆွေးနွေးရန် အချက်အလက်များ ပြုစုရေးသားရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ကြိုတင်ဆောင်ရွက်ထားမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက အာရှ-ပစိဖိတ်ရေညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်အောင်မြင်ရုံသာမက ညီလာခံမှနေ၍ မိမိတို့နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ကြဉ်းပေးကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် နှစ်စဉ်ရေနှင့်ပတ်သက်သည့် ပြဿနာများကို ရင်ဆိုင်နေရပါကြောင်း၊ နှစ်စဉ်ရင်ဆိုင်နေရသည့် ရေပြဿနာကို မိမိတို့နိုင်ငံအပြင် အခြားနိုင်ငံများနှင့်ပါ ပူးပေါင်းပြီး ဖြေရှင်းပါက ပိုမိုထိရောက်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများသည် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် World Water Forum အတွက် အာရှ-ပစိဖိတ်ဒေသ၏ ရေဆိုင်ရာစိန်ခေါ်မှုများနှင့် ဝိုင်းဝန်းအဖြေရှာမှုများကို အာရှ-ပစိဖိတ်ကိုယ်စားပြုတင်ပြခြင်းဖြင့် ရေစီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍတွင် နိုင်ငံတော်၏ပုံရိပ်နှင့် စွမ်းဆောင်ရည်မြင့်မားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည့်အပြင် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ အတွေ့အကြုံကောင်းများကို အခြေခံပြီး ရေညီလာခံအတွက် အကောင်းဆုံးလုပ်ဆောင်ပေးကြရန်နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပထမအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံကို ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ရေညီလာခံကို လက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံအတွင်း ကြုံတွေ့ရလျက်ရှိသည့် ရေကြီးခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်း၊ သဲ၊ နုန်းပို့ချခြင်း၊ ရေတိုက်စားခြင်းကြောင့် မြစ်ကမ်းပါးများပြိုပြီး လူနေအိမ်ခြေများနှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်း စသည့် ပြဿနာများကို ကမ္ဘာကသိစေပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများရရှိနိုင်ခြင်း၊ ကမ္ဘာ့အဆင့် ရေပညာရှင်များနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများပါ တက်ရောက်မည်ဖြစ်သဖြင့် နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ်ရေဖူလုံမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုများကို နိုင်ငံ့ခေါင်းဆောင်များနှင့် ဘဏ္ဍာရေးဝန်ကြီးများ ဦးဆောင်မှုဖြင့် ဒေသတွင်းအစိုးရများနှင့် လူထုအဖွဲ့အစည်းများမှ အခိုင်အမာ အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က တက်ရောက်မိန့်ခွန်းပြောကြားသည်။** (အောက်ပုံ)






ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၀၇၆၅၊ ဗိုလ်လောင်းကျော်သူရ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၂၃၂၊ ဗိုလ်လောင်းမျိုးဇော်ဦး၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၁၃၉၊ ဗိုလ်လောင်းပြည့်ဖြိုးအောင်၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၄၇၉၊ ဗိုလ်လောင်းသန်းတိုးအောင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၄၈၈၊ ဗိုလ်လောင်းသိန်းတိုးအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ကြည်း၊ရေ၊လေ)အတွက်လိုအပ်သည့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် အရာရှိကောင်းများမွေးထုတ်ပေးရန်ဆိုသည့် အမိစစ်တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ကြောင်း၊ ကျောင်းဆင်းအရာရှိများအနေဖြင့် ခေတ်အဆက်ဆက်တွင်လည်း တပ်မတော်၏တာဝန်၊ နိုင်ငံတော်၏တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့်လည်း ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့သည့် တပ်မတော်၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် အထက်က ယုံကြည်အားထားရပြီး လက်အောက်က လေးစားရသည့်၊ ပြည်သူက ယုံကြည်အားကိုးရသည့် အရာရှိကောင်း တစ်ဦးဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဆိုင်ရာများ အဆင့်တိုးမြှင့်မှု၊ စစ်စည်းကမ်းပိုင်းဆိုင်ရာများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေမှုများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများ၏ တာဝန်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မထိခိုက်ရန်၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် တိုင်းရင်းသားများ၊ နိုင်ငံသူ နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ အဆိုပါတာဝန်များကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားပြီးဖြစ်သော်လည်း ဥပဒေမဲ့ဆောင်ရွက်၍ မရသည်ကို သိရှိလိုက်နာကြရမည်ဖြစ်ကြောင်း၊ ဥပဒေ၏အထက်တွင်မည်သူမျှနေ၍မရကြောင်း၊ တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ကြသည့်အခါတွင် နိုင်ငံတော်မှထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ချိန်တွင် သတ်မှတ်ထားသည့် အမိန့်၊ စည်းမျဉ်း၊ ညွှန်ကြားချက်များအတိုင်း လိုက်နာတာဝန်ထမ်းဆောင်လျက်ရှိသဖြင့် ရခိုင်ပြည်နယ်အတွင်းဖြစ်စဉ်များတွင်လည်း တပ်မတော်အနေဖြင့် Rules of Engagement (ROE)နှင့်ပတ်သက်ပြီး စနစ်တကျ ဥပဒေနှင့်အညီသာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းစီကွင်း၌ ကျင်းပသည့် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**
ရန်ကုန်တက္ကသိုလ်ဝင်း၌ ယနေ့နံနက် ၉ နာရီမှစ၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမှ ကစားသမားများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

အဆိုပါ ပွဲတော်တွင် အားကစားပြိုင်ပွဲများအနေဖြင့် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ၊ သုံးချောင်းထောက်ပြေးပွဲများအပြင် ခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘား၊ သိုင်း၊ ကရာတေးဒိုအားကစားသရုပ်ပြပွဲများ ပါဝင်ပြသကြောင်း သိရသည်။

"ဒီပြိုင်ပွဲတွေကို ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်၊ အဓိကက ကျောင်းသား ကျောင်းသူ လူငယ်တွေကို အားကစားလုပ်ရခြင်းရဲ့ အကျိုးရဖို့အတွက်ပါ၊ ပြိုင်ပွဲတွေကို မနက် ၉ နာရီမှာတစ်ပိုင်း နေ့ခင်း ၁ နာရီမှာတစ်ပိုင်း အပိုင်းနှစ်ပိုင်းနဲ့ ကျင်းပတာပါ၊ ဆုတွေကို ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ထဲကနေ ကျခံသုံးစွဲတာပါ"ဟု ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြောသည်။

ယင်းပြိုင်ပွဲတွင် ဆုကြေးများအနေဖြင့် လွန်ဆွဲပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်း သတ်မှတ်ထားပြီး ကျန်ပြိုင်ပွဲများကို ဆုငွေ တစ်သောင်းမှ သုံးသောင်းအထိ သတ်မှတ်ထားကြောင်း သိရသည်။

"ကျောင်းမှာထဲက ထုပ်ဆီးတိုးတာ ဝါသနာပါတယ်၊ အဲဒါကြောင့် ဝင်ရောက်ယှဉ်ပြိုင်တာပါ၊ တချို့တွေက လည်း ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲကို သွားကစားကြတယ်၊ အနယ်နယ်အရပ်ရပ်က လူပေါင်းစုံအများကြီးတွေ့ရတော့ စိတ်ပျော်ရွှင်မိပါတယ်၊ ဒီပွဲတော်ဟာ ဗဟုသုတလည်းရတယ်၊ နောက်လည်း ဆက်လက်ကျင်းပစေချင်တယ်၊ နောက်နှစ် ဒီနေရာမှာ ဒီလူတွေပြန်ဆုံဖို့ ဆုတောင်းပါတယ်၊ အခုလိုလုပ်ပေးတဲ့အတွက် နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဇာကြည်အေးက ပြောသည်။

ယနေ့ကျင်းပသည့် ပွဲတော်နှင့်ပတ်သက်၍ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ကျောင်းသူ မေသော်တာက "ညီမ နည်းပညာတက္ကသိုလ်(မှော်ဘီ)ကင်းထောက်အဖွဲ့ကပါ၊ ကျောင်းက ကြက်ခြေနီတွေနဲ့အတူ Volunteer လာလုပ်တဲ့သဘောပါ၊ အခုလိုပွဲတော်လုပ်တာ အလွန်ကောင်းပါတယ်၊ လူငယ်တွေအတွက် ကာယရော ဉာဏရော ဖွံ့ဖြိုးစေပါတယ်၊ ဒီခေတ်မှာ ဘွဲ့ရပေမယ့် အလုပ်ရှာရခက်တယ်လေ၊ ဒီပွဲမှာ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်တဲ့ ပြခန်းများပါဝင်တဲ့အတွက်လည်း ကောင်းပါတယ်၊ အခုလို အားကစားပွဲတော်တွေကို လုပ်တဲ့အတွက် မြန်မာ့ရိုးရာအားကစားနည်းတွေလည်း မတိမ်မြုပ်တော့ဘူး၊ လူငယ်တွေတော်တော်များများက မိုဘိုင်းဂိမ်းမှာပဲ အာရုံစိုက်ကြတာများတယ်၊ အဲဒါကြောင့် ဒီလိုပွဲမျိုးလေးတွေ များများလုပ်ပေးစေချင်ပါတယ်"ဟု ပြောသည်။


**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ကရာတေးဒိုသရုပ်ပြကစားနေစဉ်။**

ယနေ့ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်သော အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင်လည်း ပြိုင်ပွဲများအလိုက် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-အေးမင်းသူ**

# ရန်ကုန်တက္ကသိုလ်ကို လူငယ်တွေရဲ့ လှုပ်ရှားမှုနဲ့ အမြဲတမ်း လှုပ်ရှား အသက်ဝင် နေစေချင်ပါတယ်

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ- လှမိုး

**ယနေ့စတင်ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အနုပညာလိုက်စားလူငယ်များခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် လူငယ်ဒါရိုက်တာအောင်မြတ်နှင့် စာရေးဆရာမ ပုညခင်တို့၏ ဆွေးနွေးပွဲကျင်းပရာ ရန်ကုန်တက္ကသိုလ် RC ခန်းမတွင် လူငယ်များ စိတ်ပါဝင်စားစွာ နားဆင်ပါဝင်ဆွေးနွေးလျက်ရှိကြသည်။ သစ်ပုပ်ပင်အနီးရှိ ရှားပါးစာအုပ်များ ခင်းကျင်းပြသရာနေရာနှင့် ထင်ရှားသောစာရေးဆရာကြီးများ၏ ဓာတ်ပုံများ ခင်းကျင်းပြသရာနေရာတို့တွင်လည်း လူငယ်များက အများအပြား၊ ဝိဇ္ဇာခန်းမရှေ့ရှိ တိုင်းရင်းသားအမျိုးသား၊ အမျိုးသမီးရုပ်တုများတွင်လည်း အမှတ်တရဓာတ်ပုံရိုက်နေကြသူများက မနည်းလှ၊ စီးပွားရေးတက္ကသိုလ်ရှေ့ရှိ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများနှင့် အဓိပတိလမ်းတစ်လျှောက် အသိပညာပေးပြခန်းများတွင်လည်း လူငယ်များအုန်းအုန်းကျွက်ကျွက်နှင့် စည်ကားလျက်ရှိသည်။ သို့နှင့် မြန်မာ့သတင်းစဉ်က အဆိုပါကဏ္ဍများမှ သက်ဆိုင်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။**


စာရေးဆရာမ ပုညခင်


လူငယ်ဒါရိုက်တာအောင်မြတ်


ဒေါ်အေးအေးလွင်


ဦးကျော်ခိုင်ဝင်း


ဦးကျော်ရှင်နောင်

**စာရေးဆရာမ ပုညခင် (အနုပညာလိုက်စားလူငယ်များခေါင်းစဉ်ဖြင့် ဆွေးနွေးသူ)**

Talk Show ဆွေးနွေးပွဲလေးပါ၊ လူငယ်တွေဟာ ကျောင်းစာသင်ရင်းနဲ့ သူတို့မှာ အနုပညာစိတ်ဖြစ်ပေါ်လာမှု ဘယ်လိုမျိုး အခက်အခဲတွေရှိလဲ၊ သူတို့ပတ်ဝန်းကျင်က သူတို့ရဲ့ အနုပညာစိတ်ဖြစ်လာအောင် ကူညီပံ့ပိုးမှုရှိရဲ့လား၊ ပြီးတော့ ဒီနယ်ပယ်မှာ ရောက်နေရင် လူငယ်တွေ ကျောင်းတက်ရင်းနဲ့ အနုပညာစိတ် ဘယ်လိုမျိုးဖြစ်လာအောင် လုပ်ပေးလဲ၊ ဘယ်လိုလှုံ့ဆော်ပေးလဲ၊ အနုပညာရှင်တစ်ယောက်အနေနဲ့ အခက်အခဲတွေကို ရုန်းကန်ရာမှာ ဘယ်လိုစိတ်ဓာတ်ခွန်အားတွေနဲ့ ကျော်လွှားခဲ့ရသလဲဆိုတဲ့ အတွေ့အကြုံတွေကို ပြန်ပြောပြမှာ ဖြစ်ပါတယ်၊ လူငယ်တွေရဲ့အသံကို အပြန်အလှန်ကြားချင်တာပါ၊ အခုရောက်လာတဲ့ ပရိသတ်တွေထဲကလည်း သူတို့ရဲ့ အခက်အခဲကို တိုင်ပင်၊ မေးမြန်းဆွေးနွေးနိုင်ပါတယ်၊ ကျွန်မတို့ကလည်း ဖြေပေးပါမယ်၊ လူငယ်တွေရဲ့ အခက်အခဲကို သက်ဆိုင်ရာလူကြီးတွေသိပြီး ဖြည့်ဆည်းပေးနိုင်ဖို့အတွက် မျှော်လင့်ပါတယ်၊ ဒီလိုလူအများနဲ့ စည်ကားတာတွေ့ရတဲ့အတွက်လည်း ရန်ကုန်တက္ကသိုလ်က ပိုပြီး အသက်ဝင်လာတယ်လို့ မြင်ပါတယ်၊ ရန်ကုန်တက္ကသိုလ်ကို လူငယ်တွေရဲ့လှုပ်ရှားမှုနဲ့ အမြဲတမ်းလှုပ်ရှားအသက်ဝင် နေစေချင်ပါတယ်၊ ဒီလိုပွဲလုပ်ပေးခြင်းအားဖြင့် ရန်ကုန်တက္ကသိုလ်ကို လှုပစိုပြည်လှုပ်ရှားစေမယ့် ပွဲတစ်ခုလို့မြင်ပါတယ်၊ ပွဲပြီးသွားရင် ဒီပွဲကနေ တက္ကသိုလ်အတွက် ၊လူငယ်တွေအတွက် ရလဒ်တစ်ခုခုကျန်ခဲ့တာမျိုးဖြစ်စေချင်ပါတယ်။

**လူငယ်ဒါရိုက်တာအောင်မြတ် (အနုပညာလိုက်စား လူငယ်များခေါင်းစဉ်ဖြင့် ဆွေးနွေးသူ)**

အဓိကက လူငယ်တစ်ယောက်အနေနဲ့ အနုပညာအပေါ် ခံယူချက်၊ အနုပညာကလူငယ်တွေနဲ့ ဘယ်လောက်အထိ ထိစပ်မှုရှိပြီး အရေးပါသလဲဒါကို စာရေးဆရာမ ပုညခင်ရဲ့ ဖိတ်ကြားချက်နဲ့ လာရောက်ဆွေးနွေးတာဖြစ်ပါတယ်၊ အနုပညာဆိုတာ အသက်အရွယ်ပိုင်းခြားတဲ့ တစ်ခုမဟုတ်ပါဘူး၊ နိုင်ငံတကာရဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်၊ အနုပညာဆိုတဲ့ ဘာသာရပ်က ဘယ်သူမဆို နားလည်ခံစားလို့ရတယ်၊ အနုပညာကို လူကြီးတွေတင် မကပါဘူး၊ လူငယ်တွေပါ ပါဝင်ပတ်သက်ပြီး ဆင်နွှဲလို့ရတယ်ဆိုတာ ဖော်ပြခွင့်ရတယ်ဆိုတဲ့အတွက် ဒီလိုပွဲမျိုးစီစဉ်တာ အတော့်ကိုအကျိုးရှိပါတယ်၊ ကျွန်တော်လည်း လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် လူငယ်တွေ အရင်ကထက် အခွင့်အရေးတွေ ပိုပြီးရှိလာတယ်၊ ဒီလိုအကျိုးကျေးဇူးတွေကိုအသုံးချပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို လက်ဆင့်ကမ်းပြီး ထမ်းဆောင်နိုင်အောင်လို့ တာဝန်ရှိပါတယ်၊ တာဝန်ယူရမယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ဒေါ်အေးအေးလွင် (ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန (ရန်ကုန်))**
**မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်တည်ထောင်ရေးစခန်းပြခန်း**

မူးယစ်ဆေးဝါးတွေ လူငယ်ထုအတွင်းမှာ ပျံ့နှံ့နေတဲ့အတွက် လူငယ်တွေ မူးယစ်ဆေးစွဲရင် တချို့က ဆေးဘယ်လိုကုရမယ်ဆိုတာ မသိကြဘူး၊ ဆေးစွဲနေရင် ကုသလို့ရတယ်၊ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံမှာ နှစ်ပတ်လောက်ကုသရင် ပျောက်ကင်းနိုင်ပါတယ်၊ ဆေးကုသပြီးရင်တော့ နောက်ထပ်မူးယစ်ဆေး ပြန်လည်တောင့်တမှုတွေကို ချေဖျက်ဖို့အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုတွေ လုပ်ပေးပါတယ်၊ အရင်တုန်းကတော့ နေရာအခက်အခဲကြောင့် သင်တန်းသားလက်ခံနိုင်ခြင်းမရှိပါဘူး၊ အခုသင်တန်းသားတွေလက်ခံဖို့ ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်၊ ဒီစခန်းကနေ အသက်မွေးဝမ်းကျောင်း ပညာတွေ သင်ပေးမှာဖြစ်ပါတယ်၊ ဒါကြောင့် လူငယ်တွေအတွက် သတင်းပေးချင်လို့ ဒီပြခန်းကို ပါဝင်ပြသရခြင်းဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း (စာပေဗိမာန်၊ စာကြည့်တိုက်မှူး)**
**ရှားပါးစာအုပ်များခင်းကျင်းပြသရေးပြခန်း**

ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်က ဒီပြခန်းကို ပါဝင်ပြသတာဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်က အပြင်မှာရှာလို့မရနိုင်တဲ့ ရှားပါးစာအုပ်တွေကို ပြည်သူတွေကို ကြည့်ရှုနိုင်ဖို့ ခင်းကျင်းပြသထားပါတယ်၊စာပေဗိမာန်က ဦးစီးထုတ်ဝေထားတဲ့ ဦးနုလက်ထက်က စာအုပ်တွေ၊ နှစ်ပေါင်းငါးဆယ်ကျော်က လူမှုရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ သိပ္ပံရေးရာတွေအပြင် ၁၉၅၂ ခုနှစ် ၁၉၅၉ ခုနှစ်အထိ စာပေဗိမာန်မှ ထုတ်ဝေခဲ့တဲ့ စာပေဗိမာန် မဂ္ဂဇင်း၊ စာပေဗိမာန် စွယ်စုံကျမ်း၊ ပြည်သူ့လက်စွဲစာစဉ်တွေကိုလည်း ပြသထားပါတယ်၊ ဒီစာအုပ်တွေကို ပြည်သူတွေ ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူနိုင်ဖို့ကိုလည်း စီစဉ်ထားပါတယ်၊ ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့ ဆိုတဲ့အတိုင်း လူငယ်တွေ ဒီပြခန်းကို လာရောက်လေ့လာပါ၊ စာပေတွေကို ဖတ်ကြည့်ပါ၊ ဘဝအတွက် အထောက်အကူဖြစ်မှာပါလို့ ပြောချင်ပါတယ်။

**ဦးကျော်ရှင်နောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်(ရန်ကုန်))**

ဒီပြခန်းက သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဝတ်စားဆင်ယင်မှု၊ ရိုးရာတူရိယာတွေ၊ ရိုးရာအစားအစာတွေ၊ တိုင်းရင်းသား ရှစ်မျိုးတို့ရဲ့ ဝတ်စုံတွေနဲ့ ရုပ်တုတွေ၊ တူရိယာတွေနဲ့ ခင်းကျင်းပြသထားတဲ့ ပြခန်းဖြစ်ပါတယ်၊ ဝိဇ္ဇာဆောင်ရဲ့ မြက်ခင်းပြင်မှာ တိုင်းရင်းသား ရှစ်မျိုးတို့ရဲ့ ဝတ်စုံရုပ်တုတွေနဲ့ ဓာတ်ပုံရိုက်နိုင်အောင် စီစဉ်ထားပါတယ်၊ ဒီပြခန်းက ယဉ်ကျေးမှုဆိုင်ရာ၊ အမွေအနှစ်ဆိုင်ရာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကို လူငယ်တွေ လေ့လာနိုင်မှာ ဖြစ်ပါတယ်၊ ဒီပွဲတော်လိုမျိုး တစ်နှစ်တစ်ခါ ပုံမှန်ကျင်းပဖြစ်ရင် လူငယ်တွေ အဖွဲ့အစည်းနဲ့ ပူးပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်တွေရလာပြီး စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ်လေးတွေ ပေါ်လာမယ်လို့ မြင်ပါတယ်။

**ဦးသန်းစိုး (အယ်ဒီတာချုပ်၊ အခွင့်အလမ်းဂျာနယ်)**
**အလုပ်အကိုင်အခွင့်အလမ်းပြခန်း**

ဒီပွဲတော်မှာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ထည့်ချင်တဲ့အတွက် ကုမ္ပဏီတွေကို ဖိတ်ပြီး ပါဝင်တာဖြစ်ပါတယ်။ အလုပ်ရှာနေတဲ့ လူငယ်တွေ၊ ကျောင်းတက်နေတဲ့ လူငယ်တွေအတွက် ဘယ်လိုအလုပ်တွေခေါ်တတ်သလဲ၊ အလုပ်ခေါ်တတ်တဲ့ ကုမ္ပဏီတွေက ဘာတွေလဲဆိုတာ အသိပညာရစေချင်တဲ့အတွက် ကုမ္ပဏီ ၃၂ ခုနဲ့ ချိတ်ဆက်ပြီး ပါဝင်ပြသတာဖြစ်ပါတယ်၊ ဒီပွဲကို လာရောက်ကြည့်ရှုရင် လုပ်ငန်းခွင်ဝင်ဖို့ ဘာတွေပြင်ဆင်ရမယ်ဆိုတာ လူငယ်တွေ သိသွားမယ်၊ နားလည်သွားမယ်၊ လူငယ်ဆိုတာ တစ်ချိန်မှာ လူကြီးဖြစ်သွားမယ့် သူတွေဖြစ်ပါတယ်၊ ဒီပြခန်းတွေကို ကြည့်ခြင်းအားဖြင့် လူငယ်တွေကို တစ်ခုခုရသွားစေချင်တာပါ။

**ဦးသိမ်းစိုး( သိမ်းစိုး- သီဟရတနာ)**
**ထင်ရှားသောစာရေးဆရာကြီးများ၏ ဓာတ်ပုံများပြခန်း**

အဓိကကလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ လူငယ်တွေ လာရောက်ကြည့်ရှုကြမှာ ဖြစ်တဲ့အတွက် လူငယ်တွေကို ရှေးခေတ် စာရေးဆရာ ဆရာမကြီးတွေ မြင်ဖူး၊ တွေ့ဖူးပြီး ဗဟုသုတရသွားစေချင်တာပါ၊ ၁၈၈၀ ပြည့်နှစ်နောက်ပိုင်းမှ ယနေ့အထိ စာရေးဆရာကြီး ဆရာမကြီးများ ဓာတ်ပုံတွေပါဝင်ပြသထားတယ်၊ ဒီပြခန်းကို လာရောက် ကြည့်ရှုခြင်းအားဖြင့် ကျွန်တော်တို့တိုင်းပြည်မှာ စာပေနဲ့ပတ်သက်ပြီး စာရေးဆရာတွေ ဘယ်လောက်ပေါ်ထွန်းခဲ့သလဲ စာကောင်းပေမွန်တွေ အများကြီးပေါ်ထွက်ခဲ့တယ်ဆိုတဲ့ သမိုင်းကြောင်းကိုလူငယ်တွေ သိစေချင်တာပါ။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ပထမနေ့ ပြခန်းများတွင် ပွဲတော်လာသူများဖြင့် စည်ကား

ဓာတ်ပုံ
သတင်းစဉ်၊ ကြေးမုံ



အိုင်တီနှင့် သိပ္ပံနည်းပညာဆိုင်ရာလှုပ်ရှားမှုပြခန်း။



ပညာရေးဝန်ကြီးဌာန ပြခန်း။



ပြန်ကြားရေးဝန်ကြီးဌာန ဂီတဖျော်ဖြေပွဲ။



သစ်ပုပ်ပင်နှင့်အတူ။



ကျန်းမာရေးအတွက် ခေါင်းအုံးရိုက်ကြမယ်။



စာအုပ်စာပေ ရှာဖွေရွေးဝယ်။

## ပြည်တွင်းရေးရာ



○ **ကျောဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူငယ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(ယာပုံ)**

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် သက်တမ်း နှစ်ပေါင်းရာနှင့်ချီတော့မည့် မိမိတို့ အမိတက္ကသိုလ်ကြီး၏ ရိပ်မြုံကြီးထဲတွင် ယခုကဲ့သို့ လူငယ် လူရွယ်များကို စုံစုံညီညီ တွေ့ရသည့်အတွက် အလွန်ပင် အားရကျေနပ်မိပါကြောင်း။

ဤအမိတက္ကသိုလ်ကြီးက မိမိတို့ မိဘများ၊ ဆရာသမားများကို ပညာသင်ပေးခဲ့သလို ဤအမိတက္ကသိုလ်ကြီးက မျိုးချစ်လူငယ်များကို နိုင်ငံနှင့် လူမျိုးအတွက် အမျိုးသားစိတ်ဓာတ်များ သန္ဓေတည်ပေးခဲ့ပါကြောင်း၊ ဤအမိတက္ကသိုလ်ကြီးက ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံ့ခေါင်းဆောင်များ၊ မျိုးချစ်အာဇာနည်များ မွေးဖွားပေးခဲ့ပါကြောင်း၊ ဤအမိတက္ကသိုလ်ကြီးက မိမိတို့ လူငယ်များကို ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ၊ အနုပညာဖန်တီးမှုများ သင်ကြားပေးခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုရလျှင် ဤအမိတက္ကသိုလ်ကြီးက မိမိတို့၏ ခေတ်သမိုင်းအဆက်ဆက်၊ လွတ်လပ်ရေးသမိုင်း အဆက်ဆက်ကို တာဝန်ကျေကျေ လက်ဆင့်ကမ်းသယ်ပိုးပေးခဲ့သည့် မိမိတို့အားလုံး၏ ဘူမိနက်သန်နေရာတစ်ခုဟုဆိုရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အမျိုးသားရေး သမိုင်းကြောင်းအဆက်ဆက် ပုံဖော်ဖန်တီးပေးခဲ့သည့် အမိတက္ကသိုလ်ကြီးထဲတွင် မိမိတို့နိုင်ငံ၏ လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီး တစ်ရပ် ကျင်းပပေးခဲ့သည့်အတွက် တာဝန်ရှိသူ အဖွဲ့အစည်းအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း၊ လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေပေးနိုင်ရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် မြှင့်တင်ပေးနိုင်ရန် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်များ၏ အတွေးအမြင်ကောင်းများ၊ အရည်အသွေးကောင်းများနှင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဤလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လူဦးရေ၏ ၃၃ ဒသမ ၈ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြားရှိသည့် လူငယ်များပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်လျှင် နိုင်ငံတိုင်းလိုလိုသည် မိမိတို့၏ အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟု ခေါ်သည့် သိရသည့်အတွက် အလွန်စည်းကားသိုက်မြိုက်ခဲ့သည့် အမိတက္ကသိုလ်ကြီး၏ တက်ကြွလန်းဆန်းသည့် ပတ်ဝန်းကျင်နှင့် သစ်လွင်လှပသည့် နိမိတ်ပုံများကို ပြန်လည်တွေ့မြင်ခံစားရမှာ ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်၏ အနာဂတ်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်သာယာလှပအောင် လူငယ်များ၏ စွမ်းပကားကို မြှင့်တင်ပေးကြရမှာဖြစ်ပါကြောင်း၊ လူငယ်များ၏ စွမ်းပကားကို မြှင့်တင်ပေးရန်အတွက်ဆိုလျှင် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်ပေးရုံဖြင့် မလုံလောက်ဘဲ လူမှုအဖွဲ့အစည်း



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတကာအဆင့်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဖွင့်ပွဲတွင် သရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

လူမှုအရင်းအနှီးများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းအနှီးများ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြရာတွင် မျိုးဆက်သစ်လူငယ်များကို ပိုမိုပျိုးထောင်လာခဲ့ကြသည်ကို တွေ့မြင်ကြရမှာဖြစ်ပါကြောင်း။

ယနေ့ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် အလွန်တန်ဖိုးရှိလှသည့် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ပြောရမှာဖြစ်ပါကြောင်း။

ဤပွဲတော်ကြီးတွင် စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ဆန်းသစ်တီထွင်မှုဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်မှာဖြစ်၍ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ၊ မိဘဆရာများ၊ စာပေဝါသနာရှင်များ၊ အနုပညာရှင်များ၊ IT ပညာရှင်များ အားလုံး ပျော်ရွှင်တက်ကြွစွာ ဆင်နွှဲပေးကြပါရန် တိုက်တွန်းလိုပါကြောင်း။

ထို့အပြင် ပွဲတော်ကြီးတွင် စကားဝိုင်းဆွေးနွေးပွဲများ၊ ကဗျာရွတ်ပွဲများ၊ စာအုပ်ဈေးခင်းများ၊ ပြပွဲပြခန်းများ ပါဝင်မည်ဟု အသီးသီး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူအသီးသီးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ပေးကြခြင်းသည် အနာဂတ်နိုင်ငံတော်၏ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးခြင်းဖြစ်ပါကြောင်း၊ ယခုပွဲတော်ကြီးကို တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးနှင့် မိဘပြည်သူများ၊ လူငယ်လူရွယ်များအားလုံးက ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်နှင့်ပတ်သက်၍

**စာမျက်နှာ ၉ သို့** ❖

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးမည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခများ၏ စကားသံများ

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်၌ ဒီဇင်ဘာ ၁ ရက်မှစ၍ ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပွဲတော်ကာလ သုံးရက်အတွင်း စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများပါဝင်မည်ဖြစ်ပြီး စာအုပ်ဈေးရောင်းပွဲတော်များ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။**

ထို့ပြင် ရန်ကုန်တက္ကသိုလ်ဘာသာရပ်ဌာန ၂၁ ခုမှ ပြခန်းများပါဝင်မည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြခန်းအသီးသီးတွင် ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများကို မြန်မာ့သတင်းစဉ်က ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာနီဝင်းဇော်(ပါမောက္ခ/ဌာနမှူး၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက ဘွဲ့ကြိုတန်းကနေ ပါရဂူတန်းတွေအထိ သင်ကြားပို့ချနေပါတယ်၊ စာကြည့်တိုက်တွေမှာ စာအုပ်တွေကို ဘယ်လိုစီမံခန့်ခွဲမယ်၊ အခုအီလက်ထရွန်နစ်ခေတ်ဖြစ်လာတဲ့အတွက် e Resources တွေကို ဘယ်လိုစီမံခန့်ခွဲမယ်၊ ဒစ်ဂျစ်တယ် Library တွေ ဘယ်လိုတည်ထောင်မယ် စသဖြင့် စာကြည့်တိုက်နဲ့ သတင်းအချက်အလက် စီမံခန့်ခွဲတဲ့ပညာကို သင်ကြားပို့ချနေတာဖြစ်ပါတယ်၊ ထူးချွန်ကျောင်းသားတွေက အင်္ဂလိပ်စာရမှတ် ၆၀ နဲ့ စုစုပေါင်းရမှတ် ၃၈၀ ရရင် ပထမနှစ်သင်တန်းကို တက်ရောက်လို့ ရပါတယ်၊ ဒီပလိုမာကတော့ ဘွဲ့လွန်သင်တန်းဖြစ်တဲ့အတွက် ဘွဲ့တစ်ခုရပြီးရေးဖြေ၊ နှုတ်ဖြေဝင်ခွင့်စာမေးပွဲဖြေဆိုရပါတယ်၊ အောင်မြင်ရင် ဒီပလိုမာ သင်တန်းတက်ခွင့်ရပါတယ်၊ အခုကတော့ စာကြည့်တိုက်နဲ့ သုတပညာ ဘာသာရပ်က တော်တော်လေးခေတ်စားလာပါတယ်၊ စာကြည့်တိုက်တွေလည်း ဖွံ့ဖြိုးလာတယ်၊ ဒစ်ဂျစ်တယ် Library ခေတ်ကို ဦးတည်နေတဲ့အတွက် စီမံခန့်ခွဲတတ်အောင်သင်ကြားနေပါတယ်၊ ဒီဘာသာရပ်ကို လူငယ်တွေ စိတ်ဝင်တစားလေ့လာကြစေချင်ပါတယ်၊ ဒီဘာသာရပ်ကို သိသွားပြီဆိုရင် ဘယ်ဘာသာရပ်ကိုမဆို သင်ကြားဖို့လွယ်ကူမယ်လို့ ထင်ပါတယ်။

**ဒေါက်တာနီလာကြူ (ပါမောက္ခ/ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက စိတ်ပညာကျောင်းသားတွေကို ဘွဲ့ကြို၊ ဘွဲ့လွန်၊ မဟာတန်း၊ ပါရဂူဘွဲ့တွေနဲ့ ဒီပလိုမာသင်တန်းတွေလည်း ပေးနေပါတယ်၊ ကျောင်းဝင်ခွင့်ရချင်တယ်ဆိုရင် စုစုပေါင်းရမှတ် ၃၈၀ နဲ့ အင်္ဂလိပ်စာအမှတ် ၆၅ မှတ်ရှိရမှာ ဖြစ်ပါတယ်၊ ကျွန်မတို့က ကျောင်းသားတွေကို စာသင်ကြားပေးတဲ့အပြင် လက်တွေ့ရအောင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနဝင်းထဲမှာ ဆိုက်ကိုလော်ဂျီ Clinic တစ်ခုကို ဖွင့်ပေးထားပါတယ်၊ ရည်ရွယ်ချက်က ကျောင်းသားတွေက Anger၊ Anxiously၊ Depression လို ဖြစ်နေသူတွေကို ကောင့်ဆဲလ်လင်းလုပ်ပေးပါတယ်၊ နောက်ပြီး ကျောင်းသားတွေ ကျောင်းဝင်ခွင့်အတွက် IQ၊ EQ Test တွေကို စစ်ဆေးပေးပါတယ်၊ ရေရှည်မှာ ဦးတည်ထားတာက သိပ်ပြီးမပြင်းထန်တဲ့ စိတ်ပိုင်းဆိုင်ရာ Stress၊ Depression တွေရှိတယ်ဆိုရင် စိတ်ကျန်းမာရေး ဆေးရုံ၊ ဆေးခန်းတွေသွားဖို့ ဝေးတယ် အခက်အခဲရှိတယ်ဆိုရင် အခမဲ့ကောင့်ဆဲလ်လင်းလုပ်ပေးပါတယ်၊ ကျောင်းသားတွေအတွက်က Clinical Physiologlst တစ်ယောက် Professional ဖြစ်ဖို့ဆိုရင် ဆရာဝန်တွေ ဆေးရုံမှာ House ဆင်းရသလိုပဲ လက်တွေ့ဆင်းရပါတယ်၊ အခုလို ဖွင့်လိုက်တဲ့အတွက် လူနာရှိတော့ ကလေးတွေလည်း လက်တွေ့ဆင်းလို့ရအောင် ဆိုက်ကိုလော်ဂျီ Clinic တစ်ခုစဖွင့်ပေးနေပါတယ်၊ ကျောင်းသားကို ဦးတည်တယ်ဆိုပေမယ့် ဘယ်သူမဆို ပြဿနာရှိလို့ လာဆွေးနွေးချင်တယ်ဆိုရင် အခမဲ့ကောင့်ဆဲလင်းလုပ်ပေးပါတယ်၊ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ဆိုက်ကိုလော်ဂျီရဲ့ နယ်ပယ်က ကျယ်ပြန့်ပါတယ်၊ စိတ်ပညာဆိုတာ လူတွေအကြောင်းကိုလေ့လာပြီး ဘဝတွေကို ပိုမြှင့်တင်ပေးဖို့ ဖြစ်ပါတယ်၊ ကျောင်းသားဆိုရင်လည်း ပညာရေးမှာ ပိုထူးချွန်အောင်၊ ဝန်ထမ်းဆိုရင်လည်း ပျော်ရွှင်တဲ့ ဝန်ထမ်းဖြစ်အောင်၊ နေ့စဉ်ဘဝဆိုရင်လည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ အသက်ရှည်ရှည်နေနိုင်ဖို့ ကျွန်မတို့ စိတ်ပညာက သုတေသနတွေလုပ်နေပါတယ်၊ လူတွေက သူတို့ရဲ့ ပြဿနာတွေကို ကျွမ်းကျင်တဲ့ Physiologist တစ်ယောက်ဆီမှာ ပြောပြမယ်ဆိုရင် သူ့ရဲ့အကူအညီနဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်တဲ့ နည်းလမ်းကို အမြန်ဆုံးရနိုင်တဲ့အတွက် အခြားနိုင်ငံတွေမှာတော့ အနုပညာရှင်တွေ၊ နာမည်ကျော်ကြားသူတွေ၊ စီးပွားရေးပညာရှင်တွေကတော့ စိတ်ပင်ပန်းလာပြီ၊ စိတ်ဓာတ်ကျလာပြီဆိုရင် ကောင့်ဆဲလ်လင်းလုပ်လိုက်တဲ့အတွက် ဆိုးဆိုးရွားရွားမဖြစ်တော့ဘူး၊ ကျွန်မတို့ နိုင်ငံမှာတော့ အခုမှစနေပါသေးတယ်၊ အဲဒီလို လုပ်ပေးနိုင်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်သတ်သေတာ၊ စိတ်ကျန်းမာရေးဆေးရုံ ရောက်သွားတာ၊ စိတ်ဖိစီးမှုကို နည်းလမ်းမမှန်ဘဲ ဖြေရှင်းတဲ့အရက်စွဲတာ၊ ဆေးစွဲတာမျိုးတွေ မဖြစ်တော့ပါဘူး၊ ဒီလိုအသက်မွေးဝမ်းကျောင်း ပညာရှင်မျိုးတွေကို ကျွန်မတို့ မွေးထုတ်ပေးနေပါတယ်။


ဒေါက်တာနီဝင်းဇော်


ဒေါက်တာနီလာကြူ


ဒေါက်တာပိုးပိုး


ဒေါက်တာနီနီသန်း

**ဒေါက်တာပိုးပိုး (ပါမောက္ခ/ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)**

အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး B.A (Eng) အတွက် ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ သင်တန်းတွေနဲ့ ဘွဲ့လွန်အင်္ဂလိပ်စာ ဒီပလိုမာသင်တန်း၊ အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်းတွေလည်း ဖွင့်နေပါတယ်၊ မဟာတန်းတွေ၊ ပါရဂူတန်းတွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်၊ အင်္ဂလိပ်မေဂျာကို ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ဖို့ဆိုရင် အင်္ဂလိပ်စာဂုဏ်ထူးထွက်ရပါမယ်၊ ရမှတ်စုစုပေါင်းက ၄၅၀ ကျော်ရရှိရပါမယ်၊ အများစုကတော့ အင်္ဂလိပ်စာကို စိတ်ဝင်စားသူတွေ လာတက်ကြတာ များပါတယ်၊ ကျွန်မတို့ဌာနက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်အနေနဲ့ ဒီပလိုမာသင်တန်းကိုလည်း သင်ကြားပေးပါတယ်၊ ဘွဲ့ရပြီးတဲ့ ဘယ်သူမဆိုတက်ရောက်လို့ရပါတယ်၊ အင်္ဂလိပ်စာကတော့ အများသိတဲ့အတိုင်းပါပဲ၊ ဘွဲ့ရသွားပြီးတဲ့အခါ နယ်ပယ်အသီးသီးကို ဝင်ရောက်လို့ ရပါတယ်၊ ဒါ့အပြင် အခုခေတ်မှာ စကားပြန်၊ ဘာသာပြန်တွေကလည်း လိုအပ်လာတော့ အဲဒီလို လုပ်ငန်းတွေမှာ ဝင်ရောက်နေတာတွေရှိသလို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ်လုပ်ငန်း၊ ပုဂ္ဂလိကကုမ္ပဏီတွေ၊ NGO တွေမှာ ဝင်ရောက်နေတာတွေလည်းရှိပါတယ်၊ အလုပ်အကိုင်အခွင့်အလမ်းကတော့ အများကြီးရှိပါတယ်၊ အခုခေတ်မှာ အင်္ဂလိပ်စာလေ့လာသင်ကြားဖို့အတွက်က အများကြီးလိုအပ်လာပြီ၊ တိုင်းပြည်ကလည်း အပြည်ပြည်ဆိုင်ရာနဲ့ ဆက်သွယ်လာတဲ့အတွက် အင်္ဂလိပ်ဘာသာကအရေးကြီးနေပါပြီ၊ လေ့လာဖို့နည်းလမ်းတွေလည်း အများကြီးရှိလာပြီ၊ အခွင့်အလမ်းတွေလည်း များလာပါပြီ၊ တိုင်းပြည်ရဲ့ အနာဂတ်က ယနေ့ခေတ်လူငယ်တွေရဲ့ လက်ထဲမှာပဲရှိတဲ့အတွက် ယနေ့ခေတ်လူငယ်တွေက အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်၊ ဆိုနိုင်မယ်ဆိုရင် မိမိတို့နိုင်ငံကလည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်လာမှာဖြစ်ပါတယ်။

**ဒေါက်တာနီနီသန်း (ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနမှာ ပထမနှစ်ကနေ ပါရဂူဘွဲ့အထိဆိုရင် ကျောင်းသား ၄၀၀ လောက်ရှိပါတယ်၊ အခုနှစ်ကတော့ ဓာတုဗေဒဘာသာရပ်ဂုဏ်ထူးထွက်ရင် စုစုပေါင်းအမှတ် ၄၀၀ ရရင် လက်ခံပါတယ်၊ လူသားတွေ စားဝတ်နေရေးနဲ့ ပတ်သက်ရင် ဓာတုဗေဒနဲ့ လွတ်ကင်းတာမရှိပါဘူး၊ ဓာတုဗေဒဘာသာရပ်က လူသားတွေအားလုံးနဲ့သက်ဆိုင်တဲ့ ဘာသာရပ်ဖြစ်တဲ့အပြင် လူတွေ၊ တိရစ္ဆာန်တွေ၊ အရာဝတ္ထုတွေအကုန်လုံးရဲ့ Structure တွေ၊ Reaction တွေ၊ Properties တွေကို လေ့လာတဲ့ဘာသာရပ် ဖြစ်ပါတယ်၊ ကျောင်းသားကျောင်းသူတွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းအများကြီးရှိပါတယ်၊ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီတွေ၊ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့နေရာတွေမှာ အလုပ်ဝင်လို့ရပါတယ်၊ ဓာတုဗေဒဘာသာရပ်က လူသားအားလုံးရဲ့ စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူ တော်တော်များများလည်း စိတ်ဝင်စားတာတွေ့ရပါတယ်၊ လူသားတွေအတွက် အရေးကြီးတဲ့ ဘာသာရပ်ကို လေ့လာမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်း၊ သုတေသန၊ နိုင်ငံခြားပညာသင်ဖို့အတွက်ရော အခွင့်အလမ်းတွေ အများကြီးရှိပါတယ်၊ လာရောက်လေ့လာဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါက်တာအေးမိစံ (ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက B.Sc (Zoology)၊B.Sc(Hons)၊ ဂုဏ်ထူးတန်း၊ မဟာတန်းနဲ့ ပါရဂူဘွဲ့တွေအထိ ပေးနေပါတယ်၊ သုတေသနတွေအနေနဲ့ အများကြီးဆောင်ရွက်နေသလို ကျောရိုးရှိပိုင်းမှာဆိုရင် ငါးနဲ့ ပတ်သက်တဲ့ သုတေသနတွေကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်၊ နောက်ပြီး အရီဇိုးနား တက္ကသိုလ်နဲ့ချိတ်ဆက်ပြီး Aquatic Bio Science Lab တစ်ခုကို တည်ထောင်ပြီးဖြစ်ပါတယ်။ အဲဒီက သုတေသနတွေအများကြီးလည်း ထုတ်ပေးနေပါတယ်၊ ဒါ့အပြင် ပိုပြီးအဆင့်မြင့်တဲ့ ဓာတ်ခွဲခန်းတစ်ခုကိုလည်း တည်ထောင်ပြီး သုတေသနတွေလည်း အများကြီး လုပ်ဆောင်နေပါတယ်၊ ဂျပန်အပါအဝင် အာရှနိုင်ငံတွေ၊ နော်ဝေနိုင်ငံနဲ့လည်း ချိတ်ဆက်ပြီး Student Exchange၊ Staff Exchange တွေအပြင် သုတေသနနဲ့ပတ်သက်ပြီးတော့လည်း အများကြီး ပူးပေါင်းဆောင်ရွက်နေပါတယ်၊ မကြာခင်ကာလမှာ ကျွန်မတို့တက္ကသိုလ်အနေနဲ့ နောက်ထပ် B.Sc (Fishery)ဆိုတဲ့ ဘွဲ့ကိုပေးဖို့ ပြင်ဆင်နေပါပြီ၊ (Fishery) သားငါးကဏ္ဍဟာ နိုင်ငံစီးပွားရေးအတွက်လည်း အရေးပါပါတယ်၊ အဲဒီကဏ္ဍကိုအဆင့်မြှင့်တင်ဖို့အတွက် ဆောင်ရွက်နေပါပြီ၊ လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်အောင် ကြိုးစားနေပါတယ်၊ Bio Capacity ဆိုတာ ကမ္ဘာလောကကြီးမှာ သက်ရှိပေါင်းစွာတည်တံ့ဖို့ အခွင့်အရေးရှိရမယ်၊ အခုလောလောဆယ်မှာဆိုရင် Human Impact တွေ၊ Global Change တွေကြောင့် (Species)မျိုးစိတ်တွေ ပျောက်ကွယ်သွားတာတွေရှိပါတယ်၊ အဲဒါတွေကို ကာကွယ်ဖို့အတွက် ကျွန်မတို့ဌာနက ကလေးတွေကို အသိပညာတွေ အများကြီးပေးနိုင်ဖို့လိုပါတယ်၊ ကျွန်မတို့ ဆီက ဘွဲ့ရတဲ့ကလေးတွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ ပညာရှင်တွေ၊ Naturalist တွေလည်းဖြစ်နိုင်သလို ငါးလုပ်ငန်းကဏ္ဍဘက်မှာလည်း တကယ်ကျွမ်းကျင်တဲ့ ပညာရှင်တွေ မွေးထုတ်ပေးနိုင်ပါတယ်၊ ဂြိုဟ်ကြီးတွေရှိတဲ့အထဲမှာ ဒီကမ္ဘာဆိုတဲ့ ဂြိုဟ်တစ်ခုတည်းသာ သတ္တဝါတွေ အသက်ရှင်ခွင့်ရှိတာပါ၊ လူသားအပါအဝင် မျိုးစိတ်တိုင်းရှင်သန်ဖို့အတွက် အားလုံးတူညီတဲ့ အခွင့်အရေးရှိရပါမယ်၊ အဲဒါကို အပြန်အလှန်လေးစားပြီး စီမံခန့်ခွဲနိုင်မယ်ဆိုရင် သက်ရှိတွေအားလုံး တည်တံ့ခိုင်မြဲမှုရသလို ကမ္ဘာကြီးကလည်း အလှတရားတွေ မပျက်စီးဘဲဆက်လက်တည်တံ့နေမှာပါ၊ အဲဒီအတွေးအခေါ်ကို ကလေးတွေကိုပေးနိုင်အောင် ကြိုးစားနေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**အင်တာဗျူး-နန္ဒာဝင်း၊ ဓာတ်ပုံ-ရဲထွန်း**

❖ စာမျက်နှာ ၈ မှ

ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွင်း နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဒုတိယသမ္မတဦးမြင့်ဆွေက Youth Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၆ ရရှိခဲ့ကြသည့် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ ကွန်ပျူတာနည်းပညာတတိယနှစ်ကျောင်းသူ မယုဇနဝင်း၊ ကွန်ပျူတာသိပ္ပံနှင့် နည်းပညာဒုတိယနှစ်ကျောင်းသူ မမေပြည့်စုံကျော်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကွန်ပျူတာနည်းပညာတတိယနှစ်ကျောင်းသား မောင်ဘုန်းသီဟကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က Youth Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၆ ရရှိခဲ့ကြသည့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ တတိယနှစ် ကျောင်းသားများဖြစ်ကြသည့် မောင်ဝေယျာအောင်၊ မောင်ကျော်ဇဇော်နှင့် မောင်ဝေယံထွန်းတို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ASEAN Makerthon 2017 Competition 1st Runner up ဒုတိယဆုရ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်မှ စတုတ္ထနှစ် ES ကျောင်းသားများဖြစ်ကြသည့် မောင်မင်းခန့်လင်းနှင့် မောင်ပြည့်ဖြိုးပိုင်တို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက World Skills Korea ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မန္တလေးကွန်ပျူတာတက္ကသိုလ် သတင်းအချက်အလက်စနစ် ပဉ္စမနှစ် စီးပွားရေးကျောင်းသား မောင်နေဦးကျော်နှင့် Go Green in the City 2017 International ပြိုင်ပွဲတွင် East Asia Pacific and Japan Level Top (9) ဆုရ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)မှ တတိယနှစ် IST ကျောင်းသား မောင်ဖြိုးသူထက်နှင့် ဒုတိယနှစ် ICT ကျောင်းသူ မဝင်ဒီအိုက်မောင် တို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက Most Diplomatic Delegate from ASIA ပြိုင်ပွဲတွင် 8th Model ASEM ဆုရ ရန်ကုန်နည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား မောင်ဖြိုးသူရဌေးနှင့် ဟားခါးကောလိပ်မှ ပထမနှစ် သမိုင်းကျောင်းသူ မဗျက်ပါရ်လိန်းတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက 6th ASEAN Plus (APT JSO) ဗီယက်နမ်သို့ တက်ရောက်ခဲ့သော ကျောင်းသားများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက ၂ မှ နဝမတန်းကျောင်းသူ မစိုးရတနာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဖြူးမြို့မှ နဝမတန်းကျောင်းသူ မကြယ်စင်လင်းလက်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ပန်းတောင်းမြို့နယ် အထကခွဲ ကပစ ၆ မှ နဝမတန်းကျောင်းသူ မဆုဆွေဇင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်မှ နဝမတန်းကျောင်းသူ မခင်ရတနာဖြိုးစံနှင့် နေပြည်တော် ဥတ္တရသီရိမြို့နယ်မှ နဝမတန်းကျောင်းသူ မထူးမြတ်သွယ်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Theme Song သရုပ်ပြဖျော်ဖြေခြင်းနှင့် “ထာဝရမြန်မာ”တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် အနုပညာဖျော်ဖြေတင်ဆက်မှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ယနေ့မှစ၍ ဒီဇင်ဘာ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သုံးရက်တာပွဲတော်ကာလအတွင်း စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ ITနှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများပါဝင်ပြီး စာအုပ်ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုများ စသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သို့ မည်သူမဆို လာရောက်ကြည့်ရှုပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမီးတို့လို လူငယ်တွေအတွက် ဒီလိုပွဲမျိုးတွေ ရှိသင့်ပါတယ်

**မသက်ထားရွှေစင်**

ရန်ကုန် ဒီဇင်ဘာ ၁

**လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြင့်တင်ပေးနိုင်ရေး ရည်ရွယ်၍ နိုင်ငံတော်မှ ကြီးမှူးကာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်က ပွဲတော်၏ ပထမနေ့အဖြစ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပွဲတော်တွင် စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သုတ၊ ရသစုံလင်စွာဖြင့် စာပေဆွေးနွေးပွဲများ ကျင်းပခဲ့သည့်အပြင် အားကစားဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်များတွင်လည်း သူ့ထက်ငါ ယှဉ်ပြိုင်ကြသည့် ကျောင်းသားလူငယ်များကိုလည်း တွေ့မြင်ခဲ့ရသည်။**



မခင်ဝင်းရွှေ



မသက်ထားရွှေစင်



မောင်အောင်ခန့်ဝေ

ယင်းပြင် အနုပညာဆိုင်ရာလှုပ်ရှားမှုအစီအစဉ်များတွင်လည်း စိတ်အပန်းဖြေစေမည့် ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရှေးရှုသည့် ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ တိုင်းရင်းသားရိုးရာတူရိယာများ၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ပန်းချီပြခန်းများလည်း ပါဝင်သည်ဖြစ်ရာ ပူပေါင်းပါဝင်ဆောင်ရွက်ကြသူများ၊ လာရောက်လေ့လာသူများနှင့် တွေ့ဆုံပြီး ပွဲတော်တွင် ပါဝင်ဆင်နွှဲရခြင်းအပေါ် ၎င်းတို့၏ အမြင်များကို ပြန်လည်ရေးသား ဖော်ပြလိုက်သည်။

**အကယ်ဒမီ မိရာမိုရ်(ဂီတမှူး)**

"အခုလို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်အဆင့် ကျင်းပပေးတာ ကောင်းပါတယ်၊ ဒေသစုံ နယ်ပယ်အသီးသီးက ကျောင်းသားကျောင်းသူ လူငယ်တွေ ဒီလိုနေရာမှာ သူတို့လေ့လာချင်တဲ့ ကဏ္ဍရပ်တွေကို တစုတစည်း လေ့လာခွင့်ရတာပေါ့၊ အခုလို မြန်မာ့ဂီတ အနုပညာကဏ္ဍကို လေ့လာတဲ့ လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာဂီတ၊ ဂီတရဲ့ အခြေခံသဘောတရားတွေကို နားထောင်ရင်းနဲ့ တက္ကသိုလ်ကြီးရဲ့ပုံရိပ်ကို သိရှိပြီး ဗဟုသုတလည်းရပါတယ်၊ လူငယ်တွေအတွက်တော့ ဒီလိုပွဲမျိုးဟာ အကျိုးကျေးဇူးအများကြီးရှိပါတယ်၊ လူငယ်တွေရဲ့ သူတို့သန်ရာကဏ္ဍတွေကို အနီးကပ် ထဲထဲဝင်ဝင် လေ့လာခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်"

**ဦးတင်စိုး(အနုပညာတက္ကသိုလ်-ပန်းချီဌာန ကထိက)**

"ရုပ်ပြောင်ကာတွန်း ကဏ္ဍရပ်လေးပါ၊ ရုပ်ပြောင်ကာတွန်းပုံလေးတွေကို ကြည့်ပြီး လူငယ်တွေကို ပျော်ရွှင်စေဖို့ ရည်ရွယ်ပါတယ်၊ ရုပ်ပြောင်ရဲ့သဘောသဘာဝကတော့ သဘာဝမှာ တကယ့်အရှိတရားကို အခြေခံတဲ့ အဖြစ်အပျက်တွေကို ရုပ်ပုံအစားထိုးပြီး ဟာသဖြစ်အောင်၊ ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြုလုပ်ရတဲ့ အနုပညာရပ်ဖြစ်ပါတယ်၊ ဒီရုပ်ပြောင်ပုံလေးတွေကို ကြည့်ပြီး ပွဲတော်ကို လာရောက်တဲ့ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူလေးတွေ ပျော်ရွှင်နေတာကိုကြည့်ပြီး ပီတိဖြစ်ရပါတယ်"

**မောင်အောင်သန်းဌေး (အနုပညာတက္ကသိုလ် ပန်းချီတတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား)**

"အဓိကကတော့ ကျွန်တော်တို့ လူငယ်လူရွယ်တွေ ဘက်စုံစွမ်းရည်ဖွံ့ဖြိုးဖို့ အနုပညာတက္ကသိုလ်ကနေ အနုပညာလှုပ်ရှားမှုအဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြခန်းကတော့ ဒန်းအလှကို လူငယ်တွေ သိရှိလာစေဖို့ဖြစ်ပါတယ်၊ ဒန်းအလှအနေနဲ့ကတော့ အိန္ဒိယယဉ်ကျေးမှုပါ၊ ဒါပေမယ့် ဒီမှာတော့ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနဲ့ ပေါင်းစပ်ပြီး ဖန်တီးရတာဖြစ်ပါတယ်၊ ဒီလိုဖန်တီးရာမှာ ယဉ်ကျေးမှုတက္ကသိုလ်က ပို့ချတဲ့ဘာသာရပ်တွေနဲ့ ဖန်တီးရတာဖြစ်ပါတယ်၊ လူငယ်အချင်းချင်း ရင်းနှီးမှုကိုဖြစ်စေတဲ့ ဒန်းအလှပန်းချီ အနုပညာရပ်လို့ ပြောရင်လည်း မမှားပါဘူး"

**မခင်ဝင်းရွှေ (နောက်ဆုံးနှစ် ရန်ကုန်ပညာရေးတက္ကသိုလ်)**

"ပညာရေးကဏ္ဍကနေ ကြိုဆိုရေးတာဝန်ကို ယူရပါတယ်၊ ဒီ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို ပါဝင်ခွင့်ရတာ ဖြစ်ပါတယ်၊ ဒီပွဲတော်လုပ်ပေးခဲ့တဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီလို လူငယ်တွေနဲ့ သက်ဆိုင်တဲ့ပွဲမျိုးကို တစ်နှစ်တစ်ကြိမ် လုပ်ပေးနိုင်ရင် ပိုကောင်းမယ်လို့မြင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ လူငယ်တိုင်းမှာ စွမ်းရည်ကိုယ်စီရှိပါတယ်၊ ပြီးတော့ သူတို့ရဲ့အိပ်မက် သူတို့ရဲ့ ဖြစ်ချင်တာတွေကိုလည်း ဖြစ်ခွင့်ပေးရပါမယ်၊ မိဘတွေအနေနဲ့လည်း ကိုယ်လိုချင်တဲ့ပုံစံမျိုး အတင်းမသွင်းဘဲ လူငယ်တွေရဲ့ ဖြစ်ချင်တာတွေကိုလည်း လုပ်ခွင့်ပြုသင့်ပါတယ်"

**မသက်ထားရွှေစင် (မင်္ဂလာဒုံ အောင်ဆန်းသူရိယ အထက်တန်းကျောင်း)**

"ဒီပွဲတော်ကို စိတ်ဝင်စားလို့ လာလေ့လာတာပါ၊ ပျော်ဖို့လည်းကောင်းတယ်၊ သမီးတို့လို ကျောင်းသူတွေအတွက် ဗဟုသုတလည်းရပါတယ်၊ ဒီလိုပွဲမျိုးကို တစ်ခါမှလည်းမကြုံဖူးဘူး၊ လေ့လာတဲ့ ပြခန်းတွေထဲမှာဆို ပန်းချီပြခန်းကို အလွန်သဘောကျတယ်၊ သမီးတို့ မသိသေးတဲ့ အရာတွေအများကြီး သိရလို့ ဝမ်းသာတယ်၊ အဲဒါကြောင့်လည်း တက္ကသိုလ်တက်ရပြီဆို ယဉ်ကျေးမှုတက္ကသိုလ် တက်မယ်လို့ ဆုံးဖြတ်ထားတယ်၊ သမီးတို့လို လူငယ်တွေအတွက် ဒီလိုပွဲမျိုးတွေ ရှိသင့်ပါတယ်"

အနုပညာဆိုင်ရာ လှုပ်ရှားမှုများအနေဖြင့် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် Portrait ပုံတူရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများ ရေးဆွဲခြင်း၊ Post Card များ ရေးဆွဲခြင်းများအပြင် ဖျော်ဖြေရေး အစီအစဉ်များအဖြစ် တက္ကသိုလ်ကျောင်းက ငွေလမင်း၊ နွဲ့နှောင်းလှပသုခုမယိမ်းအက၊ ချစ်ရက်ရှည်အင်းလျားမြေ၊ တိုင်းရင်းသား ယိမ်းအက၊ ဂျပ်ဆင်ထိပ်ကလရိပ်ပြာ၊ ခလေ့ရိုးရာ တို့ကျေးရွာရုပ်သေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေခဲ့ကြပြီး အသိပညာပေး အစီအစဉ်များအဖြစ် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာတူရိယာများ၊



ဦးတင်မောင်သိန်း



မောင်မျိုးမြတ်အောင်



မတိုးသဥ္ဇာခိုင်

ရိုးရာအစားအစာများနှင့် Landmark များ၏ ဓာတ်ပုံများနှင့် ဗီဒီယိုများ ပြသခြင်း၊ တိုင်းရင်းသား ရှစ်မျိုးတို့၏ အမျိုးသား၊ အမျိုးသမီးဝတ်စုံများအား ရုပ်တုများပေါ်တွင်ဝတ်ဆင်၍ ထင်ရှားသည့် တူရိယာများနှင့်အတူ ခင်းကျင်းပြသခြင်းများကို ပြုလုပ်ခဲ့ရာ ကျောင်းသား လူငယ်အများအပြား လာရောက်လေ့လာခဲ့ကြပြီး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အလားတူ ပွဲတော်တွင် လူငယ်များ တီထွင်ထားသည့် သိပ္ပံပစ္စည်းများ၊ ဇီဝပြခန်းများ၊ IT ပစ္စည်းများ ပြသခြင်းများအပြင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများလည်း ပါဝင်ခဲ့ရာ ပါဝင်ဆောင်ရွက်ကြသူများနှင့် တွေ့ဆုံစဉ် ပါဝင်ပြသရခြင်းအကြောင်းနှင့် ပွဲတော်ကြီးအပေါ် ၎င်းတို့၏အမြင်များကို ပြန်လည်ရေးသားဖော်ပြလိုက်သည်။

**မောင်အောင်ခန့်ဝေ (နောက်ဆုံးနှစ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)**

"ကျွန်တော်တို့လို လူငယ်တွေကို ပြောချင်တာက ဒီလိုမျိုး အိုင်တီလုပ်ငန်းတို့၊ နည်းပညာစမ်းသပ်မှုတို့ဆိုတာ လူငယ်တွေကြားမှာရှိပေမယ့် ပရောဂျက်တစ်ခုအနေနဲ့ပဲ ပြီးသွားကြတယ်၊ ဒါကို ကျွန်တော်တို့က လူငယ်တွေရဲ့ အိပ်မက်တွေကို တကယ်ထုတ်လုပ်လာနိုင်အောင် ဈေးကွက်ထဲဖြန့်လို့ရနိုင်အောင် လုပ်လို့ရတယ်၊ လုပ်နိုင်တယ်ဆိုတာကိုလည်း ပြချင်လို့ ဒီပြပွဲမှာ ဝင်ရောက်ပြသတာဖြစ်ပါတယ်၊ အခုလို ပါဝင်ခွင့်ရတဲ့အတွက် ကောင်းပါတယ်၊ ကျေနပ်မှုလည်းရှိပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကျောင်းသားလူငယ်တွေရဲ့ အိပ်မက်စိတ်ကူးတွေကို အခုပွဲမှာဖလှယ်နိုင်ကြတယ်၊ ဘာတွေဆက်လုပ်ကြမလဲဆိုတာတွေ ပြောဆိုဖြစ်ကြတယ်၊ ကျွန်တော့်အမြင်ကတော့ ဒီလိုပွဲမျိုးဆိုတာ လုပ်သင့်တဲ့ပွဲတစ်ခုလို့ မြင်ပါတယ်"

**မတိုးသဥ္ဇာခိုင်(ဓာတုဗေဒ ဂုဏ်ထူးတန်း တတိယနှစ် ဒဂုံတက္ကသိုလ်)**

"အခု လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စိတ်ဝင်စားပါတယ်၊ အဓိက အတွေ့အကြုံလိုချင်လို့ ပါဝင်တာဖြစ်ပါတယ်၊ ဒီလို နိုင်ငံတော်အဆင့်ပွဲတော်ကို ဝင်ခွင့်ရတဲ့အတွက် ဂုဏ်လည်းယူပါတယ်၊ ပျော်လည်းပျော်ပါတယ်၊ ဒီပြခန်းကတော့ ရေဆိုးတွေကို ရေသန့်ပြန်လည်ထုတ်ယူတဲ့ နည်းပညာဖြစ်ပါတယ်၊ ပါဝင်တဲ့ပစ္စည်းတွေကတော့ ဈေးလည်း သက်သာပါတယ်၊ ပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းလေးတွေကိုလည်း တချို့နေရာတွေမှာ သုံးထားပါတယ်၊ ရေမသန့်တဲ့ဒေသတွေမှာဆိုရင် အခုနည်းပညာကိုသုံးရင် အဆင်ပြေပါတယ်၊ ဒီကဏ္ဍမှာ ရေသန့်ထုတ်လုပ်တဲ့ နည်းပညာတင်မကပါဘူး သဲနဲ့ ပလတ်စတစ်ကိုရောပြီး အုတ်ထုတ်လုပ်တဲ့ ပြကွက်လည်း ပါဝင်ပါတယ်၊ အဆောက်အအုံတွေလည်း ဆောက်လို့ရပါတယ်၊ အားလုံး စွန့်ပစ်ပစ္စည်းတွေ သုံးထားတဲ့အတွက် ကုန်ကျစရိတ် နည်းတယ်ဆိုတာ သိစေချင်တယ်"

**မောင်မျိုးမြတ်အောင် (သတ္တဗေဒဂုဏ်ထူးတန်း တတိယနှစ်)**

"အခု ဒီလိုပွဲမျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာရပါတယ်၊ သူငယ်ချင်းတွေအားလုံးလည်း ပျော်နေကြတယ်၊ မေဂျာပေါင်းစုံက လာပြကြတော့ သူငယ်ချင်းအသစ်တွေအပြင် ဗဟုသုတတွေလည်း အပြန်အလှန် ဖလှယ်ခွင့်ရပါတယ်၊ ဒီပြခန်းမှာ ပါဝင်တာတွေကတော့ ခရုတို့၊ လိပ်ပြာတို့၊ သန္တာကျောက်တန်း၊ မိကျောင်းတို့ စတဲ့ သုတေသနလုပ်ထားတဲ့ အကောင်ငယ်လေးတွေ ပါဝင်ပါတယ်၊ ဒီ Zoology ဆိုတာ ကိုယ်ခန္ဓာနဲ့ တိရစ္ဆာန်တွေရဲ့ အကြောင်းတွေကို လေ့လာရတဲ့ ဘာသာရပ်တွေဖြစ်တဲ့အတွက် သက်ရှိတွေအကြောင်းကို သိရမှာပါ၊ ပြီးတော့ ကျွန်တော်တို့ ပြခန်းမှာ ရှားပါးမျိုးစိတ်တွေကိုလည်း ပြသထားတာမို့ လာရောက်လေ့လာစေလိုပါတယ်"

**ဦးတင်မောင်သိန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာအသင်း)**

"ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာအသင်းအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ စီမံခန့်ခွဲတဲ့ပညာရပ်တွေ တိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်နေတဲ့အသင်းဖြစ်ပါတယ်၊ ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်းက အသင်းဝင်အသစ်တွေကို လက်ခံပေးခြင်း၊ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာ ရွေးချယ်တဲ့နေရာမှာ သူတို့ရဲ့ ပင်ကိုဝါသနာနဲ့ လိုက်လျောညီတွေဖြစ်စေတဲ့ အလုပ်တွေ လုပ်နိုင်စေဖို့ အကြံပေးပါတယ်၊ နောက်တစ်ခုက ကျောင်းပြီးစ လူငယ်တွေ လုပ်ငန်းခွင်ဝင်ဖို့ ဘယ်လိုပြင်ဆင်ရမယ်ဆိုတာတွေ စတဲ့ အတွေးအမြင် အသိပညာတွေကို ဖြန့်ဝေပေးခြင်းဖြစ်ပါတယ်၊ လူငယ်တွေအနေနဲ့ လေ့လာသင်ယူမှုနဲ့ အသက်မွေးဝမ်းကျောင်း တစ်ထပ်တည်းမကျလို့ အလုပ်မမြဲတာ၊ မထူးချွန်တာတွေ အမြဲလိုလို တွေ့နေရပါတယ်၊ ဒီလိုမျိုးတွေ တွေ့တဲ့အခါ ဖြည့်ဆည်းပေးချင်တာဖြစ်တဲ့အတွက် ဒီအစီအစဉ်လေးကို လုပ်ခဲ့ပြီး အခုလိုပွဲမှာ ပါဝင်ဖြစ်တာဖြစ်ပါတယ်၊ ဒီလိုပွဲမျိုးကို ဒီထက်သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ပြုလုပ်ပေးစေချင်ပါတယ်၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ဖို့အတွက် တတ်နိုင်တဲ့ဘက်က အုတ်တစ်ချပ်သဲတစ်ပွင့်အနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"

ပွဲတော်တွင် အဓိပတိလမ်းတစ်လျှောက် စီတန်းနေသော ပြခန်းများ၊ RC ခန်းမအတွင်းမှ လူငယ်နှင့် အနုပညာဆွေးနွေးပွဲများ၊ စစ်ကိုင်းဆောင်နှင့် ပဲခူးဆောင် အရှေ့မှ အားကစားဆိုင်ရာ လှုပ်ရှားမှုပြိုင်ပွဲများ၊ သထုံဆောင်အတွင်းမှ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ၊ သစ်ပုပ်ပင်အောက် ကဗျာရွတ်ဆိုခြင်းများအပြင် သစ်ပုပ်ပင်အနီး စာအုပ်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ စီးပွားရေးတက္ကသိုလ်ခန်းမတွင် ကျပန်းစကားပြောပြိုင်ပွဲများ၊ ဝိဇ္ဇာပညာခန်းမတွင်းမှ အနုပညာဖျော်ဖြေပွဲများနှင့် အနုပညာပြခန်းများ၊ စီးပွားရေးတက္ကသိုလ်ရှေ့ အလုပ်အကိုင်အခွင့်အလမ်း ပြခန်းများစသည်ဖြင့် ကဏ္ဍပေါင်းစုံမှ အစီအစဉ်ပေါင်းများစွာဖြင့် အားလုံး စုံညီပါဝင်ဆောင်ရွက်လျက်ရှိရာ လာရောက်လေ့လာသူများဖြင့် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

**သတင်း-အောင်ကျော်ဦး၊ ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)၊ ဇာဏီ**

## ထုတ်ဝေသူ စာအုပ်တိုက်များအနေဖြင့် ချင်းမိုင် ကလေးစာအုပ်ပွဲတော်အတွက် ပါဝင်ပြသလိုသော စာအုပ်စာရင်း ပေးပို့နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထုတ်ဝေသော ကလေးနှင့် လူငယ်စာပေများကို ချင်းမိုင်မြို့ရှိ ချင်းမိုင်နိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာတွင် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)နှင့် ဦးစိုးမြင့်(စိုးမျှး) တို့သည် စာအုပ်ထုတ်ဝေသူများ အသင်းဝင်များနှင့် ပုဂ္ဂလိက၊ အသင်းအဖွဲ့၊ အစိုးရဌာနများမှ ထုတ်ဝေသော မြန်မာ၊ အင်္ဂလိပ် ကလေးစာပေစာအုပ်များကို ရှာဖွေစုဆောင်းကာ မြန်မာနိုင်ငံစာရေးဆရာအသင်းပြခန်းအဖြစ် သွားရောက်ပြသမည်ဖြစ်သည်။

ထို့ကြောင့် ထုတ်ဝေသူ စာအုပ်တိုက်များအနေဖြင့် ပါဝင်ပြသနိုင်ရန်နှင့် လာရောက်ကြည့်ရှုသော ပရိသတ်များမှ ဆက်သွယ်ဝယ်ယူနိုင်ရန်အတွက် စာအုပ်ကတ်တလောက်၊ စာစောင် စာအုပ်စာရင်းနှင့် လိပ်စာကတ် (အင်္ဂလိပ်ဘာသာဖြင့်) ပြုစုကာ အမှတ်(၁၇၃/၁၇၅) ၇ လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)ရုံးခန်း ၇ လွှာသို့ ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## မောင်တော ကညင်ချောင်း စီးပွားရေးဇုန် ငွေကျပ်သိန်းပေါင်းနှစ်သောင်းကျော် ထပ်မံဖြည့်စွက် အကောင်အထည်ဖော်ဆောင်ရွက်မည်

**မောင်တော ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့မှ သုံးမိုင်ဝေးကွာသော ကညင်ချောင်းစီးပွားရေးဇုန်ကို ယခုအခါ ပြည်နယ်အစိုးရက ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက သိန်းပေါင်း ၇၀၀၀ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၂၂၀၀၀ ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်မှုကို ပြည်နယ်အစိုးရအဖွဲ့နှင့် နတ်မြစ်အလင်း ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားမှ သိရသည်။

အဆိုပါ ကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီနာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်မြင့်သိန်း၊ အတွင်းရေးမှူး ဦးမြင့်ခိုင်တို့ တက်ရောက်၍ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယနေ့ကျင်းပသော ကညင်ချောင်းစီးပွားရေးဇုန် လုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားတွင် စီမံခန့်ခွဲရေးကော်မတီနာယက ဦးညီပုက "ဒီနေ့ ကညင်ချောင်းစီးပွားရေးဇုန် စတင်ခြေလှမ်းလှမ်းတာဖြစ်ပါတယ်။ ဒီလိုလှမ်းနိုင်ဖို့လည်း အရင်ကတည်းက အများကြီးဆောင်ရွက်ခဲ့ကြတဲ့ အနေအထားတွေ့ရတယ်။ ကညင်ချောင်းစီးပွားရေးဇုန်နဲ့အညီ စီးပွားရေးဇုန်တစ်ရပ်ပေါ်လာတာနဲ့အမျှ ဒီဒေသအတွက် အကျိုးအများကြီးဖြစ်လာမှာပါ။ နိုင်ငံတစ်နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှ စီးပွားရေးကောင်းမှာဖြစ်သလို စီးပွားရေးကောင်းမှလည်း နိုင်ငံတည်ငြိမ်အေးချမ်းမှာ ဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်း ကောင်းမွန်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့လည်း မူဝါဒချပြီး အကောင်အထည်ဖော်နေတာရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အခြေအနေ အရပ်ရပ်တွေ အပေါ်မှာ ပိုအလေးထားဆောင်ရွက်ပေးနေပါတယ်။ ဩဂုတ် ၂၅ ရက် ဖြစ်ပွားပြီးနောက်ပိုင်းမှာ ဒီဒေသအတွက် ပိုပြီးတော့စီးပွားရေးဖွံ့ဖြိုးဖို့၊ တည်ငြိမ်အေးချမ်းဖို့နဲ့ ရေရှည်လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့ ကဏ္ဍတွေကို အထူးဦးစားပေး ဆောင်ရွက်နေတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒီဒေသ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့ကို တစ်နိုင်ငံလုံးအနေနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

ယခုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မောင်တော ကညင်ချောင်းစီးပွားရေးဇုန်ကို သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် မောင်တောဒေသ စီးပွားရေးလုပ်ငန်းရှင်များက ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအနေဖြင့် စုစုပေါင်း ၄၉ ဒသမ ၆ ဧကပေါ်တွင် စတင်ခဲ့ပြီး ယခုအခါ ကညင်ချောင်းကုန်သွယ်ရေးဇုန်မှ ကညင်ချောင်းစီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်ရန် ဧက ၁၀၀ ကို ထပ်မံတိုးချဲ့ ပြင်ဆင်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိသည်။ ကညင်ချောင်းစီးပွားရေးဇုန်သည် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရေလမ်းခရီးမှ ကုန်သွယ်မှုပြု ကူးလူးသွားလာလျှင် ၁၅ မိနစ် ဝန်းကျင်ခန့်သာ သွားလာရပြီး အထူးသဖြင့် သွင်းကုန်ထက် ပို့ကုန်ကဏ္ဍကို အထူးဦးစားပေးကုန်သွယ်မှုပြုမည့် ကုန်သွယ်ရေးဇုန်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်ရေးဇုန်များအနက် မောင်တောနယ်စပ် ကုန်သွယ်ရေးသည် ပို့ကုန်ကဏ္ဍအနေဖြင့် ရာခိုင်နှုန်း ၉၀ အထိ ကုန်သွယ်မှုပြုလျက်ရှိပြီး သွင်းကုန်အနေဖြင့် ၁၀ ရာခိုင်နှုန်းသာ ကုန်သွယ်မှုပြုသော နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်ကာ ကုန်သွယ်မှုပြုရာတွင်လည်း အမေရိကန်ဒေါ်လာတစ်မျိုးတည်းကိုသာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

"မောင်တောစီးပွားရေးဇုန်ဟာ နယ်စပ်ကိုးပေါက်မှာ ကုန်သွယ်မှုအသာစီးရထားတဲ့ဇုန်ဖြစ်ပါတယ်၊ ၂၀၁၂ ခုနှစ် ဖြစ်စဉ်မတိုင်ခင် နယ်စပ်ကုန်သွယ်ရေးရုံးချုပ်က ချမှတ်ထားတဲ့ ကိန်းဂဏန်းတွေ လေ့လာကြည့်တဲ့အခါ ရာနှုန်းပြည့်ထက် ကျော်လွန်နေပေမယ့် ၂၀၁၆ ခုနှစ် ဇူလိုင်လ နောက်ပိုင်းမှာ ပို့ကုန်၊ သွင်းကုန် စုစုပေါင်း ကုန်သွယ်မှု ရာခိုင်နှုန်း ၆၀ အောက်ကျဆင်းသွားပါတယ်၊ ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ် အောက်တိုဘာလမှာ ပြည်နယ်အစိုးရက ငွေကျပ်သိန်း ၆၀၀၀၊ ပုဂ္ဂလိကက ငွေကျပ်သိန်း ၄၀၀၀နဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်၊ ယခုပြည်နယ်အစိုးရက ငွေကျပ်သိန်းပေါင်း၁၅၀၀၀၊ ပုဂ္ဂလိကက သိန်းပေါင်း ၇၀၀၀ ထပ်မံဖြည့်စွက်ပြီး ၆၅ အချိုးနဲ့ ၃၅ ရာခိုင်နှုန်းအချိုး အကျိုးတူပူးပေါင်းဆောင်ရွက်မှာပါ၊ လမ်းဖောက်တာနဲ့ မြေဖို့တာကို ဒီဇင်ဘာပထမပတ်မှာစတင်ပြီး ဖေဖော်ဝါရီလအတွင်း အပြီးနဲ့ ကျန်အဆောက်အအုံအပိုင်းတွေကို မတ်လအပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဦးအောင်မြင့်သိန်း (ဒုတိယ ဥက္ကဋ္ဌ-၂)ကပြောကြားသည်။

ကညင်ချောင်းစီးပွားရေးဇုန်၌ သားငါးပုစွန်သိုလှောင်ထားနိုင်မည့် အအေးခန်းများ၊ အထည်ချုပ်စက်ရုံများ၊ ကုန်သွယ်မှုပြုနိုင်သော ရုံခန်းများအပြင် စားသောက်၊ တည်းခိုနေထိုင်နိုင်သောအဆောက်အအုံများလည်း ပါဝင်လာမည်ဖြစ်ပြီး အပိုင်း (၁) ဇုန်- A ကိုပထမအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေဧက ၄၉ ဒသမ ၅၈ ဧက၊ အပိုင်း(၂) တွင် ပါဝင်သော ဇုန် (B)၊ ဇုန်(C) နှင့်ဇုန်(D)တို့ကို ဧက ၁၀၃ ဒသမ ၃၆ ဧက စုစုပေါင်းဧရိယာ ၁၅၂ ဒသမ ၉၄ ဧကပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ ကညင်ချောင်းစီးပွားရေးဇုန်ပြီးဆုံးပါက မောင်တောနယ်စပ်ကုန်သွယ်မှု ပမာဏမှာ ယခုထက်များစွာ ကုန်သွယ်မှုကဏ္ဍမြင့်မားလာမည်ဖြစ်ကြောင်းသိရသည်။



**ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများ ကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**သတင်းအဖွဲ့၊ဓာတ်ပုံ- မင်းထက်**



## စစ်တွေမြို့၌ (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် စာစီစာကုံး၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို စစ်တွေမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရခိုင်ရိုးရာ ဝတ္ထုပုံပြင်ပြောပြိုင်ပွဲကို ဦးဥတ္တမခန်းမ၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက် ည ၈ နာရီတွင် မစ္စတာတော့ပ် မျက်လှည့်ပြပွဲကို ဧည့ဝတီအားကစားကွင်း၌ လည်းကောင်း ၊ ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီတွင် ရခိုင်ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် ဖျော်ဖြေရေးပွဲကို ဧည့ဝတီအားကစားကွင်း၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဦးဥတ္တမခန်းမ၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဖတ်ကြားမည်ဖြစ်သည်။ ထို့အပြင် စာစီစာကုံး၊ ကာတွန်း၊ ပိုစတာနှင့် ရခိုင်ရိုးရာ ဝတ္ထုပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာ ကျင်ကိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ဝင်္ကပါကွင်း၌ကျင်းပမည်ဖြစ်သည်။ အဆိုပါ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲတွင် ရွှေမောင်းတန်း၌ ပထမ ရွှေလေးကျပ်သား၊ ဒုတိယ ရွှေသုံးကျပ်သား၊ ပူးတွဲတတိယ ရွှေတစ်ကျပ်သားကို လည်းကောင်း၊ ငွေမောင်းတန်း၌ ပထမ ရွှေသုံးကျပ်သား၊ ဒုတိယ ရွှေနှစ်ကျပ်သား၊ ပူးတွဲတတိယ ရွှေသုံးမတ်သားစီကို လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်နေ့ကျင်းပပွဲဖြစ်မြောက်ရေးကော်မတီမှ ပြောကြားသည်။**ဝင်းမင်းစိုး(ပြန်/ဆက်)**

## စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်၊ ဒူချီးရားတန်း၊ သရေကုန်းဘောင် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ စုစုပေါင်း ဧက ၄၁၁၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ စုစုပေါင်း ၃၀၉ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၃၄၈ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၃၀ရက်အထိ စုစုပေါင်း ၁၇၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၃၀ ရက် အထိ စုစုပေါင်း ၂၂၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၂၂၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဗောဓိကုန်း(တိုင်းရင်းသား) ကျေးရွာတွင် နွားနှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ မြို့သစ်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားသုံးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်နှစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၁၁ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၇၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၅၇၁ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၁၀၅ ဒသမ ၀၀၀ သန်း ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$သန်း | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | | ၀. ၁၅၀* | ၁ | ၆၅. ၄၄၀ |
| ၂။ | စက်မှုကဏ္ဍ | ၁၀ | ၂၆၅. ၂၂၁ | ၁၀ | ၃၃. ၃၇၅* |
| ၃။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၁ | ၃. ၆၈၅ |
| ၄။ | အိမ်ရာအဆောက်အအုံကဏ္ဍ | ၁ | ၁၇၄. ၀၀၀ | - | - |
| ၅။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁. ၂၀၀ | ၂ | ၂. ၆၀၀ |
| | **စုစုပေါင်း** | **၁၂** | **၄၄၀. ၅၇၁** | **၁၄** | **၁၀၅. ၁၀၀** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၈၀ သန်း အပါအဝင် ငွေကျပ် ၇၆၈၈၅ ဒသမ ၃၃၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးငွေကျပ် ၃၉၂ ဒသမ ၇၀၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏကျပ်သန်း | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏကျပ်သန်း |
| ၁။ | စက်မှုကဏ္ဍ | ၂ | ၁၆၀၀. ၉၈၀ | ၁ | ၃၉၂. ၇၀၀ |
| ၂။ | ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ | - | ၆၅၇၈၄. ၃၅၇* | - | - |
| ၃။ | လယ်ယာကဏ္ဍ | - | ၄၀၀. ၀၀၀ | - | - |
| ၄။ | အခြားလုပ်ငန်းကဏ္ဍ | ၃ | ၉၁၀၀. ၀၀၀ | - | - |
| | **စုစုပေါင်း** | **၆** | **၇၆၈၈၅. ၃၃၇** | **၁** | **၃၉၂. ၇၀၀** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာလ | အောက်တိုဘာလ |
| ၁။ | စက်မှုကဏ္ဍ | ၄၄၀၆ | ၆၇၄၉ |
| ၂။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၁၆ |
| ၃။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၇၉ |
| ၄။ | အိမ်ရာနှင့်အဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၆၁ | - |
| ၅။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၃ | ၂၃၉ |
| | **စုစုပေါင်း** | **၄၄၉၀** | **၇၀၈၃** |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာလအတွင်း | အောက်တိုဘာလအတွင်း |
| ၁။ | စက်မှုကဏ္ဍ | ၁၈၀ | ၃၅ |
| ၂။ | လယ်ယာကဏ္ဍ | ၁၁ | - |
| ၃။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀၄ | - |
| | **စုစုပေါင်း** | **၅၉၅** | **၃၅** |

# နတ်မြစ်အတွင်း စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ဦးစောလှကျွန်းအနီး လှေတစ်စင်းပေါ်မှ တန်ဖိုးငွေကျပ်သိန်းတစ်သောင်းကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် ဦးစောလှကျွန်း၏ အရှေ့တောင်ဘက်မှ တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသော မသင်္ကာဖွယ် လှေတစ်စင်းအား တွေ့ရှိ၍ မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်းမရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လှေပေါ်ပါ မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ မော်နီး ၃၀ နှစ်အား ဆာလာအိတ်လေးအိတ်အတွင်း ထည့်ထားသည့် စိတ်ကြွဆေးပြား ၆၅၅၅၀၀ (တန်ဖိုးငွေကျပ်သိန်း ၁၃၁၁၀)နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ငါးခူရနယ်မြေ ရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ ၁၅ မိနစ်တွင် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ရွက်ညိုတောင်ချောင်းဝ အနောက်မြောက်ဘက်မှ ဦးစောလှကျွန်းသို့ ပလတ်စတစ်ပုံးအဝါ လေးလုံးအားတွဲဆက်၍ ဖောင်အဖြစ်အသုံးပြုကာ ကူးခတ်နေသော မသင်္ကာသူများအား တွေ့ရှိသဖြင့် လိုက်လံစစ်ဆေးခဲ့ရာ မောင်တောမြို့ သရက်အုပ် အရှေ့ရွာနေ ဆော်လမူလာ ၃၄ နှစ်နှင့် အာလီယာမောက် ၁၉ တို့နှင့်အတူ အထုပ်သုံးထုပ်နှင့် ထုပ်ပိုးထားသည့် WY စိတ်ကြွဆေးပြား ၁၉၀၀၀၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး ငါးခူရနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့မ အနောက်ရပ်ကွက်၌ တရားခံနှစ်ဦးနှင့်အတူ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့မ အနောက်ရပ်ကွက်ရှိ နေအိမ်မှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် ည ၁၀ နာရီခွဲတွင် သတင်းအရ မောင်တောမြို့မ အနောက်ရပ်ကွက်နေ ဇော်မီအာမက်၏ နေအိမ်အား ရှာဖွေခဲ့ရာ အိမ်၏အနောက်ဘက် အိမ်သာပိုက်အောက် မြေကြီးအတွင်း မြှုပ်ထားသည့် အမေရိကန်လုပ် Parabellun – PANTENTED စာတန်းပါ ၉ မမ ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ၂၃ တောင့်နှင့်အတူ ဇော်မီအာမက် ၅၃ နှစ်နှင့် သားဖြစ်သူ စိုးနိုင်ကျော် ၂၄ နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် တရားခံနှစ်ဦးအား မောင်တောမြို့မရဲစခန်းတွင် လက်နက်ပုဒ်မဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**


# နတ်မြစ်အတွင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက် နံနက် ၆ နာရီ ၂၅ မိနစ်တွင် မောင်တောမြို့ မောင်နီကျေးရွာအနီး နတ်မြစ်အတွင်း၌ ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်စဉ် ရေယာဉ်၏ မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ တစ်ဖက်နိုင်ငံသို့ ခုတ်မောင်းနေသည့် မသင်္ကာဖွယ်ရာ စက်တပ်လှေတစ်စင်း တွေ့ရှိရ၍ မီးအချက်ပြခေါ်ယူစစ်ဆေးရာမှ စက်လှေပေါ်ပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာပ်မြို့နေသူ မွတ်စတာဟာမတ် ၅၄ နှစ်၊ ဂျူဘိုင် ၁၉ နှစ်၊ လွန်ဟမ်းကီး အာလောင် ၁၉ နှစ်တို့ သုံးဦးအား ဖမ်းဆီးရမိပြီး မကျီးချောင်းနယ်မြေရဲစခန်း၌ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**



# ဂျပန် ဧကရာဇ်ဘုရင် အာကီဟီတို ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် နန်းစွန့်မည်

**တိုကျို ဒီဇင်ဘာ ၁**

ဂျပန်နိုင်ငံ၌ ပြည်သူများ၏ ကြည်ညိုလေးစားခြင်းခံရသူ ဧကရာဇ်ဘုရင် အာကီဟီတိုသည် ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် နန်းစွန့်ရန် အစီအစဉ်ရှိကြောင်း အစိုးရအဖွဲ့က ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ဂျပန်ဧကရာဇ်ဘုရင်အဖြစ် ဆယ်စုနှစ်သုံးစုနီးပါး ကြာမျှ စိုးစံစဉ်ကာလအတွင်း ဒုတိယကမ္ဘာစစ်၏ ဒဏ်ရာဒဏ်ချက်များကို ကုစားနိုင်ရန် ကြိုးပမ်းခဲ့သူ အာကီဟီတိုသည် ရာစုနှစ် နှစ်စုခန့်တာကာလအတွင်း ပထမဆုံးသော နန်းစွန့်သည့်ဘုရင်အဖြစ် သမိုင်းတွင်ရစ်မည်ဖြစ်သည်။

ဥပဒေပြုအမတ်များ၊ တော်ဝင်ပုဂ္ဂိုလ်များနှင့် နိုင်ငံတော် တရားသူကြီးများပါဝင်သော အဖွဲ့ဝင် ၁၀ ဦးရှိ တော်ဝင်မိသားစုရေးရာ ကောင်စီ၏ အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်ခဲ့ရာ ဧကရာဇ်ဘုရင် အာကီဟီတိုနန်းစွန့်မည့် အချိန်ဇယားနှင့်ပတ်သက်၍ သဘောတူညီခဲ့သည်။

ဘုရင် အာကီဟီတိုသည် ဒီဇင်ဘာ ၂၃ ရက်တွင် သက်တော် ၈၄ နှစ် ပြည့်မည်ဖြစ်သည်။ အာကီဟီတိုသည် နှလုံးရောဂါခွဲစိတ် ကုသမှုခံယူခဲ့ရပြီး ဆီးကျိတ်ကင်ဆာဝေဒနာအတွက်လည်း ဆေးဝါးကုသမှုခံယူခဲ့ရသူဖြစ်သည်။

မိမိသည် ဇရာထောင်းလာမှုနှင့်အတူ ဘုရင့်တာဝန်ဝတ္တရားများကို အပြည့်အဝထမ်းဆောင်ရန် အခက်အခဲရှိလာမည်ဟု စိုးရိမ်မှုဖြစ်ရကြောင်း အာကီဟီတိုက လွန်ခဲ့သည့်နှစ်တွင် ထူးထူးခြားခြား မြွက်ကြားခဲ့သည်။

ဧကရာဇ်ဘုရင် အာကီဟီတို၏ အရိုက်အရာကို ၎င်း၏ သားတော် အသက် ၅၈ နှစ်အရွယ်ရှိ အိမ်ရှေ့မင်းသား နာရူဟီတိုက ဆက်ခံမည်ဆို၏။

ဂျပန်နိုင်ငံ၌ နှစ်ပေါင်း ၂၀၀ ကာလအတွင်း ဧကရာဇ်ဘုရင်တစ်ပါးက ပထမဆုံးအကြိမ် နန်းစွန့်ခြင်းဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးချိန်အတွင်း ဘုရင်တစ်ပါး ပထမဆုံးအကြိမ် နန်းစွန့်ခြင်းဖြစ်ကြောင်း တော်ဝင်မိသားစုရေးရာကောင်စီ အစည်းအဝေး၏ သဘာပတိ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

တော်ဝင်မိသားစုရေးရာကောင်စီသည် အာကီဟီတို နန်းစွန့်မည့် နေ့ရက်သတ်မှတ်ချက်နှင့်ပတ်သက်၍ အပြီးသတ်အတည်ပြုမှုကို လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်ဖွယ်ရှိသည်ဆို၏။

**ရိုက်တာ**





## အာဆီယံ အတွင်းရေးမှူးချုပ်ဟောင်း ဆူရင်ပစ်ဆူဝန် ကွယ်လွန်

**ဘန်ကောက် ဒီဇင်ဘာ ၁**

အရှေ့တောင် အာရှနိုင်ငံများအသင်း အာဆီယံ အတွင်းရေးမှူးချုပ်ဟောင်းလည်းဖြစ်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်းလည်းဖြစ်သူ ဆူရင်ပစ်ဆူဝန်သည် နိုဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပစ်ဆူဝန်သည် ကွယ်လွန်ချိန်၌ အသက် ၆၈ နှစ်ရှိပြီး ဘန်ကောက်မြို့တော်ရှိ ဆေးရုံတစ်ရုံတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဂျူတီကရီရစ်က ပြောကြားသည်။

ပစ်ဆူဝန်သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အာဆီယံ အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဝန်ကြီးချုပ် ချွန်လိပိုင်၏ လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

**ဆင်ဟွာ**

## ကန်နိုင်ငံခြားရေးဝန်ကြီးနေရာတွင် စီအိုင်အေ ဒါရိုက်တာအား အစားထိုးခန့်အပ်ရန် အိမ်ဖြူတော် စီစဉ်လျက်ရှိ



**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆွန်**

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆွန်၏ ရာထူးနေရာတွင် စီအိုင်အေ ဒါရိုက်တာ မိုက်ပိုမ်ပီယိုအား အစားထိုးခန့်အပ်ရန် အိမ်ဖြူတော်က စီစဉ်လျက်ရှိကြောင်း အမေရိကန်သတင်းဌာနများက ရေးသားထားကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

သည်နယူးယောက်တိုင်းမ်၊ သည်ဝါရှင်တန်ပို့စ်နှင့် အခြားသော မီဒီယာများက နိုဝင်ဘာ ၃၀ ရက်တွင် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ခဲ့ကြသည်။ ထို့ပြင် စီအိုင်အေ ဒါရိုက်တာ မိုက်ပိုမ်ပီယိုသည် သမ္မတထရန့်၏ အယုံကြည်ရဆုံး ထိပ်တန်းအရာရှိတစ်ဦးဖြစ်သည်ဟု ဖော်ပြထားသည်။

နိုင်ငံခြားရေးဝန်ကြီးနေရာတွင် စီအိုင်အေ ဒါရိုက်တာကို အစားထိုးခန့်အပ်မည့် စီစဉ်မှုများကို အိမ်ဖြူတော်အကြီးအကဲ ဂျွန်ကီလီက ပြုလုပ်ပြီးသော်လည်း သမ္မတထရန့်၏ အတည်ပြုချက်ကို စောင့်ဆိုင်းနေသည်ဟု မီဒီယာများက သတင်းရေးသားသည်။

ထိပ်တန်းအရာရှိများနှင့် ပတ်သက်သည့် အတည်ပြုချက်ချမှတ်ရန်နှင့် ပြည်သူများအား ကြေညာချက်ထုတ်ပြန်ရန် ဆောင်ရွက်ရာတွင် သမ္မတထရန့်အနေဖြင့် ယခင်ကနှင့်မတူဘဲ သေချာစွာ စဉ်းစားပြီးမှသာ လုပ်ဆောင်လျက်ရှိသည်ဟု သည်ဝါရှင်တန်ပို့စ် သတင်းစာက ဖော်ပြထားကြောင်း သိရသည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာ ဆန်ဒါးစ်က ယခုအချိန်တွင် အမှုထမ်းဆိုင်ရာ မည်သည့် ကြေညာချက်မျှမရှိသေးကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သမ္မတထရန့်နှင့် နိုင်ငံခြားရေးဝန်ကြီး တေလာဆွန်တို့အကြား ပြည်ပရေးရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းမှုအပေါ် သဘောထားကွဲလွဲလျက်ရှိကြောင်း ၎င်းတို့၏ ထင်မြင်ချက်ကို ပြောကြားကြသည်။ ယင်းကိစ္စရပ်များတွင် မြောက်ကိုရီးယား နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်နှင့် အီရန်နျူကလီးယားအရေးတို့ ပါဝင်သည်။

အောက်တိုဘာလအတွင်းက နိုင်ငံခြားရေးဝန်ကြီး တေလာဆွန်သည် အစိုးရအဖွဲ့မှ နုတ်ထွက်ရန် ဆန္ဒပြင်းပြလျက်ရှိသည်ဟု အမေရိကန်မီဒီယာများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ပက်ရှ်ဝါမြို့ရှိ ကျောင်းသားများ နေထိုင်ရာ ဘော်ဒါဆောင်ကို အကြမ်းဖက်တိုက်ခိုက် ကိုးဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ ကျောင်းသားများနေထိုင်ရာ ဘော်ဒါဆောင်တစ်ခုကို အကြမ်းဖက်သမားလေးဦးတို့က ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ပစ်ခတ်တိုက်ခိုက်ရာ ကိုးဦးထက်မနည်း သေဆုံးပြီး ၃၅ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသတွင်း သတင်းဌာနများက ဖော်ပြသည်။

ပက်ရှ်ဝါမြို့ရှိ စိုက်ပျိုးရေး ညွှန်ကြားရေးမှူးရုံးဝန်ထမ်းမိသားစုဝင်များနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသားများ ပစ်ခတ်တိုက်ခိုက်ခံရကြောင်း သတင်းတွင် ဖော်ပြသည်။

ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသူ လူကိုးဦး အနက်မှ ခြောက်ဦး၏ ရုပ်အလောင်းများကို ပက်ရှ်ဝါမြို့ရှိ ဟာရာတာဘတ်ဆေးရုံသို့ သယ်ဆောင်သွားပြီး ကျန်သုံးဦး၏ ရုပ်အလောင်းများကို ခိုင်ဘာသင်ကြားရေးဆေးရုံသို့ သယ်ယူသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က အတည်ပြုပြောကြားသည်။

အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်သူ လေးဦးစလုံးမှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားပြီး ပစ်ခတ်မှုဖြစ်ပွားရာနေရာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေး ပြုလုပ်နေကြောင်း တပ်မတော် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန (အိုင်အက်စ်ပီအာရ်)က ပြောကြားသည်။

ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ပက်ရှ်ဝါရှိ စစ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူခဲ့ကြောင်း အိုင်အက်စ်ပီအာရ်က ပြောကြားသည်။

ပါကစ္စတန်ကြည်းတပ် လေကြောင်းဌာနက ဝေဟင်မှ ထောက်လှမ်းပေးခဲ့ပြီး သံချပ်ကာ စစ်သည်တင်ယာဉ်များကို အသုံးပြု၍ စစ်သွေးကြွများကို ချေမှုန်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုကို မိမိတို့ ပြုလုပ်ခဲ့သည်ဟု သာရက်အိုင်-တာလီဘန် ပါကစ္စတန် စစ်သွေးကြွအဖွဲ့က ကြေညာခဲ့ကြောင်း အရုဏ်ဦး သတင်းစာက ဖော်ပြသည်။

**ဆင်ဟွာ**

# လက်တွေ့အသုံးချဆေးနည်းတို့(ဆေးမြီးတို့)များ(၄၂)

ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ ဆရာ မင်္ဂလာပါခင်ဗျာ၊ ဆီးချိုရောဂါအတွက် ဆေးနည်းလေး လမ်းညွှန်တင်ပြ ပေးစေချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ ဆီးချိုရောဂါက အရေးကြီးပါတယ်၊ မြို့ကြီးမှာနေပြီး ကုသနိုင်တဲ့ အခြေအနေရှိတယ်ဆိုရင် ဆီးချိုရောဂါ အထူးကုဆရာဝန်ကြီးတွေနဲ့ ပြသ၊ ကုသသင့်ပါတယ်၊ ကုသဖို့ အခက်အခဲ ရှိတဲ့သူတွေ ဆရာနှင့် အလှမ်းဝေးတဲ့ သူတွေသာ ဆေးနည်းတိုနဲ့ ကုသသင့်ပါတယ်၊ ဆီးချိုရောဂါမှာ နှစ်မျိုးရှိတယ်။ ဆီးချိုအမျိုးအစား (၁) မွေးရာပါ ဆီးချိုရောဂါ၊ မျိုးရိုးလိုက်သော ဆီးချိုရောဂါအတွက် သစ်ကြံပိုးခေါက် အမှုန့်ကို ဟင်းစားဇွန်းတစ်ဇွန်း နေ့စဉ်စားပေးရင် သက်သာစေနိုင်တယ်။ သင်္ဘောသီးအစိမ်းအတွင်းက အစေ့နဲ့ အစေး ကို ရေနွေးစိမ်သောက်ရင် သက်သာစေနိုင်တယ်၊ ပုတီးဖြူပင်ရဲ့ အရွက်ကိုပြုတ် အအေးခံပြီး တစ်နေ့ကိုမတ်ခွက်တစ်ဝက်လောက်သောက်ပေးရင် သက်သာစေပါတယ်။ အသက်ကြီးမှဖြစ်တဲ့ ဆီးချိုရောဂါ အမျိုးအစား (၂) အတွက် ခရေရွက် ပြုတ်ရည် အကြမ်းပန်းကန် တစ်လုံးကို ထမင်းစားပြီးတိုင်း တစ်ခွက်သောက်ပေးပါ၊ ဒါမှမဟုတ် ဆေးခါးကြီး (ရှမ်းဆေးခါး) အရွက်ပြုတ်ရည် အကြမ်းပန်းကန်တစ်လုံး နံနက်၊ ညသောက်ပါ၊ သကြားမကိုင်မှုရွက် နှစ်ရွက် အစိမ်းအတိုင်းစားပေးရင် ဆီးချိုကျစေတယ်။ မပေါ်ဂနီစေ့ သုံးစေ့ ဝါးစားပေးရင် ဆီးချိုကျစေပါတယ်။ တိုင်းရင်းဆေးမှာလည်း ဘေးထွက်ဆိုးကျိုး ရှိနိုင်တာမို့ မည်သည့် ဆေးပင်၊ ဆေးရွက်မဆို ချင့်ချိန်သုံးစွဲပါ။ မိမိနှင့် သင့်မသင့်ကို ဆီးချို အတက်အကျ တိုင်းတာနိုင်သော ကိရိယာ သုံးစွဲပြီး စစ်ဆေးသင့်ပါတယ်။

**မေး။ ။ ဆရာ သမီးအမေ ခြေဖနောင့်ထဲက အတက်လေး ထွက်နေတယ်ဆရာ။ အမျိုးသမီးတွေ အသက်ကြီးလာရင် ဖြစ်တတ်တယ်လို့လည်း ပြောတယ်ဆရာ။ ခြေထောက်က ထောက်လို့မရဘူး ဆရာ။ ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။**

ဖြေ။ ။ ဖနောင့်ကျိုးပေါင်း ဖြစ်တာပါ။ ဆားနင်းပေးပါ။ ပျားရည်လိမ်းပြီး ကြွပ်ကြွပ်အိတ် စွပ်အိပ်ပါ။ ဒါမှမဟုတ် သံပရာသီးကို ပြုတ်ပြီး ထောင်းစည်း ပေးပါ။ ဆေးမှုန့်နှင့် စည်းလိုလျှင် ချင်းခြောက် အမှုန့် နှစ်ဆ+ လင်းနေအမှုန့် တစ်ဆ+ သစ်ကြံပိုးခေါက်အမှုန့် တစ်ဆရောပြီး ရေနွေး နှင့်ဖျော်၍ ဖနောင့်တွင် အုံပြီး ၆ နာရီ ကြာအောင်ပတ်တီး ဖြင့် စည်းထားပါ။

**မေး။ ။ ဆရာ မင်္ဂလာပါ၊ သမီးဝမ်းသွားရင် ဝမ်းက တအားမချုပ်ဘဲ စအိုကနာနေလို့ ဝမ်းသွားလိုက်ရင် သွေးထွက်ချင်ပါတယ်။ ဝမ်းသွားရမှာတောင် ကြောက်နေပါတယ်။ ဘာဆေးလိမ်းရမလဲ သိချင်ပါတယ်။ ဆေးခန်းသွားပြရမှာလည်း ရှက်လို့ပါရှင့်။**

ဖြေ။ ။ စအိုအောင့်နာ အတွင်းလိပ်ခေါင်း လက္ခဏာပါ။ ညအိပ်ရာဝင် ဆားခါးနှစ်ဇွန်း၊ ရှောက်ရည်လေးဇွန်း၊ ပျားရည်တစ်ဇွန်း စပ်သောက်ပါ။ သို့မဟုတ် မန်ကျည်းမှည့် ဖျော်ရည်တွင် ဆားခါးဟင်းစားဇွန်း တစ်ဇွန်း ထည့်ဖျော်ပြီး သောက်ပါ။ ဝမ်းသန့်သွားအောင်ပါ။ နောက်တစ်ရက်မှာ ပန်းလဲပွင့်ခြောက် (ပရဆေးဆိုင် မေးဝယ်) ကို ရေနွေးမတ်ခွက် တစ်လုံးမှာ လက်ဖက်ခြောက်ခပ်သလို ခပ်သောက်ပါ။ သွေးကျပျောက်ပါတယ်။ ကျားမနိုင် မြစ်သွေး အုန်းဆီနဲ့ရော စအိုထဲဝင်အောင် လိမ်းပါ။ ရှားစောင်းလက်ပပ် အနှစ်ကို စအိုဝတွင် အတွင်းသို့ အနည်းငယ် ဝင်အောင် ထည့်ပြီး ကပ်ပေးပါ။

**မေး။ ။ ဆရာရှင့် သမီးက အသက် ၂၄ နှစ်ပါ။ ရာသီဥတု ပူလာရင် နှာစေးပြီး လည်ပင်းတွေ နာတတ်ပါတယ်။ အခုလည်း အာသီးရောင်နေပါတယ်။ သင့်တော်မယ့် ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။**

ဖြေ။ ။ အပူကြောင့်ဖြစ်တဲ့ အာသီးရောင်ရောဂါနဲ့ ပိုးကြောင့်ဖြစ်တဲ့ အာသီးရောင်ရောဂါဆိုပြီး နှစ်မျိုးရှိပါတယ်။ အာသီးရောင်ရောဂါကို သေချာမကုသရင် ပိုးလေးဖက်နာဖြစ်ပြီး နောက်ဆက်တွဲအဖြစ် နှလုံးကြောအခင်တွေ ရောင်ရမ်းတဲ့ရောဂါဖြစ်နိုင်တယ်။ ဆေးနည်းတိုကတော့ သင်္ဘောရိုးကနေ ထွက်တဲ့အစေးကို ရေနွေးပူပူ အကြမ်းပန်းကန် တစ်ခွက်မှာ ထည့်ဖျော်ပြီး သောက်ပါ။ သင်္ဘောသီး အမှည့်ကို ထက်ခြမ်းခြမ်း အစေ့တွေ ဖယ်ပြီး အလယ်အူတိုင်က အဖြူအမြှေးတွေပါအောင် ဇွန်းနဲ့ ခြစ်စားပါ။ ရေနွေးကြမ်းအဖန်ရည်မှာ ဆားလျော် အနည်းငယ်ထည့်ပြီး သောက်ပါ။ အာလုတ်ကျင်းပါ။ ဖီးကြမ်းငှက်ပျောသီး အမှည့်၏ အခွံမှာကပ်နေတဲ့ အမြှေးကို ခြစ်ယူပြီး ပျားရည်တစ်ဇွန်းနဲ့ ရောစပ်စားပါ။ ညအိပ်ရာဝင်ချိန် မန်ကျည်းဖျော်ရည် တစ်ခွက်မှာ ဆားခါးဟင်းစားဇွန်း တစ်ဇွန်းထည့်ဖျော်သောက်ပါ။ နလင်ကျော်ခေါက်သွေးပြီး မေးအောက်နဲ့ လည်ပင်းတစ်လျှောက်လိမ်းပါ။





**မေး။ ။ ဆရာရှင့် မင်္ဂလာပါ၊ သမီးတို့ လေ့လာရေးခရီးကြမ်းသွားတာ ရေကောင်းရေသန့် မရှိလို့ ရေမချိုးရတာ လေးရက်ကြာပါတယ်ရှင့်၊ ဝမ်းကလည်း သုံးရက်လောက်ချုပ်ပါတယ်။ သမီးတို့ထဲက တစ်ယောက်ရဲ့ အရေပြားမှာ အနာလေးတွေပေါက်တာ ရေယုန်လို့ ပြောပါတယ်။ ဖျားလဲ ဖျားပါတယ်။ အခု သမီးရဲ့ ဝမ်းဗိုက်မှာလဲ ယားဖုလေးတွေထွက်ပြီး နီနေပါတယ်။ အဲဒါ ရေယုန်ပေါက်တာလား သိချင်လို့ပါ။ ခန္ဓာကိုယ်ထဲမှာ ပူနေတယ်လို့ ခံစားရပါတယ် ဆရာ။ ရေယုန်ဆိုတဲ့ရောဂါ ဘာလို့ဖြစ်တာလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ရေယုန်က ပိုးကြောင့် ဖြစ်တာပါ။ အခန့်မသင့်ရင် ကူးစက်နိုင်ပါတယ်။ နေရောင်ခြည် မထိတွေ့တဲ့ နေရာတွေမှာ ပေါက်ရင် ပိုးပြီးပွားလွယ် ပါတယ်။ ချိုင်းအောက်၊ ရင်ဘတ်၊ နောက်ကျော၊ ဝမ်းဗိုက်မှာ အမြန် ပွားတတ်တယ်။ အဖျားပါ ဝင်လာတတ်တယ်။ အဖျားကာကွယ်၊ အရောင်ကျဆေး၊ ပိုးသတ်ဆေး သုံးမျိုးပေးမှ ပျောက်ကင်းနိုင်ပါတယ်။ ကိုယ်တွင်းပေါက်ရင် အကျႌချွတ်ပြီး နေရောင်ခြည်ပြပြီးမှ ဆေးလိမ်းရပါမယ်။ ဆေးနည်းတိုကတော့- ကင်းပုံရွက် ရေစင်အောင်ဆေး သတ္တုရည်ညှစ်ပြီး လိမ်းပေးပါ။ ကြက်သွန်ဖြူညက်အောင် ထောင်းအုံပေးပါ။ လေးညှင်းပွင့် ရေစိမ်ပြီး ညက်အောင် ထောင်းလိမ်းပါ။ ကုက္ကိုရွက်ထောင်း အရည်ညှစ် ပျားရည်နဲ့ ရောစပ်လိမ်းပါ။ ကျွန်းသားမီးသွေး ထောင်းပြီး အုန်းဆီနဲ့ ရောစပ်လိမ်းပါ။ အနာဖြစ်ရင် ပိစပ်ရွက် အရည်ညှစ် ဖန်းဆေးပေးပါ။ ပျားရည်၊ အုန်းဆီ၊ သံပရာရည် ရောစပ်လိမ်းပါ။ ခွေးတောက်ရွက် မီးကင် အရည်ညှစ် လိမ်းပါ။

**မေး။ ။ ဆရာ မင်္ဂလာပါ၊ ကျွန်မအမျိုးသားက လေနာရောဂါ ဖြစ်နေပါတယ်။ ဆရာဝန်နဲ့ပြတာ အူရောင်တာလို့ ပြောပါတယ်။ ဆေးသောက်ပေမယ့် ဗိုက်က အောင့်နေပါတယ်။ လှုပ်ရှားမှုများရင် ပိုအောင့်ပါတယ်။ ဖြစ်တာ သုံးလလောက်ရှိပါပြီ။ မပျောက်သေးပါဘူးရှင့်။ ကျေးဇူးပြုပြီး ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။**

ဖြေ။ ။ ထမင်းနဲ့ မာတဲ့အစာတွေ ခဏရပ်ပြီး ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်၊ ပဲရာဇာခေါ် ပဲနီလေး လက်တစ်ဆုပ်စာ ရောပြုတ်၊ ကြက်သွန်နီ ဥတစ်ဥ ထည့်ပြုတ်ပါ။ ထမင်းစားချင်ရင် နေ့လယ်စာတစ်နပ်ပဲ ပူပူနွေးနွေး နှမ်းဆီ သင့်ရုံဆမ်းပြီး စားပါ။ အသားပြုတ်ကြော်၊ ငါးကြော်၊ ကြက်ဥကြော်၊ ပဲရာဇာ ဒါမှမဟုတ် ပဲစင်းငုံ ဟင်းချိုနဲ့စားပါ။ အကြော် အလှော် အကြွပ်ကြော်တွေ မစားရပါ။ အပူအစပ်၊ လက်လုပ်ချဉ်တွေ လုံးဝ မစားရပါ။ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်တွေ မစားရပါ။ အစာအိမ်အတွက် မနက်ထထချင်းနဲ့ ညအိပ်ရာဝင်ချိန်တွေမှာ ပျားရည်တစ်ဇွန်း ရေအေးနဲ့ သောက်ပါ။ တိုင်းရင်းဆေး အမှတ် ၁၆ အပူငြိမ်းဆေးနဲ့ ဆေးအမှတ် ၇ နွယ်ချိုကဲ ဆေးတို့ကို ဆတူရောစပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါ။ ညနေဘက်မှာတိုင်းရင်းဆေး အမှတ် ၂ လေမျိုး ၈၀ ဆေးကို ရေနွေးနဲ့ ရှောက်ရည်စပ်သောက်ပါ။

**မေး။ ။ ဆရာရှင့်၊ ကျွန်မသားက အသက်ခြောက်နှစ်ပါ။ ချောင်းတော်တော် ဆိုးနေပါတယ်။ လည်ပင်းယားပြီး ချောင်းဆိုးတာပါ။ ချွဲလည်းရှိပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေး ညွှန်ပြပေးပါဆရာ။**

ဖြေ။ ။ ချောင်းဆိုးချွဲထရင် ကွမ်းရွက်ကို ကတော့ထိုး၊ ဆားထည့်ထုပ်၊ သံပြားပေါ်တင် မီးဖုတ်ပြာချပါ။ အဲဒီပြာဆားကို သံပရာရည်နဲ့ ဖျော်လျက်ခိုင်းပါ။ ရွှေကြီးစေ့လောက် ခွံ့ပေးရင်လည်း ရပါတယ်။ မုန်ညင်းဆီ မီးနဲ့ချက် ရင်ဘတ်၊ နောက်ကျော လိမ်းပေးပါ။ ကွမ်းရွက် မီးကင်ပြီး ရင်ဘတ်မှာ ကပ်ပေးပါ။ ချွဲပျော်စေဖို့ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်ကျွေးပါ။

**မေး။ ။ မင်္ဂလာပါဆရာ၊ ကျွန်တော့ဇနီးမှာ ပန်းနာရင်ကျပ်ဖြစ်နေလို့ပါဆရာ။ ဘာဆေးစားရမလဲ ခင်ဗျာ။ လမ်းညွှန်ကူညီပေးပါဦး ဆရာ။**

ဖြေ။ ။ ပန်းနာအတွက် ဇော်ဂျီတောင်ဝှေးပင် အရွက်၊ ပင်စည်အရိုး ပဥ္စငါးပါးကို ဒိုဘာလာ သကြားခေါ် မှန်ရောင်သကြားခဲနဲ့ ရောကျိုပါ။ ရေနွေးကြမ်း သောက်သလို တစ်နေ့လုံး သောက်ပါ။ တစ်နေ့ မတ်ခွက် နှစ်လုံးလောက် သောက်ဖို့ လိုပါတယ်။ (ဒိုဘာလာသကြား၊ မှန်ရောင်သကြားကို ပရဆေးဆိုင်မှာ ဝယ်ပါ) စာရေးဆရာကြီး ဓူဝံရဲ့ လက်တွေ့ နှစ် ၄၀ ကြာ ပန်းနာပျောက်တဲ့နည်း ဖြစ်ပါတယ်။

**မေး။ ။ ဆရာ မင်္ဂလာပါ၊ ကျွန်တော့အမေမှာ သွေးတိုးရောဂါ ရှိပါတယ်။ တစ်ရက်ခြား၊ နှစ်ရက်ခြားလောက် သွေးတိုးနေတတ်ပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။**

ဖြေ။ ။ သွေးတိုးရောဂါအတွက် ဒန့်သလွန်ရွက်ထောင်း၊ အရည်ညှစ်အကြမ်းပန်းကန် တစ်လုံးစာသောက်ပါ။ ဒါမှမဟုတ် ဒန့်သလွန်သီး အစေ့ခြောက် နှစ်စေ့ ထမင်းစားပြီးတိုင်း စားပါ။ ညအိပ်ရာဝင်မှာ ရှောက်ရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်း စပ်သောက်ပါ။ ခြေလေးချောင်းသား ရှောင်ပါ။ အသီးအနှံနဲ့ ငါးစားပါ။ သွေးပေါင်ချိန်ကို နေ့စဉ် ပုံမှန်ချိန်ပါ။ ဆရာဝန်ပေးတဲ့ သွေးကျဆေး နေ့စဉ်စားပါ။ အသီးအရွက်တွေလည်းစားပါ။

**မေး။ ။ ဆရာ မင်္ဂလာပါရှင့်၊ ကျွန်မ တစ်ခုလောက် မေးပါရစေရှင့်။ ဇက်ကြောက တင်းနေပြီး နေရထိုင်ရခက်နေပါတယ်။ အလုပ်ကတော့ ရုံးဝန်ထမ်း တစ်ယောက်ပါရှင့်။ အထိုင်များလို့လားရှင့်။ ကျေးဇူးပြုပြီး ဆေး နည်းလေး ညွှန်ပြပေးပါဆရာ။**

ဖြေ။ ။ ဇက်ကြောတက်ရောဂါ ဖြစ်တာပါ။ ခေါင်းငုံ့အလုပ်လုပ်သူ၊ စာရေးစာဖတ် များသူတို့မှာ ဖြစ်လေ့ရှိပါတယ်။ မျက်နှာသစ်ရင် ရေကို လက်ခုပ်နဲ့ယူပြီး ဇက်ပိုးမှာ ရိုက်ပေးရင် ဇက်ကြောတက် သက်သာတယ်လို့ ရှေးလူကြီးတွေက ဆိုပါတယ်။ ဆေးနည်းတိုကတော့- ကွမ်းရွက်ကို မီးကင်ပြီး ဇက်ကြောမှာ ကပ်ပေးပါ။ သို့ မဟုတ် ရဲယိုရွက် မီးကင် နှမ်းဆီသုတ်ပြီး ကပ်ပေးပါ။ သို့မဟုတ် သင်္ဘောရွက်ကို ပျော့အောင် ရေနွေး ခဏစိမ်ပြီး ဇက်ကျိုးပေါင်းဖုနေတဲ့နေရာမှာ ကပ်ပေးပါ။ အာလူးသီးကို ပါးပါးလှီးပြီး ဇက်ကြောတက်တဲ့ နေရာမှာ ကပ်ပေးပါ။ ဗာဒံရွက်ကို မီးကင်ပြီး ဇက်ကြောတက်တဲ့ နေရာမှာ ကပ်ပေးပါ။ ကြေးဇွန်းကို နွေးအောင် မီးကင်ပြီး ဇက်ကြောတက်တဲ့ နေရာမှာဖိကပ်ပါ။ မိဿလင် အခြောက်မှုန့်ကို အဝတ်နဲ့ ထုပ်ပြီး ရေနွေးအငွေ့ခံပြီး ဇက်ကြောတက်တဲ့ နေရာမှာ ကြပ်ထုပ်ထိုးပေးပါ။ ။





## အသက်(၂၂)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**သရက် ဒီဇင်ဘာ ၁**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့တွင် ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ခြောက်မြို့နယ် အသက်(၂၂)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာလ နောက်ဆုံးပတ်က ခရိုင်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် သရက်မြို့နယ်အသင်းနှင့် မင်းတုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ သရက်မြို့နယ်အသင်းက အနိုင်ရရှိခဲ့သည်။ ပထမဆုရရှိသည့် သရက်မြို့နယ်အသင်းအား ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ငွေသားဆုနှင့် တံခွန်စိုက်ဖလားအားလည်းကောင်း၊ သရက်ခရိုင် ရဲတပ်ဖွဲ့မှူးက တစ်ဦးချင်း ဆွဲပြားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မင်းတုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက ဒုတိယဆုရရှိသည့်မင်းတုန်းမြို့နယ်အသင်းအား တစ်ဦးချင်း ဆွဲပြားများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်နှင့် တာဝန်ရှိသူများက နောက်တန်း၊အလယ်တန်း၊ ရှေ့တန်းနှင့် ဂိုးသမားအကောင်းဆုံးဆုများကိုအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## ဝေးလံခေါင်ဖျားကျေးရွာများသို့ နေရောင်ခြည်သုံး ဆိုလာမီးများပေးအပ်

**မောက်မယ် ဒီဇင်ဘာ ၁**
ဝေးလံခေါင်ဖျားပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် ကျေးရွာများဖြစ်ကြသော ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု၊ ပုံစုတ်ကျေးရွာနှင့် မိုက်ရှားစေးကျေးရွာတို့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေရောင်ခြည်သုံး ဆိုလာမီးများ ၄၅ စုံအား ဒီဇင်ဘာ ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပေးအပ်ပွဲကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ဦးတို့က ပေးအပ်ကြပြီး ကဒူးကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပုံစုတ်ကျေးရွာ၊ မိုက်ရှားစေးကျေးရွာသူကြီးတို့က လက်ခံရယူကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောက်မြောင်းမြို့ ကျေးရွာငါးရွာအား လူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်

**ကျောက်မြောင်း ဒီဇင်ဘာ ၁**
စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ကျောက်မြောင်းမြို့နယ်ရှိ ဧရာဝတီမြစ်ကမ်းဘေးရှိ နွယ်ငြိမ်း၊ ရွှေခွန်၊ ရွှေတိုက်၊ မလားကျေးရွာနှင့် မခေါက်ကျေးရွာတို့တွင် မိရိုးဖလာလုပ်ငန်းဖြစ်သည့် စဉ့်အိုးလုပ်ငန်းနှင့် ကျေးရွာများ၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကို ခရီးသွားလုပ်ငန်းအဖြစ် ပြသနိုင်ရန် နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"နွယ်ငြိမ်းနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေ ပူးပေါင်းပြီး ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း လုပ်ကြတယ်၊ လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေကို ကျေးရွာက လမ်းညွှန်လုပ်တဲ့ လူငယ်တွေက တစ်ဆင့်ခံပြီး ကျေးရွာက စဉ့်အိုးလုပ်ငန်းတွေကို ရှင်းလင်းပြမယ်၊ အဲဒီဝန်ဆောင်မှုတွေအတွက်ကို ကျေးရွာက ဝင်ငွေတွေရမယ်၊ အဲဒီဝင်ငွေအပေါ်မှာ မူတည်ပြီး ကျေးရွာရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်နိုင်မယ်၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အခြေခံအချက်(၁၄)ချက်ကိုတော့ လိုက်နာရမှာပါ၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာ ပထမအကြိမ်အဖြစ် ဖွင့်လှစ်တာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

ရပ်ရွာ အခြေပြု ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုပ်မည့် ကျေးရွာများအနေဖြင့် အခြေခံအဆောက်အအုံများ ကောင်းရမည်၊ ကျေးရွာများတွင် လေ့လာနိုင်စရာများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှိရမည်ဖြစ်ပြီး အဓိကအနေဖြင့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှု၊ စည်းရုံးမှုများသည် အရေးကြီးအချက်များဖြစ်ကြောင်း သိရသည်။

"သူများနိုင်ငံတွေက ကိုယ့်နိုင်ငံကို လာဖို့ နည်းမျိုးစုံနဲ့ ဖိတ်ခေါ်တဲ့ အခါမှာ ကျွန်တော်တို့မြို့ကိုလာလည်တဲ့ နိုင်ငံခြားသားတွေကို ကိုယ့်မြို့မှာ နေထိုင်ခွင့်မရဘဲ တခြားမြို့တွေကို တွန်းပို့နေရသလိုဖြစ်နေတယ်၊ သူများတွေက ခရီးသွားလုပ်ငန်းနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတဲ့ အချိန်မှာ ကျွန်တော်တို့မှာလည်း ဒီလိုခရီးသွားလုပ်ငန်းတွေ ရှိနေရက်နဲ့ မလုပ်နိုင်တဲ့အတွက် ကိုယ်လုပ်နိုင်တဲ့ အနေအထားမျိုး၊ အခွင့်အရေးမျိုးသာ ရခဲ့မယ်၊ ဒီလုပ်ငန်းကိုရအောင်လုပ်မယ်ဆိုတဲ့ စိတ်နဲ့ အကောင်အထည်ဖော်ခဲ့တာပါ" ဟု ရွှေဘိုမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူ က ပြောသည်။




ရပ်ရွာအခြေပြု ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအဖြစ် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်အတွင်း ဧရာဝတီမြစ် ကမ်းဘေးတစ်လျှောက်ရှိ နွယ်ငြိမ်း၊ ရွှေဂူ၊ ရွှေတိုက်၊ မလားနှင့် မခေါက်ကျေးရွာများတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာများ၏ အဓိကလုပ်ငန်းဖြစ်သော စဉ့်ထည်လုပ်ငန်း၊ ကျေးရွာ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများဖြစ်သော လူနေမှုစရိုက်များ၊ ရိုးရာလှေပြိုင်ပွဲ၊ မီးထွန်းပွဲတော်၊ ဆင်အကဆင်အလှနှင့် ဧရာဝတီမြစ်အတွင်း ရိုးရာလှေစီးခြင်း စသည့်တို့ဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များကို ဆွဲဆောင်သွားရန်စီစဉ်ထားကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ကမ္ဘာ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ စုပေါင်းလမ်းလျှောက်

**မြင်းခြံ ဒီဇင်ဘာ ၁**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းလမ်းလျှောက်ခြင်းကို ဒီဇင်ဘာ ၁ ရက် နံနက် ၆ နာရီခွဲက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ် "လူတိုင်း၏ ကျန်းမာရေး တူညီအခွင့်အရေး ဆောင်ကြဉ်းပေး" ဆိုင်းဘုတ်အား ကိုင်ဆောင်၍ စုပေါင်းလမ်းလျှောက်ခြင်းကို မြင်းခြံခရိုင် ဆေးရုံကြီးမှ စတင်ထွက်ခွာခဲ့ကြပြီး ဗိုလ်ချုပ်လမ်းတစ်လျှောက်မှ မဏိကဥ္စနာခန်းမရှေ့ရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ရပ်နားခဲ့သည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် မြင်းခြံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်း၊ ခုခံကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြူမာမြင့်၊ ပြည်ကြီးခင်အဖွဲ့၊ ချမ်းမြေ့မေတ္တာကိုယ့်အားကိုယ်ကိုးအဖွဲ့၊ The Union အဖွဲ့၊ NGO နှင့် INGO အဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများပါဝင်၍ စုပေါင်းလမ်းလျှောက်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



# တောင်သမန်အင်းအတွင်း ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ နိုင်ငံတကာခရီးသွားများ နှစ်သက်စွာ မှတ်တမ်းဓာတ်ပုံရိုက်ကူး

**မန္တလေး ဒီဇင်ဘာ ၁**
မန္တလေးသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ ယခုရာသီတွင် တောင်သမန်အင်းအတွင်း ဒေသခံများ၏ ကွန်ပစ်ငါးဖမ်းသည့် ဓလေ့ကို နှစ်သက်စွာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ယခုရာသီတွင် တောင်သမန်အင်း၏ သဘာဝသည် ရေများကျဆင်းလျက်ရှိသည့်အတွက် အချို့နေရာများတွင် မြေနုကျွန်းများပေါ်လာပြီး ၎င်းနေရာများတွင် ဒေသခံများမှ ထွန်ယက်စိုက်ပျိုးကြသဖြင့် စိမ်းစိုနေသော စိုက်ခင်းကြီးများအလယ်တွင် တင့်တယ်စွာတည်ရှိနေသော ဦးပိန်တံတားကြီး၏ အလှတရားနှင့်အတူ အချိန်မှန်ရောက်ရှိလာတတ်သော ဆောင်းခိုငှက်များ ရောယှက်ပေါင်းစပ်စေခြင်းဖြင့် ဟေမာန်ဆောင်းအလှကို ထင်ဟပ်ဖော်ကြူးနေသော ပန်းချီကားကြီးတစ်ချပ်ပမာ ကြည့်ရှုသူများ စိတ်နှလုံးကို အေးချမ်းမှုရသများ ပေးစွမ်းလျက်ရှိနေသည်။

"ဒီလိုအချိန်မှာ နိုင်ငံတကာခရီးသွားတွေက မနက်ခင်းဆို ဆောင်းခိုငှက်တွေရဲ့ သဘာဝအလှနဲ့ အင်းအတွင်းကွန်ပစ်ပြီးငါးဖမ်းကြတဲ့ ဒေသခံတွေရဲ့ ဓလေ့ကို ငှက်လှေစီးပြီး နှစ်သက် သဘောကျစွာ မှတ်တမ်းဓာတ်ပုံရိုက်လေ့ရှိကြသလို ညနေခင်းမှာလည်း လှေစီးပြီး Sun set ကြည့်ဖို့လာကြတယ်၊ ဒီတောင်သမန်အင်းထဲမှာရှိနေတဲ့ သဘာဝအလှတွေက သူတို့အတွက် အကောင်းဆုံး ခရီးသွားမှတ်တမ်းတွေပါပဲလို့ အမြဲပြောကြတယ်"ဟု တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်က ပြောသည်။

ငှက်လှေငှားရမ်းနှုန်းများအနေဖြင့် ငှက်လှေတစ်စင်းလျှင် ငွေကျပ် ၈၀၀၀၊ ပြည်ပဧည့်သည်များအတွက် တစ်စင်းလျှင် နှစ်ယောက်စီး ငွေကျပ် ၁၂၀၀၀နှင့် လေးယောက်စီး ငွေကျပ် ၁၅၀၀၀ ဖြစ်၍ ညနေ ၅ နာရီခန့်မှ နေဝင်သွားချိန်အထိ ကြာမြင့်ကြောင်း သိရသည်။



ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် လေးသိန်းကျော်ဝင်ရောက်ရန် ခန့်မှန်းထားပြီး လက်ရှိ ဇန်နဝါရီမှ အောက်တိုဘာလအထိ ၃၇၄၂၂၁ ဦးဝင်ရောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပြည် ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်းသည် ပြည်ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့်အတူ နိုဝင်ဘာ ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ် အတွင်း ဆောင်ရွက်လျက်ရှိသော ပန်းတောင်းမြို့နယ်အတွင်းရှိနတ်မောတ် ကျေးရွာလမ်း ရွှေတံငါချောင်းကူးတံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လူထုဗဟိုပြုစီမံကိန်း(CDD)မှ ဆောင်ရွက်လျက်ရှိသော မန်ကျည်းပင်ကွင်းလမ်းနှင့် ရွှေဘုံသာကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများသို့ ကွင်းဆင်းကြည့်ရှုခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဌေးဇော်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

## ဖျာပုံခရိုင်တွင် နွေစပါးဧက ၃၇၀ ၀၀၀ ကျော် စိုက်ပျိုးမည်

**ဖျာပုံ ဒီဇင်ဘာ ၁**

၂၀၁၇-၂၀၁၈ ခု နွေစပါးစိုက်ပျိုးရာသီ၌ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် နွေစပါး ၃၇၉၄၆၄ ဧက စိုက်ပျိုးမည့်ဖြစ်ရာ ဖျာပုံမြို့နယ်တွင် ၇၆၇၆၃ဧက၊ ဘိုကလေးမြို့နယ်တွင် ၁၀၂၇၄၂ ဧက၊ ကျိုက်လတ်မြို့နယ်တွင် ၁၂၅၃၀၈ ဧကနှင့် ဒေးဒရဲ မြို့နယ်တွင် ၇၄၉၅၁ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကျော်လှိုင်ထံမှသိရသည်။

ကျိုက်လတ်မြို့နယ်သည် နွေစပါးစိုက်ပျိုးရန် သဘာဝမြေအနေအထားကောင်းခြင်းနှင့် စိုက်ပျိုးရေအတွက် ရေသွင်းရေထုတ်စနစ် လွယ်ကူအဆင်ပြေသဖြင့် နွေစပါးစိုက်ပျိုးရန် လျာထားဧက အများဆုံးဖြစ်ပြီး နှစ်စဉ်လည်းအထွက်ကောင်းလျက်ရှိကြောင်း သိရသည်။ ဖျာပုံခရိုင်အတွင်း နွေစပါးစိုက်ပျိုးပြီးဧက ၂၀၄၆၂ ရှိပြီဖြစ်ကြောင်း သိရသည်။ **အောင်ဝင်း (ဖျာပုံ)**

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်နိုင်ဝင်းက ပဲခူးတိုင်းဒေသကြီး အတွင်း HIV/AIDS ရောဂါနှင့် ကာလသားရောဂါ ဆိုင်ရာ ကာကွယ်ရေး၊ ကုသရေး၊ စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ကျန်းမာရေးဆိုင်ရာပြခန်းများအား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးငြိမ်းတိုက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားအား နှစ်စဉ်နှစ်တိုင်းကမ္ဘာတစ်ဝန်းလုံးတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ ကုသရေး လုပ်ငန်းများ၊ စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများအား လူသား အားလုံး သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ယခုနှစ် ဆောင်ပုဒ်သည် လူတိုင်း၏ ကျန်းမာရေး၊ တူညီအခွင့်အရေး ဆောင်ကြဉ်းပေးဖြစ်ကြောင်းသိရ သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း HIV/AIDS ရောဂါ ကုသရေးနှင့် စဉ်ဆက်မပြတ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတစ်ခုဖြစ်သော ART ဆေးများအား ခရိုင် လေးခုရှိ အထွေထွေရောဂါကု ဆေးရုံကြီးများအပြင် မြို့နယ် ၁၄ ခုရှိ ဆေးရုံများတွင်လည်း အခမဲ့ကုသပေးလျက်ရှိသည်။ လူနာ ခံနိုင်ရည်အားစနစ်ကို စစ်ဆေးနိုင်ရန်အတွက် ယခင်ကရန်ကုန်မြို့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းသို့ သွားရောက်စစ်ဆေးရသော်လည်း ယခုအခါ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီ၊ ဖြူးမြို့နယ် ဆေးရုံများတွင် စစ်ဆေးနိုင်ပြီး စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုအားဖြင့် ဝေဒနာရှင်များ ဆေးကုသမှုခံယူရာတွင် ဝေဒနာရှင်ဘက်မှ စိုက်ထုတ်ကုန်ကျငွေ မရှိသလောက် နည်းပါးသွား မည် ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လွှတ်တော်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့များ၊ NGO များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **ဟိန်းထက်(ခရိုင်/ပြန်ဆက်)**

# အထပ် ၁၈ ထပ်ပါ အပျော်စီး ခရီးသည်တင် သင်္ဘော MS.GENTING DREAM အက်ဒမန်ပင်လယ် ခရင်းခွကျွန်းသို့ လည်ပတ်

**ကော့သောင်း ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပင်လယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ Tint Tint Myanmar Group of Companies နှင့် ဟောင်ကောင်နိုင်ငံအခြေစိုက် Star Cruise အပျော်စီးသင်္ဘောကုမ္ပဏီတို့ ပူးပေါင်း အစီအစဉ်အဖြစ် အပျော်စီးခရီးသည်တင် သင်္ဘော MS. GENTING DREAM သည် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် အက်ဒမန်ပင်လယ် ကော့သောင်းမြို့နယ် ခရင်းခွကျွန်း (Mc Cloud Island) သို့ နိုင်ငံစုံမှ ခရီးသွားဧည့်သည် ၂၅၀၀ ဖြင့် ခရင်းခွကျွန်းပေါ်ရှိ Myanmar Andaman Resort သို့ နေ့ချင်းပြန် ခရီးစဉ်အဖြစ် တက်ရောက်လည်ပတ် အပန်းဖြေခဲ့ကြောင်း သိရသည်။

တက်ရောက်လည်ပတ် အပန်းဖြေကြသည့် ခရီးသွားဧည့်သည်များအား ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့်တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ Tint Tint Myanmar Group of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်နှင့် ဝန်ထမ်းများ၊ ဒေသခံ မြန်မာရိုးရာယဉ်ကျေးမှု အကအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။

Bahamas နိုင်ငံမှ မှတ်ပုံတင်ထားသည့် အဆိုပါသင်္ဘောသည် မြန်မာနိုင်ငံ အက်ဒမန်ပင်လယ်အတွင်းရှိ ခရင်းခွကျွန်း ( Mc Cloud Island) ရှိ Myanmar Andaman Resort နှင့် ကော့သောင်းမြို့အနီး လှပသာယာသည့် ကျွန်းများသို့ ဒုတိယအကြိမ် ခရီးစဉ်အဖြစ် တိုက်ရိုက် တစ်နေ့တာ လာရောက်လည်ပတ်ကာ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

တစ်စတစ်စ ပွင့်လင်းတိုးတက်ဖွံ့ဖြိုးလာနေသည့် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကအားထားရာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် သာယာလှပသည့်သဘာဝကျွန်းပေါင်းများစွာသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များထံမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများ ရရှိနေပြီဖြစ်ရာ ယခုလာရောက်လည်ပတ်သည့်အပျော်စီးသင်္ဘောကြီး MS.GENTING DREAM သည် ပထမဆုံးအကြိမ်အဖြစ် ပင်လယ်ရေလမ်းကြောင်းမှ ဒေးရီတမ်းပုံစံအဖြစ် မြန်မာနိုင်ငံ အက်ဒမန်ပင်လယ်အတွင်းရှိကျွန်းများသို့ လာရောက်လည်ပတ်ခြင်းဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များရှိသေးသော်လည်း အချိန်တိုအတွင်း ပင်လယ်ရေလမ်းကြောင်းမှ ဒေးရီတမ်းပုံစံအဖြစ် လာရောက်လည်ပတ်သဖြင့် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးလုပ်ငန်းကဏ္ဍ အချိန်တိုအတွင်း ပိုမိုဖွံ့ဖြိုးလာပြီး ကမ္ဘာ့အခြားနိုင်ငံများမှ ခရီးသွား ဧည့်သည်များစွာထပ်မံလာရောက် လည်ပတ်ရန် အစီအစဉ်များရှိကြောင်း Tint Tint Myanmar Group of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်၏ ပြောကြားချက်အရသိရသည်။

**ကျော်စိုး(ကော့သောင်း)**





ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့မစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးသည် နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက သုံးခွမြို့နယ် ကျားဘိုကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေးပညာပေး ဟောပြောရာ ကျေးရွာပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဖြေဖု**

## ကျေးလက်လူငယ် အခြေခံကွန်ပျူတာသင်တန်းဆင်း

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ပြည်သူများ ကွန်ပျူတာနည်းပညာတတ်မြောက်ရေးအတွက် သင်တန်းများအား ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးနှင့် ညောင်ငူကျေးရွာတွင် ကျေးလက်လူငယ်အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ် သင်ကြားခဲ့ကြောင်းသိရသည်။ **သက်မှူး**



ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်းနှင့်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ် ဘိုးရင်ကလေးကျေးရွာအုပ်စု ဂျုံးဂျုံးကျေးရွာ ဝေါဗီရှင်းရုံးတွင် တလုပ်ကုန်းကျေးရွာ ရာအိမ်မှူးဦးလှမြင့်နှင့်ကျေးရွာသူကျေးရွာသား ၆၀ ခန့်အား သက်ငယ်မုဒိမ်းမှုပပျောက်ရေး နှင့် မှုခင်းပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## တရားရေး အရာထမ်း၊ အမှုထမ်းများအား အရည်အသွေးမြှင့် သင်တန်းပို့ချ

**ဘားအံ ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်ကုလသမဂ္ဂအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေး၊ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများနှင့် ကျား၊ မ ဆိုင်ရာသင်တန်း (Rule Of Law, Fair Trial Standard and Gender Training) ဖွင့်ပွဲ အခမ်းအနားကို အမှတ် ၈ ရပ်ကွက် ရွှေကွင်း ၄ လမ်းရှိ သံလွင်ပါရာဒိုက်ဟိုတယ်၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက တရားစီရင်ရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် မူဝါဒ နှစ်ရပ်၊ ရည်မှန်းချက်လေးရပ်ချမှတ်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီး တိုးတက်မြင့်မားအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးတို့အား ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ပြည်နယ်တရားသူကြီး ဦးသိန်းကိုကိုက တရားရုံးများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ ပြည်သူများယုံကြည်ကိုးစားလာစေရန် တရားသူကြီးများမှ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့် လည်းကောင်း၊ တရားရုံး၏ဂုဏ်သိက္ခာကိုထိန်းသိမ်းရန်နှင့် တရားစီရင်ရေးကျင့်ဝတ်များကို လေးစားလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ကြောင်းပြောကြားပြီး UNDP မှ Ms.Shama Farooq က သင်တန်းနှင့်ပတ်သက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

တရားဥပဒေစိုးမိုးရေးအခြေခံမူ၊ တရားမျှတမှုဆိုင်ရာ စံချိန်စံနှုန်းများ၊ ကျား၊ မတန်းတူရေးဆိုင်ရာ အခြေခံအချက်များ၊ လူ့အခွင့်အရေးဆိုင်ရာများ၊ တရားစီရင်ရေးနှင့်တရားဥပဒေ စိုးမိုးရေးအကျိုးပြုပုံနည်းလမ်းများ အစရှိသည့် ဘာသာရပ်များကို UNDP မှ တာဝန်ရှိသူများက ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နယ်စပ်ဒေသရှိတိုင်းရင်းသူများအတွက် ယခုထက် ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေး

**လွိုင်ကော် ဒီဇင်ဘာ ၁**
လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက အခြေခံအိမ်တွင်းမှု သင်တန်းကျောင်း အမှတ်စဉ် (၆၉/၂၀၁၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၈/၂၀၁၇)၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၃/၂၀၁၇)နှင့်အခြေခံသိုးမွှေးစက်ဆွဲသင်တန်းအမှတ်စဉ် (၁၀/၂၀၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပ သည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သင်တန်းမှ ပို့ချပေးသော ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် အခြေခံပညာရပ်များ သင်ကြားပေးပြီးဖြစ်ရာ သင်တန်းသူများ အနေဖြင့် မိမိကိုယ်တိုင် ဝါယမစိုက်ထုတ်ပြီး ထပ်မံလေ့လာကြိုးပမ်း ရန်လိုအပ်ကြောင်း၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအထိ အမှန်တကယ် တက်ရောက်လိုသူများ သိရှိစေရေး ပိုမိုထိရောက်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းအလိုက် ဘာသာရပ်များအား ထိရောက်စွာ သင်ကြားပေးလျက်ရှိရာ နယ်စပ်ဒေသရှိ တိုင်းရင်းသူများအတွက် ယခုထက်ပိုမို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ သင်တန်းပြီးမြောက်ပါကလည်း လက်တွေ့နယ်ပယ်တွင် သင်တန်းမှ ပို့ချသည့် ပညာရပ်များအား အမှန်တကယ် အသုံးချသွားရန်နှင့် ဆက်လက်လေ့လာဆည်းပူးသွားရန်လိုအပ်ကြောင်း အဖွင့်အမှာစကားတွင်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က အဆင့်မြင့်စက်ချုပ်သင်တန်း ထူးချွန်ဆု၊ အခြေခံအိမ်တွင်းမှု သင်တန်းထူးချွန်ဆု၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း ထူးချွန်ဆု၊ အခြေခံသိုးမွှေးစက်ဆွဲ သင်တန်းထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းသူများအားလုံး ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနား အပြီးတွင် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများအား ကြည့်ရှုအားပေး ခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ပေ၁၀၀ပတ်လမ်းအတွင်း ပါဝင်သွားသောခြံရှင်များအား လျော်ကြေးငွေ ပေးချေနိုင်ရေးညှိနှိုင်းစည်းဝေး

**ပဲခူး ဒီဇင်ဘာ ၁**
ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ပေ၁၀၀ ပတ်လမ်းအတွင်း ပါဝင်သွားသော ရော်ဘာခြံရှင်များအား လျော်ကြေးငွေပေးချေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၃နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းသည် နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ လျော်ကြေးငွေပေးလျော်ခြင်းသည် နိုင်ငံတော်ဘဏ္ဍာငွေဖြစ်၍ အလေအလွင့်မရှိ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွင်းဆင်းစိစစ်ခြင်း၊ လျော်ကြေးငွေပေးချေခြင်းလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ယခင်ကွင်းဆင်းတိုင်းတာချက်များအပေါ် ရော်ဘာခြံရှင်များ၏ လိုလားချက်များအရ ရော်ဘာသက်တမ်းကွာခြားမှုများအား ထပ်မံ၍ ကွင်းဆင်းတိုင်းတာ တွက်ချက်ခြင်းများ ဆောင်ရွက်ပေးခြင်းသည် အစိုးရမှ ပြည်သူအပေါ်ထားရှိသော စေတနာပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရဖြစ်၍ ပြည်သူတို့၏ ရပိုင်ခွင့်များကို တန်းတူညီမျှရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ရော်ဘာခြံရှင်များမှ တင်ပြဆွေးနွေးရာ မြေပြင်ကွင်းဆင်း တိုင်းတာစိစစ်ရေးအဖွဲ့များအနေဖြင့် ခြံရှင်များထံ သုံးရက်ခန့် ကြိုတင်အကြောင်းကြားပေးရန်နှင့် မြေပြင်တိုင်းတာမှုများအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် တင်ပြခဲ့ကြသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများပါဝင်သော ကျူးကျော်စာရင်း ကောက်ယူရေးကော်မတီဝင်များ၊ ရော်ဘာစိုက်ပျိုးလုပ်ထုတ်သူများအသင်းနှင့် ရော်ဘာခြံရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လမ်းမတော်မြို့နယ်အတွင်း ပင်မ ရေပိုက်လိုင်းမှ လမ်းသွယ်အတွင်း ရေအားဖြည့်ပေါင်းထည့်ခြင်း လုပ်ဆောင်

**လမ်းမတော် ဒီဇင်ဘာ ၁**
လမ်းမတော်မြို့နယ်အတွင်းနေပြည်သူများရေအခက်အခဲမရှိစေရန် ၃ ရပ်ကွက် ၇ နှင့် ၈ လမ်းများရှိလက်ရှိရေပိုက်လိုင်းအတွင်းသို့ ရေအားဖြည့်ပေါင်းထည့်ခြင်း လုပ်ငန်းကို နိုဝင်ဘာလနောက်ဆုံးပတ်အတွင်း မြင်တွေ့လာရသည်ဟု ယင်းလမ်းအတွင်းနေ ဦးမြင့်အောင်ကပြောသည်။

အရှည်ပေ ၃၀၀ ရှိသော 90 mm အရွယ်ပိုက်ချရန် ယင်း ၇ လမ်းထိပ် ကမ်းနားလမ်းဘက်ခြမ်း မြေအောက်စက်ရေတွင်းအနီး မြောင်းတူးနေသည်ကိုမြင်တွေ့ရသည်။ ယင်းစီမံချက်ပြီး၍ လမ်းအတွင်းရေပိုက်လိုင်းအတွင်းသို့ ပင်မရေပိုက်လိုင်းမှ ရေအားဖြည့်တင်းပေးလာနိုင်မည်ဖြစ်ရာ အပူချိန်မြင့်တတ်သော နွေကာလတွင် ယင်းနေရာဝန်းကျင်နေသူများရေတင်အသုံးပြုရာတွင် လွယ်ကူလာနိုင်ကြောင်းမျှော်လင့်ရသည်ဟု ၇ လမ်းအတွင်းနေကိုစိုးကပြောဆိုသည်။

ရန်ကုန်မြို့တွင်းမြေတန်ဖိုးမြင့်တက်လာခြင်းနှင့်အတူ အထပ်မြင့်အဆောက်အအုံများပြောင်းလဲတည်ဆောက်လာသည်။ လူနေသိပ်သည်းမှုများစွာမြင့်တက်လာပြီး ရေ၊ မီး၊ ကားပါကင်၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်မြင့်မားလာသည်။

မြေအောက်ရေ အသုံးပြုခြင်းအပေါ် အလေးထားတူးဖော်ခြင်းများလာလျှင်အဆောက်အအုံများ၏ခိုင်ခံ့ခြင်းအနေအထားအပေါ် စိုးရိမ်လာရနိုင်သည်။ လတ်တလောရေအခက်အခဲပြေလည်ရန်မြေအောက်စက်ရေတွင်းများကို မြို့တွင်းလမ်းအများစုတွင် မြင်တွေ့နေရဆဲရှိသည်။ ပင်လယ်နှင့်နီးသောမြို့ဖြစ်နေ၍ မြေအောက်စက်ရေတွင်းအချို့မှရေများတွင် အငန်ဓာတ်ပါဝင်ခြင်းများနေရာရေသုံးစွဲသူများ သန့်ရှင်းသောရေကောင်းရေသန့်အစားအငန်ဓာတ်ပါသောရေများသုံးစွဲနေရရာထမင်းဟင်းချက်ခြင်းနှင့်သောက်ရေကိုရေသန့်ဘူးများဝယ်ယူအသုံးပြုနေရဆဲဖြစ်သည်ဟု ၂ ရပ်ကွက် ၅ လမ်းနေ ကိုဝေမင်းကပြောသည်။

မြေအောက်ရေသုံးစွဲခြင်းထက် ပင်မရေပိုက်လိုင်းများမှနေ၍ ကျန်းမာရေးနှင့်ညီညွတ်သောအရပ်အခေါ် ဂျိုးဖြူရေများကို မြို့တွင်းနေသူများ ပိုမိုသုံးစွဲခွင့်ရလာရေးကို သက်ဆိုင်ရာမှဆောင်ရွက်နေမှုများကို မြင်တွေ့လာရရာ လမ်းမတော်မြို့နယ်အတွင်းနေထိုင်သူများရေသုံးစွဲရာတွင် အဆင်ပြေလာသည်ဟု ၁၂ လမ်းအတွင်းနေကိုထွန်းကပြောဆိုသည်။

**မောင်စေအောင်**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး စည်းဝေး

**ပေါင်းတည် ဒီဇင်ဘာ ၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ နောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ရေရှားပါးသည့် ကျေးရွာများကို ဦးစားပေးစိစစ်ရွေးချယ်ပေးမှု အခြေအနေနှင့် စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် တင်ပြမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပေါင်းတည်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ထန်းတပင်အုပ်စု ပန်းသင်းပင်ကျေးရွာတွင် ငွေကျပ်သိန်း ၁၀၀ ဖြင့် တွင်းနက်တူးဖော်ခြင်းနှင့် သိမ်ကုန်းအုပ်စုတွင် ငွေကျပ် ၈၅ သိန်းဖြင့် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းဆင်း

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁**
အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် ၂၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် ၁၉ ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် အိမ်တွင်းမှုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များကို တင်ပြပြီး သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းမှ ရက်သတ္တ ၁၄ ပတ်ကြာမြင့်ပြီး အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၄၉ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှူးခင်း ကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး

**အဖျောက် ဒီဇင်ဘာ ၁**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့အတွင်းရှိ ကျေးရွာအုပ်စုများတွင် မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် အဖျောက်မြို့ ကြွေပုဂံချောင်းကျေးရွာအုပ်စု ကြွေပုဂံချောင်းကျေးရွာ အ. မ. က စာသင်ကျောင်း၌ ကျင်းပခဲ့သည်။

အဖျောက်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးခိုင်က ကျေးရွာအုပ်စု အတွင်းနေထိုင်ကြသော ဒေသခံပြည်သူ ၅၀ ကျော်တို့အား မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်း ပပျောက်ရေး အသိပညာပေးပြောကြားခဲ့ပြီး အသက် ၁၈ နှစ်ပြည့်ပြီးသောသူများရဲတပ်ဖွဲ့သို့ဝင်ရောက်၍ တာဝန်ထမ်းဆောင်ရန်အတွက် ရဲတပ်သားသစ်များ စုဆောင်းခြင်းများကို စည်းရုံးဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ကြိုတင် ကာကွယ်ဆေးထိုးနှံ

**ဒဂုံမြို့သစ် (ဆိပ်ကမ်း) ဒီဇင်ဘာ ၁**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ၉၄ ရပ်ကွက် ယုဇနဉယျာဉ်မြို့တော် (အေ) ၁ လမ်း ဓမ္မာရုံ၌ ဒီဇင်ဘာ ၁ ရက်နံနက်ပိုင်းက မြို့နယ်ပြည်သူ့ ကျန်းမာရေးဆေးရုံမှ ဆရာမကြီး ဒေါ်ခင်ဥမ္မာနှင့် ကျန်းမာရေးဝန်ထမ်းများသည် မွေးကင်းစမှ အသက်နှစ်နှစ်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးမေးခိုင်၊ အသဲရောင်အသားဝါ(ဘီ) ရောဂါ၊ ဦးနှောက်အမြှေးရောင်ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်းသိရသည်။

**၅၁၂**

# စစ်ရေးပြနှင့်လက်နက်ငယ်ကျွမ်းကျင်မှုသင်တန်းဆင်း

**သဃ်န်းကျွန်း ဒီဇင်ဘာ ၁**
ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ပြုလုပ်သောစစ်ရေးပြနှင့် လက်နက်ငယ် ကျွမ်းကျင်မှု (မွမ်းမံ) သင်တန်း အမှတ်စဉ် (၂/၂၀၁၇) သင်တန်း ဆင်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနယ် မြေရဲစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးလွင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မ ရဲစခန်းမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**၅၀၆**

# ပန်းချီဆရာ ကာတွန်းဆရာ ထွန်းလှိုင်

**မောင်စွမ်းရည်**

**"သူရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကိုက ရှေးဟောင်း ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့ စတဲ့ ပန်း ၁၀ မျိုး အနုပညာတွေကို ကူးယူမှတ်တမ်း တင်ရတဲ့ အလုပ်ဆိုတော့ တချို့ပုံတွေကို မူရင်းပုံနဲ့ တူအောင် အလွတ်ပြန်ဆွဲနိုင်သည်အထိ ရှေးရိုး မြန်မာ့ ပန်းချီကို နိုင်နင်းခဲ့ပါတယ်။ ဓာတ်ပုံပညာမှာလည်း ကိုလိုနီခေတ်က ဈေးအပေါ်ဆုံး "ဘရောင်နီကင်မရာ" ကိုသာ သုံးနိုင်သူဖြစ်ပေမယ့် မြန်မာနိုင်ငံတွင်းသာမက ပြည်ပဓာတ်ပုံပြိုင်ပွဲတွေမှာပါ ကိုယ်တိုင်ရိုက် ကိုယ်တိုင် ကူးဆေးပြီး ပြိုင်ပွဲဝင်ခဲ့ရာမှာ . . ."**

မျက်မှောက်ခေတ် ပန်းချီ၊ ကာတွန်းလောကမှာ "ထွန်းလှိုင်"ဆိုတဲ့ အမည်ကို ကြားဖူး၊ သိဖူးသူ အလွန်နည်းခဲ့ပါပြီ။ ပြောပလောက်အောင် ပုံတွေမဆွဲဖူးလို့၊ မကျန်ရစ်လို့၊ လူသိနည်းတာဖြစ်မှာပေါ့လို့ ပြောလို့မဖြစ် ပါဘူး။ သူ့လက်ရာ ပန်းချီသရုပ်ဖော် စာအုပ်တစ်အုပ်မှာ ၁၉၅၁ ခုနှစ်က ပထမဆုံး စာပေဗိမာန် စာပဒေသာဆု ရခဲ့တဲ့စာအုပ်ဖြစ်ပြီး ပန်းချီဆရာကြီး များနဲ့ သမိုင်းသုတေသီများရဲ့ စာအုပ်စင်မှာ မရှိမဖြစ်ထားရှိရတဲ့ စာအုပ် တစ်အုပ်ဖြစ်ပါတယ်။ သရုပ်ဖော်ရောင်စုံပုံတွေကလည်း နည်းနည်းနောနော မဟုတ်ပါ။ စာအုပ်တစ်ဝက်မက ပုံတွေနဲ့ ပြည့်နေတဲ့ စာအုပ်ပါ။ ကိုယ်တိုင် ရေးဆွဲတာတွေပါ။

စာအုပ်ရဲ့ အမည်က "ဆင်ယင်ထုံးဖွဲ့မှု"တဲ့၊ "ဆင်ယင်"တယ်ဆိုတာက အဝတ်အထည် ဝတ်ဆင်မှုများကို ဆိုလိုတာဖြစ်ပြီး "ထုံးဖွဲ့"တယ်ဆိုတာက ဆံကေသာဖြီးသင်၊ ထုံးဖွဲ့မှုကို ဆိုလိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသမိုင်းခေတ် အဆက်ဆက် ယောကျ်ား၊ မိန်းမ ပျိုပျို အိုအိုတို့ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဆံပင်ထုံးဖွဲ့ပြင်ဆင်မှုအကြောင်းကို သမိုင်းအထောက်အထား အလှပန်းချီ၊ ဓာတ်ပုံများနဲ့ ဝေဝေဆာဆာ စုဆောင်းပြုစုရေးသားထားတဲ့ ကျမ်းငယ်တစ်ခု ဖြစ်ပါတယ်။ စာအုပ်ကို ရေးသားပြုစုသူက "ရွှေကိုင်းသား"တဲ့၊ အဓိပ္ပာယ်က စစ်ကိုင်းမြို့သားလို့ ဆိုလိုတာဖြစ်ပါတယ်။ နာမည်ရင်းက မောင်ထွန်းလှိုင်တဲ့၊ ရဟန်းဘဝကို ဂျပန်ခေတ်မှာ ခံယူတော့ ဦးသောဘိတ ဘွဲ့ကို ခံယူပါတယ်။

"ရွှေကိုင်းသား" ကလောင်ဘွဲ့ခံ၊ ဦးသောဘိတက ပဉ္စင်းဘွဲ့ခံ မောင်ထွန်းလှိုင်ကို စစ်ကိုင်းမြို့ "တကောင်းရပ်"မှာ မြန်မာဆေးဆရာကြီး ဦးအုံနဲ့ ဒေါ်မြတို့က ခရစ်နှစ် ၁၉၁၂ မှာ မွေးဖွားခဲ့သူ ဖြစ်ပါတယ်။ တကောင်းရပ်ဆိုတာ စာရေးဆရာကြီး မဟာဆွေနဲ့ ဇေယျာမောင် (မန်းတက္ကသိုလ်ကျောင်းအုပ်ကြီး)တို့ မွေးဖွားနေထိုင်ခဲ့တဲ့ ရပ်ကွက်ပါ။ အဘိုးက မိုးတားဝန်ထောက်ဖြစ်ပြီး ပေပုရပိုက် စာပေအမွေတွေထားခဲ့လို့ ငယ်စဉ်ကတည်းက စာပေမွေ့လျော်သူ ဖြစ်ခဲ့ပါတယ်။ ညီအစ်ကို မောင်နှမ ခြောက်ယောက်ရှိတဲ့အနက် မောင်ထွန်းလှိုင်က လေးယောက်မြောက် သားလတ်ဖြစ်ပါတယ်။ အစ်ကိုအကြီးဆုံး ဦးဘထွန်းက ဇာတ်မင်းသားကြီး၊ အစ်ကိုနံပါတ်သုံး ဦးဘကွန်းက ညိုချောဘွဲ့ခံ စာရေးဆရာ၊ မောင်ထွန်းလှိုင်အောက် အမှတ်စဉ် နံပါတ်ငါး နှမဖြစ်သူ မသိန်းရင်ရဲ့ ခင်ပွန်းက ဆရာအတတ်သင်ကောလိပ် လက်မှုပညာနည်းပြဆရာ ဦးဘသန်း ဖြစ်ပါတယ်။ ဦးဘသန်းဆီက ပန်းချီနဲ့ ဓာတ်ပုံ ပညာသင်ယူခဲ့ရပါတယ်။ ညီအငယ်ဆုံး မောင်ထွန်းမြိုင်ကလည်း ပန်းချီနဲ့ တံဆိပ်ထုအလုပ်ကို လုပ်သူပါ။ ဒါကြောင့် မော်ထွန်းလှိုင်ဟာ မျိုးရိုးအရ စာပေနဲ့အနုပညာမျိုးရိုးဖြစ်ပါတယ်။

ခေတ်ပညာအနေနဲ့တော့ ငွေကြေးမတတ်နိုင်လို့တဲ့ သတ္တမတန်းအောင်ရုံပဲ သင်ခဲ့ရပါတယ်။ ဆရာဦးဘသန်းဆီက အသက်မွေးဝမ်းကျောင်းပန်းချီပညာနဲ့ ဓာတ်ပုံပညာအပြင် ဗေဒင်ပညာနဲ့ နက္ခတ်ကြည့်နည်းပညာများကိုပါ သင်ယူခဲ့ဖူးပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ သတ္တမတန်းအောင်ခဲ့ပြီးနောက် ၁၉၃၀ ပြည့်နှစ်မှာ ပျဉ်းမနားမြို့က တစ်နှစ်သင် ယောကျ်ားလေးနော်မန်ကျောင်းက မူလတန်းဆရာဖြစ်ကို အောင်မြင်ခဲ့ပေမယ့် တပည့်ကျောင်းသားများကို မျက်နှာမူပြီး စာသင်ရမှာ အလွန်ရှက်တတ်လို့ ကျောင်းဆရာမလုပ်ဖြစ်ဘဲ ကံအားလျော်စွာရရှိတဲ့ ကမ္ဘည်းကျောက်စာရုံး (ရှေးဟောင်းသုတေသန)ဌာနမှာ ပန်းချီဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ကမ္ဘည်းကျောက်စာဌာနဟာ အင်္ဂလိပ်အစိုးရက မန္တလေးမှာ အသစ်ဖွင့်လှစ်တည်ထောင်တဲ့ ရှေးဟောင်းသုတေသနဌာနပါ။ ပန်းချီ၊ ပန်းပု စတဲ့ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး အနုပညာရပ်များကို ကူးယူမှတ်တမ်းတင်ခြင်း၊ ကျောက်စာများကို ဖတ်ရှုမှတ်တမ်းတင်ခြင်း၊ ဘုရားပုထိုးများကို ဓာတ်ပုံရိုက်၊ ပုံစံထုတ်၊ ပန္နက်ပုံကူးခြင်း စတဲ့အလုပ်များကို လုပ်ရပါတယ်။ ကျောက်စာဝန်ခေါ် ညွှန်ကြားရေးမှူးတွေ အဆက်ဆက်ကတော့ ပြင်သစ်လူမျိုး ချားလ်စ်ဒူရွိုက်ဇယ်၊ ဦးမြ၊ ဦးလူဖေဝင်းတို့ဖြစ်ပြီး သူတို့လက်အောက်မှာ ၁၉၃၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ နှစ်ပေါင်း ၁၁ နှစ်မျှ အမှုထမ်းခဲ့ပါတယ်။ ကမ္ဘည်းကျောက်စာဌာနမှာ ဘုရား၊ ပုထိုးတွေရဲ့ပုံကို ပန္နက်ပုံ၊ ဘေးဖြတ်ပုံစသည့် ထုတ်ရ၊ ကူးရပါတယ်။ နံရံဆေးရေးပန်းချီပုံများကိုလည်း ကူးရပါတယ်။ ဒီပညာတွေကို မူလက ဗိသုကာဖြစ်တဲ့ ဦးမြက လက်ထပ်သင်ကြားပေးတဲ့အပြင် ကျောက်စာ၊ ပျူစာဖတ်နည်းများကိုလည်း သင်ကြားပေးပါသေးတယ်။

ဦးမြလက်ထက်မှာ ပုဂံမြို့ဟောင်း မြင်းကပါရပ်ရှိ အပယ်ရတနာဘုရားထဲက နံရံပန်းချီကားများကို အဓိကထား ကူးယူခဲ့ရဖူးပါတယ်။ ဘုရားစေတီများမှ ပန်းချီ၊ ပန်းပုများကိုသာမက ယွန်းထည်များ၊ ခြေတော်ရာများမှစလို့ ပန်းဆယ်မျိုးအနုပညာ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းယွန်း၊ ပန်းပွတ် စတဲ့ ပုံများကိုလည်း ကူးယူမှတ်တမ်းတင်ခဲ့ရပါတယ်။ ကူးယူရာမှာ အခုခေတ်လို စက်လှေကား၊ လျှပ်စစ်မီး၊ ပုံကူးစက္ကူစတာတွေ မရှိသေးလို့ ဝါးလှေကားတို့၊ ဖယောင်းတိုင်မီးတို့နဲ့ ကြုံသလိုကူးယူခဲ့ရတာတွေ လုပ်ခဲ့ရရှာပါတယ်။ ရှေးဟောင်းသုတေသနဌာနဆိုတာ ပေါ်ခါစမို့ ဘာလုပ်မှန်းမသိဘဲ သိုက်တူးသမားများ တွေးထင်မှတ်လို့ အရပ်သားတွေက ရန်မူတာခံကြရပြီး ပုလိပ်(ရဲ)အစောင့်အရှောက်နဲ့တောင် အလုပ်လုပ်ခဲ့ရဖူးပါသတဲ့။

ရှေးဟောင်းသုတေသနဌာန(ကမ္ဘည်းကျောက်စာဌာန) အရာရှိတွေ၊ ဝန်ထမ်းတွေက စာပေသမားတွေဖြစ်ကြလို့ ဆရာများထံက စာပေများလည်း လေ့လာဆည်းပူးခွင့်ကို မောင်ထွန်းလှိုင် ကံကောင်းထောက်မစွာ ရရှိခဲ့ပါတယ်။ ဦးမြ၊ ဦးလူဖေဝင်းတို့က အလုပ်ပညာရော စာပေပညာတွေပါ သင်ပေးခဲ့လို့ တက္ကသိုလ်က သင်ခဲ့ရတဲ့ ဘွဲ့ရသမိုင်းပညာရှင်တွေထက် မြန်မာသမိုင်း၊ မြန်မာမှု၊ မြန်မာ့ဓလေ့ လေ့လာမှုမှာ ထွန်းပေါက်ခဲ့ပါတယ်။ ရွှေကိုင်းသား ဦးသောဘိတအနေနဲ့ ပြုစုခဲ့တဲ့ စာအုပ်၊ စာပေများဟာ ဝိဇ္ဇာ၊ မဟာဝိဇ္ဇာနဲ့ ပါရဂူသုတေသီများအထိ လက်စွဲပြု ဖတ်ရှုကိုးကားရတဲ့ စာပေတွေဖြစ်လာခဲ့ပါပြီ။ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးတာတွေလည်း အများကြီးပါ။

ရွှေကိုင်းသား မောင်ထွန်းလှိုင်ဟာ ပန်းချီပညာရှုထောင့်က ပြောရရင် ပထမဦးဆုံး မြန်မာ့ရိုးရာ ပန်းချီအနုပညာရှင်လို့ ပြောနိုင်မယ် ယူဆပါတယ်။ သူရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကိုက ရှေးဟောင်းပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့စတဲ့ ပန်း ၁၀ မျိုး အနုပညာတွေကို ကူးယူမှတ်တမ်းတင်ရတဲ့ အလုပ်ဆိုတော့ တချို့ပုံတွေကို မူရင်းပုံနဲ့တူအောင် အလွတ်ပြန်ဆွဲနိုင်သည်အထိ ရှေးရိုး မြန်မာ့ပန်းချီကို နိုင်နင်းခဲ့ပါတယ်။ ဓာတ်ပုံပညာမှာလည်း ကိုလိုနီခေတ်က ဈေးအပေါ်ဆုံး 'ဘရောင်နီကင်မရာ' ကိုသာ သုံးနိုင်သူဖြစ်ပေမယ့် မြန်မာနိုင်ငံတွင်းသာမက ပြည်ပဓာတ်ပုံပြိုင်ပွဲတွေမှာပါ ကိုယ်တိုင်ရိုက် ကိုယ်တိုင်ကူးဆေးပြီး ပြိုင်ပွဲဝင်ခဲ့ရာမှာ အဆင့်မြင့်ဓာတ်ပုံ ပညာဆုတွေလည်း ရခဲ့ဖူးသူ ဖြစ်လာခဲ့ပါတယ်။

စာပေစတင်ရေးသားတာကတော့ ၁၉၃၂ ခုနှစ်လောက်မှာ ဖြစ်ပါတယ်။ ရတနာပုံ လှိုင်ခင်အေး ကလောင်အမည်နဲ့ "သူရိယရုပ်စုံသတင်း"မှာ သမိုင်းရာဇဝင်ဆောင်းပါးတွေ စတင်ရေးသားရာက ကလောင်သွေးဖြစ်ခဲ့ပါတယ်။ ရတနာပုံလှိုင်ခင်အေးအမည်နဲ့ပဲ သူရိယမဂ္ဂဇင်းမှာလည်း ဆက်လက်ကလောင်သွေးခဲ့ပါတယ်။ 'ရွှေကိုင်းသား' ကလောင်အမည်ကိုတော့ ၁၉၃၆ ခုနှစ်မှာ ကြီးပွားရေးမဂ္ဂဇင်းက စပြီး အသုံးပြုရေးသားခဲ့ပါတယ်။ ကြီးပွားရေးဆိုတာ နောင်အခါ လူထုဦးလှဖြစ်လာတဲ့ ကြီးပွားရေး မောင်လှ တည်းဖြတ်ထုတ်ဝေတဲ့ မဂ္ဂဇင်း ဖြစ်ပါတယ်။ ကြီးပွားရေးမှာ ဦးလှနဲ့ ခင်မင်ရင်းနှီးလာပြီးနောက် "ထွန်းလှိုင်" အမည်ရင်းနဲ့ ကာတွန်းပုံများ ရေးဆွဲခဲ့ဖူးတာကိုလည်း တွေ့ရဖူးပါတယ်။ ကျွန်တော် မူလတန်းကျောင်းသားအရွယ်လောက်က ကြီးပွားရေးမဂ္ဂဇင်းမှာပါတဲ့ "ထွန်းလှိုင်"ရဲ့ ဟစ်တလာ ကာရီကေးချားပုံကို ရေးဆွဲခဲ့ဖူးပါတယ်။ မျက်ခုံးတစ်ဖက်မှာ ဆံပင်အုပ်ကြီး နှာတံအောက်ခြေမှာ နှုတ်ခမ်းမွေး ဖုတ်စုလေးပါတဲ့ ဟစ်တလာရဲ့ ပုံကို ဒီနေ့အထိ ပြန်ဆွဲနိုင်ပါသေးတယ်။

ကြီးပွားရေးမဂ္ဂဇင်းမှာ သမိုင်းရာဇဝင်ရေးရာ ဆောင်းပါးတွေကို ရေးရင်း ဦးလှ၊ ဒေါ်အမာတို့နဲ့ ရင်းနှီးခင်မင်လာခဲ့ပါတယ်။ နောင်အခါ လူထုသတင်းစာ၊ လူထုဂျာနယ်၊ မန္တလေးဟံသာဝတီသတင်းစာ (ဦးဝင်းတင် အယ်ဒီတာလုပ်တဲ့အခါ) ဆက်လက်ရေးသားပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ကျွန်တော့်အဖို့ မျက်စိကျစရာ ဖြစ်တာကတော့ ကောက်စိုက်သီချင်း ဗုံကြီးသံများ ဖြစ်ပါတယ်။ "ရွှေဘို ဗုံကြီးသံများ"လို့လည်း ခေါ်ပါတယ်။ ကျွန်တော် ရွှေဘိုခရိုင် တန့်ဆည်မြို့မှာ ကျောင်းဆရာလုပ်တုန်းက ဗုံကြီးသံတွေ ဆက်လက်စုဆောင်းပြီး လူထုသတင်းစာမှာ ဖော်ပြခဲ့တာ ရွှေကိုင်းသားရဲ့ အမွေခံအလုပ်ပါပဲ။ ကြီးပွားရေးမှာပါခဲ့တဲ့ ဗုံကြီးသံနဲ့ နောက်ထပ်ကျွန်တော် စုဆောင်းထားတာတွေ ပါပေါင်းပြီး အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း စာစဉ်တစ်ခုအဖြစ် "လယ်ကွင်းထဲက လူထုတေး"ဆိုတဲ့ စာအုပ်လေးတစ်အုပ် ထုတ်ခဲ့ဖူးပါတယ်။ ကျွန်တော်ဟာ ဒီနေ့အထိ ဗုံကြီးသံတွေ စုဆောင်းရာမှာ အများဆုံး စုဆောင်းသူ ဖြစ်သည်အထိ စုဆောင်းခဲ့ကာ ကြီးပွားရေးမဂ္ဂဇင်း ရွှေကိုင်းသားရဲ့ အမွေခံတာ ဖြစ်တဲ့အပြင် ဒီနေ့အထိ ကာတွန်းရုပ်ကလေးတွေကို ကူးဆွဲလို့မဆုံး ဖြစ်နေတာဟာလည်း ကြီးပွားရေးက "ထွန်းလှိုင်" ရဲ့ အမွေကို ခံတာဖြစ်ကြောင်း သတိပြုမိလို့ ဒီဆောင်းပါးကို ရေးလိုက်တာပါ။

ကျွန်တော်ဟာ ကာတွန်းဆရာတိုင်းနဲ့ ခင်ပါတယ်။ ကာတွန်းဝင်းအောင်ဆိုရင် မန္တလေးသားဖြစ်တဲ့အပြင် ရန်ကုန်မှာလည်း တစ်ရပ်ထဲလိုနေခဲ့သူဖြစ်လို့ ညီလေးတစ်ယောက်လို ခင်မင်ရင်းနှီးပါတယ်။ သူက ကာတွန်းသမိုင်းဆိုပါတော့ ကာတွန်းဆရာတွေအကြောင်းကိုစုပြီး စာအုပ်ကလေးရေးပါတယ်။ မန္တလေးက ဝင်းဖေ၊ ပေါ်ဦးသက်တို့အကြောင်းကို နောက်တစ်အုပ်မှာ ရေးမယ်လို့ ဆိုပါတယ်။ သူနဲ့ ရင်းနှီးမယ်မထင်တဲ့ "ထွန်းလှိုင်" အကြောင်းကို သိသမျှ ရေးလိုက်တာပါ။ သူ့ကို ရည်ညွှန်းရင်း ဆရာတော်ရွှေကိုင်းသား အလွမ်းပြေ ရေးမိတာပါ။

ထွန်းလှိုင်ဆိုတဲ့ ကာတွန်းဆရာဟာ ဘယ်သူလဲ၊ ဘယ်လိုလူလဲ ဆိုတာလည်း လူငယ်တွေ သိရအောင် ရေးတာပါ။ ကြီးပွားရေးမှာ ရေးဆွဲခဲ့တဲ့ ကာတွန်းဆရာပါ။ ကြီးပွားရေးဟာ ဦးဘဂျမ်းရဲ့ လက်ရာကာတွန်းများကိုလည်း ကြီးပွားရေးမှာ ဖော်ပြခဲ့ပြီး မြန်မာစာအုပ်သမိုင်းမှာ ပထမဦးဆုံးကာတွန်း စာအုပ်ကို ကိုပြုံး မပြုံးကာတွန်းပေါင်းချုပ် စာအုပ်ငယ်ငယ်နဲ့ မော်ကွန်းထိုးခဲ့ပြီး လူထုဝင်းဖေ ကာတွန်းစာအုပ်များကိုလည်း ဒီဘက်ခေတ်မှာ ထုတ်ခဲ့ဖူးပါတယ်။ ရွှေကိုင်းသားနဲ့ ဦးလှ၊ ဒေါ်အမာတို့ဟာ မောင်နှမအရင်းလို ခင်ပါတယ်။ ဒေါ်ဒေါ် ဒေါ်အမာနဲ့ ဦးသောဘိတတို့ဟာ နောင်ဘဝတွေမှာ မောင်နှမ တော်ရပါစေသားလို့ နှစ်ဦးလုံးက ဆုပန်ခဲ့ကြဖူးပါတယ်။ တစ်သက်လုံး စာပေအနုပညာတာဝန်တွေကို အတူထမ်းဆောင်သွားခဲ့ကြပါတယ်။

ရွှေကိုင်းသား စာပေဗိမာန်ဆုရတဲ့ ဆင်ယင်ထုံးဖွဲ့မှုကျမ်းဟာ လူထုတိုက်က ထုတ်တာပါ။ ရွှေကိုင်းသားဟာ လူထုတိုက်က ထုတ်တဲ့ သခင်ကိုယ်တော်မှိုင်း၊ ဦးလှ၊ ဒေါ်အမာတို့ရဲ့ စာအုပ်များကိုလည်း တည်းဖြတ်အမှာစာတွေ ရေးနိုင်လောက်အောင် စာပေအဆင့်အတန်းမြင့်သူ တစ်ဦးပါ။ ဒါကြောင့် ဒေါ်အမာက ရွှေကိုင်းသားကို "ကြိုးစားလို့ အောင်မြင်သူ"လို့ မှတ်ချက်ချခဲ့ဖူးပါတယ်။ ဆရာတော်ဟာ စစ်ကိုင်းတောင် အနုရုဒ္ဓါချောင်မှာ တစ်ပါးတည်း ဧကစာပကျင့်ခဲ့ပါတယ်။ ခါးပြတွေ ရိုက်တာခံရလို့ ဒဏ်ရာ အနာတရဖြစ်တာနဲ့ အသက်တိုခဲ့ရတာ ဖြစ်ပါတယ်။ လယ်တီဦးကောဝိဒခေါ် "ကဝိကာရတီ" ကျမ်းပြုဆရာတော် (ပုပ္ပား ဦးကျော်ရင်)လည်း ခါးပြတွေသတ်လို့ အသက်ဆုံးရှုံးခဲ့ရတာပါ။ နှမြောမဆုံးပါ။

ပထမဦးဆုံး မြန်မာ့ရိုးရာ ပန်းချီဆရာရွှေကိုင်းသား၊ ကြီးပွားရေးမဂ္ဂဇင်း ကာတွန်းဆရာ ကိုထွန်းလှိုင် နိဗ္ဗာန်မရောက်မီ ကြားကာလမှာ ဘဝဆက်တိုင်း ပန်းချီအနုပညာရှင်၊ စာရေးဆရာဖြစ်ပါစေသတည်း။ သူတို့ ဆုတောင်းသလို ဘဝဆက်တိုင်း လူထုမောင်နှံနဲ့အတူ စာပေအနုပညာအကျိုး ထမ်းရွက်နိုင်ကြပါစေသတည်း။ ။



## လီဆန်းဂီရဲ့ ရုပ်ရှင်သစ် "Hwayugi"

မကြာသေးမီကမှ စစ်မှုထမ်းပြီးနောက် အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်စတင်လာခဲ့တဲ့ မင်းသား လီဆန်းဂီဟာ လတ်တလောမှာတော့ tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲတစ်ခုကို လက်ခံရိုက်ကူးပေးနေတာဖြစ်ပါတယ်။ "Hwayugi" ရဲ့ ပထမဆုံးအကြိမ် ဇာတ်ညွှန်းစုပေါင်းဖတ်ကြားတဲ့ပွဲကို မင်းသား လီဆန်းဂီ တက်ရောက်ခဲ့ရာ ယင်းအခမ်းအနားမှ သူ့ရဲ့ပုံရိပ်တွေကို တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ တွေ့ရပါတယ်။

ဒီဇင်ဘာ ၁ ရက်မှာတော့ "Hwayugi" ရဲ့ ဇာတ်ညွှန်းဖတ်ပွဲကို ပြုလုပ်ခဲ့ပြီး အခြားသော ဝိုင်းတော်သားတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ဟာ လီဆန်းဂီအနေနဲ့ စစ်မှုထမ်းပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်ပြီး ယင်းရုပ်ရှင်မှာ လီဆန်းဂီဟာ အဓိကဇာတ်ဆောင် ဆန်းအိုဂွန်းအဖြစ် ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

"Hwayugi" ဟာ တရုတ်ဂန္ထဝင်ဝတ္ထုရှည်ကြီးတစ်ခုဖြစ်တဲ့ "Journey to the West" ကို အခြေခံရိုက်ကူးသွားမှာဖြစ်ပြီး ဇာတ်ညွှန်းကိုတော့ ဟွန်းစစ်စတားစ်က တာဝန်ယူရေးသားပေးသွားမှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ လီဆန်းဂီနဲ့ တွဲဖက်ပြီး နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျင်ဆန်းမီက ခေါင်းဆောင်ပါဝင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲကိုတော့ ရုပ်သံကနေတစ်ဆင့် လာမယ့် ဒီဇင်ဘာ ၂၃ ရက်မှာ စတင်ထုတ်လွှင့်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၉) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဘ - ၉၂၅၆၆၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

င - ၅၂၃၉၀၁
ဖ - ၆၂၂၈၆၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ကက - ၃၂၈၅၅၃
ရ - ၆၉၀၀၈၂
ဘ - ၈၁၈၄၅၅

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ပ - ၁၄၈၄၈၅
ခ - ၃၀၁၁၄၃
သ - ၇၇၈၆၇၀
ကခ - ၁၈၂၀၆၂
ဂ - ၄၇၆၇၆၄
အ - ၉၂၂၅၄၄

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ပ - ၁၁၉၃၂၄
ဂ - ၂၀၇၃၉၆
ဈ - ၂၃၁၇၃၃
ကက - ၂၆၉၁၂၃
ကဃ - ၂၈၂၀၅၄
ကဆ - ၅၁၆၉၇၉
ဗ - ၅၉၃၄၈၈
ဇ - ၈၁၄၁၂၃
ကဂ - ၈၁၆၆၈၈
ရ - ၈၇၀၆၈၂

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဆ - ၂၀၆၇၅၅
ဃ - ၂၃၉၇၈၀
ဈ - ၂၈၉၁၀၇
ကဈ - ၂၉၅၀၅၇
ကစ - ၃၂၂၃၁၈
အ - ၃၆၅၄၅၂
ဖ - ၄၅၈၇၆၂
ကစ - ၄၉၇၁၂၈
ကင - ၅၀၄၄၈၀
ထ - ၇၁၄၂၇၉
ခ - ၉၈၈၉၇၉

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ကဆ - ၁၈၈၈၂၆
လ - ၂၉၅၆၈၅
ကဋ - ၃၅၉၁၉၅
ဌ - ၃၉၁၄၂၂
ကဆ - ၆၄၅၂၅၃
သ - ၇၁၉၀၇၇
ကည - ၇၄၉၀၄၂
ဖ - ၇၅၃၂၅၅
မ - ၇၅၇၂၅၄
က - ၉၀၀၆၈၄
ဍ - ၉၈၁၇၂၂

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

ခ - ၁၃၅၇၉၂
ဃ - ၁၅၇၁၉၈
ကခ - ၃၃၇၉၉၁
ပ - ၄၄၆၇၀၀
ဌ - ၄၆၄၇၆၈
ကပ - ၄၆၈၀၃၂
စ - ၅၃၉၇၆၆
ကဋ - ၆၄၇၄၉၂
ကဋ - ၈၀၈၃၂၉
ခ - ၈၂၈၀၉၇
ဍ - ၈၅၃၆၁၁
ည - ၈၉၆၃၈၉
ကခ - ၈၉၈၃၅၀
ကဆ - ၉၁၇၆၀၇
တ - ၉၇၁၉၂၅

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

ဏ - ၁၁၃၆၉၄
စ - ၁၃၂၃၄၈
င - ၂၂၃၈၆၅
လ - ၂၇၉၄၂၁
တ - ၃၀၀၃၄၆
မ - ၃၂၈၁၀၇
အ - ၄၀၅၆၁၉
ကဍ - ၄၆၅၀၁၁
ထ - ၅၄၇၂၀၀
ကဂ - ၆၂၉၉၅၅
ကဃ - ၆၄၉၇၃၃
သ - ၆၆၆၅၇၉
ဆ - ၇၂၉၄၆၉
ထ - ၇၇၃၄၃၄
သ - ၇၈၂၆၃၈
ကဇ - ၈၅၄၂၃၄
ဖ - ၈၇၅၄၀၃
တ - ၈၈၇၂၀၀
ဇ - ၉၂၀၆၉၈
မ - ၉၅၉၈၉၄
ဃ - ၉၆၃၁၂၈
ဇ - ၉၉၇၂၃၃

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| တ - ၁၈၈၀၃၇ | ကည - ၄၉၉၁၀၆ | ရ - ၅၆၆၆၈၇ | ယ - ၇၆၅၇၇၆ |
| င - ၃၂၀၀၁၉ | ခ - ၅၀၀၀၉၅ | ကစ - ၆၀၀၉၄၃ | ဌ - ၇၈၁၀၈၈ |
| ကဍ - ၃၂၃၄၈၉ | ကဃ - ၅၂၈၂၈၁ | သ - ၆၃၂၅၂၅ | ဌ - ၇၈၂၇၀၁ |
| န - ၄၀၄၁၅၂ | က - ၅၂၈၆၀၀ | ခ - ၇၀၆၂၅၇ | ဋ - ၈၉၂၆၃၈ |
| ကဍ - ၄၀၇၅၈၉ | ဏ - ၅၂၈၇၃၈ | ကဇ - ၇၂၆၀၆၃ | ဏ - ၉၂၁၅၂၇ |
| ဘ - ၄၂၉၆၈၉ | ဗ - ၅၄၂၄၄၆ | ည - ၇၅၄၈၀၇ | ဋ - ၉၈၀၃၉၇ |
| ကဇ - ၄၉၆၈၆၃ | | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကဗ - ၁၅၁၀၉ | ဍ - ၈၃၁၄၃ |
| ကဗ - ၃၀၆၇၄ | ဟ - ၈၇၄၃၇ |
| ယ - ၄၆၆၁၅ | ဂ - ၈၇၈၄၂ |
| ကဗ - ၅၆၆၉၆ | န - ၉၂၁၇၀ |
| ကဌ - ၅၉၃၆၅ | န - ၉၅၁၀၇ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ဠ - ၂၃၁၉ | ကင - ၅၂၀၉ |
| ကက - ၂၄၂၄ | ကဍ - ၅၂၂၇ |
| စ - ၃၆၄၇ | ကက - ၆၀၂၁ |
| လ - ၃၇၃၅ | တ - ၉၂၄၇ |
| ဇ - ၄၁၈၃ | တ - ၉၈၅၅ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ကင - ၂၃၁ | ထ - ၄၈၃ |
| ဂ - ၃၀၄ | ဂ - ၄၉၉ |
| ဗ - ၃၅၄ | ပ - ၇၂၂ |
| စ - ၃၆၀ | သ - ၈၀၆ |
| ကဍ - ၄၃၈ | ကဂ - ၈၆၆ |
| ခ - ၄၅၂ | စ - ၉၂၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| ကခ - ၃၇ | င - ၆၁ |
| ရ - ၃၈ | ကဋ - ၆၉ |
| အ - ၄၂ | ဋ - ၇၅ |
| ကည - ၄၃ | ဖ - ၈၄ |
| ဈ - ၄၇ | ကဋ - ၉၄ |
| ဗ - ၅၁ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၉) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၃၂၈)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၀) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကဗ) အက္ခရာထိ အက္ခရာအလုံး (၄၇)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက်ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလံ (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်း ထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၄.၁၂.၂၀၁၇) ရက်နေ့မှ (၂၂.၁၂.၂၀၁၇) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၁၂ . ၂၀၁၇)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

NEW MOTION TRAVELS & TOURS
09-260792881
09-448320591
ဗုဒ္ဓဂယာခရီးစဉ်
Dec 19 - 26 Mar 20 - 27
Feb 09 - 16 Mar 14 - 17
Feb 28 - 07 Apr 12 - 19
အဆင့်မြင့်ဟိုတယ်(တည်း/စား)

Ph: 09 795066657, 09 785066657, 09 765066657

NEW GENERATION
Ngapali Beach Tour Package
Family Holiday Package (Ngapali Beach)

မြန်မာ့ချယ်ရီ Travel & Tours
01-551240, 09-5003647
ခရစ္စမတ် ခရီးစဉ် 22/23 (4D /3N)
- ဟိုချိုမင်း ~ မိုးနဲ ~ ဒါလတ် (20 Kg) $365
- ဟန်နွိုင်း ~ ဟလောင်းဘေး (20 Kg) $365
- ကမ္ဘောဒီးယား (Dec 15) $455
Fb: Myanmar Myat Cherry Travel & Tours

ENGLISH Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 420230133

ASIA MAN

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရှေ့လုပ်ငန်း
ပြုတ္တင်း / နယ်ဝေး
09-254256969
09-971322259

December Trip Hello Travels
No (284), KyeikKaSan Street, Tamwe, Tsp. Ygn
09 450 533 223, 09 450 533 224, 09 450 533 225

အားမာန်
B.Ed ဝင်ခွင့်
ဒီဇင်ဘာအနီးကပ်သင်တန်း

ကိုမျိုးမင်း
LCD,PLASMA, LED အထူးပြုပြင်ရေး
LCD,PANELS
LCD, LED, PANLELS မှ 32" များ
လဲလှယ်ပေးခြင်းတို့ကို အထူးပြုပြင်ပေးပါသည်။

Panasonic
CS - S10TKH (1.0 hp)
Free Service
Free Gift
15th Sep ~ 15th Dec 2017
အခမဲ့ဝန်ဆောင်မှုများ
Panasonic Room Air-Conditioner
ဝယ်ယူသူတိုင်းအတွက်
One Time Free Service
+
ဖေ့စ်တာ ၁ ထည်
One Time Free Service အစီအစဉ်
Coupon အား သိမ်းဆည်းထားပြီး သတ်မှတ်ကာလအတွင်း Service ပြုလုပ်လိုပါက နီးစပ်ရာ Service Team ကို ဆက်သွယ်ပြီး Coupon ပေးကာ One Time Free Cleansing Service ကို ရယူနိုင်ပါသည်။
Free service ကာလမှာ March 2018 မှ June 2018 အထိဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## အင်းစိန်မြို့နယ် တရားရုံးတော်၌
## ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၃

ဦးစိုင်းဘိုးလှ နှင့် ၁။ ဒေါ်ကြူကြူ
၂။ ဒေါ်တင်လှ

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၇)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၈၂/ခ)နေ ဒေါ်ကြူကြူနှင့် ဒေါ်တင်လှ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစိုင်းဘိုးလှက မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက် (၁၃၇၉ခုနှစ်၊ ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရဲနိုင်သန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**အင်းစိန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေပြည်စိုး(၅)လမ်း၊ အမှတ်(၁၃၄၈)၊ ပေ(၂၀×၆၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်(၂)လုံးအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ထားသူ ကိုတင်ဇော်လတ်[၁၂/ဒဂတ(နိုင်)၀၄၄၄၃၂]၊ မစိုးစိုးမွန်[၁၂/ဒဂတ(နိုင်)၀၆၅၉၇၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး၊ စရန်ငွေအချို့အဝက်ကို ၂၈-၁၁-၂၀၁၇ရက်က ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြိုင်သန်းဦး (LL.B)** | **ဒေါ်လဲ့လဲ့ဝင်းသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၇၇၂)** | **(စဉ်-၁၂၅၆၂)**

**ရုံး- တိုက်အမှတ်(၉/၁၁)၊ အခန်းအမှတ်(၃၀၆)၊ ၄လွှာ၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၂၉၉၄၃၇၊ ၀၉-၂၅၀၆၃၉၈၆၁၊ ၀၉-၄၂၀၁၁၅၈၄၂**

**Star Zone** Travels & Tours

ဒီဇင်ဘာနှစ်သစ်ကူး ခုံပိတ်ရက် ပြည်တွင်းအထူးခရီးစဉ်များ

"STAR ZONE နှင့် အတူ ခရီးသွားကြစို့"

- ဥစ္စာပ(၃)နိုင်ငံ ခရီးစဉ် ၉ည/၁၀ရက် 25 DEC -3 JAN
- ပေါင်တောင်-မဟာဗျို ခရီးစဉ် ၃ည/၄ရက် 29 DEC -1 JAN
- ဘန်ကောက်-ပတ္တယား ခရီးစဉ် ၃ည/၄ရက် 29 DEC -1 JAN
- ဘန်ကောက်-ပဋ္ဋယား ခရီးစဉ် ၃ည/၄ရက် 29 DEC -1 JAN
- စင်ကာပူ ခရီးစဉ် ၃ည/၄ရက် 29 DEC- 1 JAN
- ဂျပန် ခရီးစဉ် ၅ည/၆ရက် 28 DEC- 2 JAN
- ဥတိုင်း-အဂ္ဂရာ ခရီးစဉ် ၃ည/၄ရက် 28 DEC- 1 JAN
- ဗီယက်နမ် ခရီးစဉ် ၅ည/၆ရက် 27 DEC -1 JAN

ဆက်သွယ်ရန်- 09 970 506707, 09 795 258910, 01 230 15 11, 230 15 22, 230 01 06.

မြတ်ဗောဓိ ဗုဒ္ဓဃာအသင့်မြင်ဘုရားဖူးအဖွဲ့

အထူး Promotion ခရီးစဉ်

(Feb-10) (Mar-3) (Apr-11)

(Dec-31) (Feb-18) (Apr-1)

(Dec-16) (Jan-24) (Feb-10,25) (Mar-10,18) (Apr-8)

၁၈ ရက်ခရီး-(Dec-31) (Hotel- ၂၂) အထူး Promotion ခရီးစဉ်

India GSM Simcard နှင့် Internet Wifi Free Service

ဒီဇင်ဘာလ စရံငွေ ၂၀၀၀ဝိ / နှင့် Passport ကြေး ၁၀၀၀ဝိ / ပေးသွင်းရမည်။

Ph : 09 49338595, 09 788304828, 09 263125261, 09 420134528

Ph : 09 797512559



Pearson

MNC
MYANMAR NOBLE COLLEGE

Business Management / Engineering / Computing

Enroll Now!

HND FOUNDATION COURSE

UK Pearson ပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်ချီးမြှင့်မည့် HND Foundation Course (January Intake) ... Promotion ...

Early Bird Promotion!

December only!!! save 100,000 ks

Scholarship Discount Available

MNCEducation

Ever Clean Travel & Tour

- (၃ည ၄ရက်) Dec-15-22-29
- မြိတ်-ပုံတောင် (၃ည ၄ရက်) Dec-15-22-29
- (၄ည ၅ရက်) Dec-22-29
- (၄ည ၅ရက်) Dec-22-29
- (Trekking) (၄ည ၅ရက်) Dec-22-29
- (၄ည ၅ရက်) Dec-22-29
- (၄ည ၅ရက်) Dec-29
- (၄ည ၅ရက်) Dec-29
- (နေ့ချင်းပြန်) Dec-2-15
- (နေ့ချင်းပြန်) Dec-9-15
- (နေ့ချင်းပြန်) Dec-9-15
- (နေ့ချင်းပြန်) Dec-2-15
- (နေ့ချင်းပြန်) Dec-2-15

09-33886666, 09-795185522

**ပြင်ဆင်ဖတ်ရှုပါရန်**

၅-၁၀-၂၀၁၇ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါ ဗဟန်းမြို့နယ် ဦးမြင့်အောင်အမည်ပေါက် ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်မာလာသန်း [၁၂/ဗဟန(နိုင်)၀၅၂၃၁၂] ပါဝါရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအစား ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာဟု ပြင်ဆင်ဖတ်ရှုပါရန်။

သူနာပြုလိုအပ်သူများ နှင့် လုပ်ကိုင်လိုသူများ

Facebook (Group) သို့ဝင်ရောက်၍ စာခဲ့ ဆက်သွယ်နိုင်ကြပါပြီ။ Ph : 09 49709415

ဆုံသစ္စာ

Ph : 0973174066
095504667

ပွဲတော်အုပ် ဆန်ဆိုင်

01513443, 0973017656, 095055574

"ရွှေစည်"

အိမ်ပြောင်း အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122029,09-795669534

Metro Group သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်အားသမျှ ပါဝင်ဆောင်ရွက်ပေးနေသော ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းစုကြီး ဖြစ်ပါသည်။



# အလုပ်အကိုင်အခွင့်အလမ်းများ



**IT Lecturer** လိုအပ်သောအရည်အချင်းများ **Japanese Language Lecturer**

IT Lecturer

- ★ Full-time ဆရာ ၊ ဆရာမ / Part-time ဆရာ ၊ ဆရာမ
- ★ Database, Algorithms, Strategy & Management, Java Programming, PHP, HTML & CSS, etc... သင်ကြားပေးနိုင်သူ
- ★ သင်ကြားရေးပိုင်းတွင် အတွေ့အကြုံရှိသူ
- ★ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာညှိနှိုင်းပေးပါမည်။

Japanese Language Lecturer

- ★ Full-time ဆရာ ၊ ဆရာမ / Part-time ဆရာ ၊ ဆရာမ
- ★ JLPT, Nat-Test Level N2 နှင့်အထက် ဂျပန်စာ အရည်အချင်းစစ် အောင်လက်မှတ် ရရှိထားသူ
- ★ သင်ကြားရေးပိုင်းတွင် အတွေ့အကြုံရှိသူ
- ★ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာညှိနှိုင်းပေးပါမည်။

အင်တာဗျူးအမြန်ခေါ်ဆိုရပါမည်။

Mail : mminfo@metro-myanmar.com

METRO
IT & Japanese Language Centre

စိတ်ပါဝင်စားသူများ အလုပ်လျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်းကိုလည်းကောင်း ၊ အီးမေးလ်ဖြင့်လည်းကောင်း အမြန်ဆုံးလျှောက်ထားနိုင်ပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Website : http://metro-myanmar.com/mic    www.facebook.com/metrogroupmyanmar

01 - 372691, 09 - 262007900

Mandalay Branch : Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay.


Nestlé
BEAR BRAND
Enriched
Malted Milk
ကြံ့ခိုင်ထက်မြက်
သာလွန်ခြင်းအတွက်
သံဓာတ်
NEW!
Nestlé
BEAR BRAND
Enriched
Malted Milk
Net Weight: 20g
NutriStrong
Strong
Body & Brain
✓High Calcium
✓High Iron
NESTLÉ BEAR BRAND Enriched Malted Milk တွင်
သံဓာတ်ပိုမိုပါဝင်ခြင်း၊ ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း၊ ခန္ဓာကိုယ်အတွက်
လိုအပ်သော အခြားဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်ခြင်းကြောင့်
ကြံ့ခိုင်ထက်မြက်သော မိသားစုများ ဖြစ်လာနိုင်ပါသည်။
အထုပ်သေး တစ်ထုပ်တွင် တစ်နေ့တာလိုအပ်သော သံဓာတ်ပမာဏ၏ သုံးပုံတစ်ပုံ ပါဝင်ပါသည်။

**ကရုဏာစင်တာ (ပရဟိတ) ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု ပညာဒါန၊ ဇီဝိတဒါန အလှူငွေများ ပါဝင်လှူဒါန်းနိုင်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဒါယကကျောင်းဆရာတော် အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာ (ပရဟိတ)မှ လူမျိုးဘာသာမရွေး ၂၀၀၉ ခုနှစ်ကစ၍ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်ပညာသင်နှစ်တွင် ဆင်းရဲနွမ်းပါးသော တက္ကသိုလ်ကျောင်းသား/သူ (၂၅)ယောက်၊ တက္ကသိုလ်ဝင်တန်းကျောင်းသား/သူ (၇၀) ယောက်၊ မူလတန်းကျောင်းသား/သူ (၂၀၀)ယောက်၊ စုစုပေါင်း ကျောင်းသား/သူ (၂၉၅)ယောက်တို့နှင့် တောင်စွန်းတိုက်နယ်ဆေးရုံ၊ ဘီးလင်းပြည်သူ့ဆေးရုံတို့၌ လူနာများအား လှူဒါန်းရေး ငွေကြေး ထောက်ပံ့ကာ လစဉ်ထောက်ပံ့စောင့်ရှောက်လျက်ရှိပါသည်။ ပညာရေးပဒေသာပင်တစ်ပင် (၁၀၀၀၀) ကျပ်၊ ဆေးပဒေသာပင် တစ်ပင် (၂၀၀၀၀)ကျပ်ဖြစ်သည့်အတွက် အချိန်အခါမရွေး ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါသည်။ (၁)ဦးဆောင်ဆရာတော်၊ ဖုန်း-09777717824၊ 09428626998 (၂)ကျောင်း-ပုံနှိပ်တိုက်၊ (စိန်ပေါလ်မှတ်တိုင်အနီး) ဖုန်း-09448000520 (၃) ကမ္ဘောဇဘဏ် (တောင်စွန်း) အရှင်တိက္ခ (Acc No. 1101210002565) (၄) ကမ္ဘောဇဘဏ် (ရွှေဂုံတိုင်ဘဏ်ခွဲ) အရှင်တိက္ခ (Acc No. 00730100702498201) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ထည့်သွင်း၍ ပါဝင်လှူဒါန်းနိုင်ပါသည်။


Win & San

Diamonds and Fine Jewelry

# မွေးနေ့မင်္ဂလာနှင့်အထူး *"Promotion"*

Win & San Diamonds and Fine Jewelry မှ သီဟသုခမ္မသိဂီဒေါ်စန်းစန်း၏ မွေးနေ့အမှတ်တရအဖြစ် စိန်ချစ်သူ မိတ်ဟောင်းမိတ်သစ်များအား စိန်ထည်၊ လက်ဝတ်ရတနာများ၊ HRD ၊ GIA Certificate စိန်များ၊ သဘာဝတွင်းထွက် ကျောက်မျက်ရတနာများအား အထူး "Promotion" အဖြစ် ယခင်နှစ်များနှင့်မတူ ရောင်းချပြီး အထူးကံစမ်းမဲအနေဖြင့် -

- ကျပ်သိန်း ၅၀၀ - အထက် **ဗီယက်နမ်ခရီးစဉ်** (၃ ညအိပ် ၄ ရက်) ၁၀ ဦး
- ကျပ်သိန်း ၃၀၀ - အထက် **ငပလီခရီးစဉ်** (၂ ညအိပ် ၃ ရက်) ၁၀ ဦး
- ကျပ်သိန်း ၁၀၀ - အထက် **ရွှေဆွဲကြိုး**
- ကျပ်သိန်း ၅၀ - အထက် **ရွှေလက်စွပ်**
- ကျပ်သိန်း ၂၀ - အထက် **ဗလာမပါကံစမ်းမဲအစီအစဉ်များထည့်သွင်းပေးမည်ဖြစ်ကြောင်း** သတင်းကောင်းပါးအပ်ပါသည်။

**( 10% to 30% )**

**Promotion Date : 1 , 2, 3 December 2017**

**Show Room (1)** ❖ အမှတ် (၃၆-C)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Ph : 502977, 504679 , 09-506-2773 , 09-500-6683 , 09-779-625-499 , 09-31471495

ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(တိုင်းရင်း) Ph.D (Alternative Medicines)

မင်္ဂလာပါ

အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း

Box ကားဖြင့်

09-450042704

09-250095116

09-420096296

မူလလှိုင်ရွှေ-မောလှိုင်သောက်

ရွှေမှုန်းမြ အမှတ်တံဆိပ်

TMR000849(0516)

ပန်းပေါင်းစုံ သွေးဆေး

မြန်မာ့ဆေးစွမ်းကောင်း

HEAVY DUTY PALLET RACKING

THE ONLY WAY TO CREATE PERFECT BUSINESS

HIGH QUALITY PLASTIC CONTAINERS




MODERN TECH

BUILDING MATERIALS & WAREHOUSE SOLUTIONS

အမှတ်(၂၃/၂၉)၊ သမိုင်းဘူတာရုံလမ်း(သမိုင်းခုံးတံတားအဆင်း)၊ သမိုင်းလမ်းဆုံနှင့်ဘုရင့်နောင်လမ်းဆုံကြား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

01-522 489, 522 691, 522 692, 9660 679, 09 502 8456, 503 9441, 504 9860

E-mail : moderntech@decolandgroup.com Web: http://www.decolandgroup.com

**သီတဂူရွှေပြည်ဟိန်း စကျဲ့ဒါနဆေးရုံ ဒီဇင်ဘာလ ၂၃၊ ၂၄၊ ၂၅ (၈၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဒီဇင်ဘာလ ၂ ရက်တွင် စတင်လက်ခံ၍ ဒီဇင်ဘာလ ၂၃၊ ၂၄၊ ၂၅ ရက်များတွင် ၈၆-ကြိမ်မြောက် ဦးရေ (၁၀၀၂၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ဖြူလုပ်ညီဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စကျဲ့ဒါနဆေးရုံ ရွှေပြည်ဟိန်းစေတီ ပြည်သာသာ၊ ချော်တင်း။ (ကျိုက္ကဆံကွင်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဝါဟိုင်ကမ္ဘာ့ဘဏ် - အနှင်းဓမ္မသမီးလတ်ရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်**

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Merry CHRISTMAS Promotion အထူးအစီအစဉ် (1.12.2017 မှ 31.12.2017)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အားထိုးရွှေကလပ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂ ၅၂၃၈၀၈
PH; ၀၉-၄၄၃၀၁၂၆၉၇၊ ၀၉- ၂၅၄၂၈၀၀၁၂

myanmar national airlines


မြန်မာအမျိုးသားလေကြောင်းလိုင်းကို အားပေးနှင်းလျက်ရှိသောခရီးသည်များအတွက်
အထက်မြန်မာပြည်မှ ခရီးသွားများအတွက်လက်မှတ်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသွားလာနိုင်ရန်


မန္တလေး-ရန်ကုန်-စင်ကာပူ | စင်ကာပူ-ရန်ကုန်-မန္တလေး

ခရီးစဉ်များကိုလာမည့် ဒီဇင်ဘာ(၅)ရက်နေ့မှ စတင်၍ တစ်ပတ်လျှင်၂ကြိမ် အစီ၊ ကြာသပတေး နေ့များတွင် ပျံသန်းပြေးဆွဲတော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

| Tuesday, Thursday | | | |
|---|---|---|---|
| Flight No. | Departure \| Arrival | | |
| UB-003 | Mandalay - Singapore | 13:55/20:30 | Via RGN |
| UB-002 | Singapore - Mandalay | 13:00/16:25 | Via RGN |

၅ရက်၊ ဒီဇင်ဘာ ၂၀၁၇ မှ ၂၂ရက်၊ မတ်လ ၂၀၁၈ အထိ







+95 1 378 603, Ext:117
reservations@flymna.com | www.flymna.com
104, Kanna Road, Kyauktada Township, Yangon, Myanmar

Like us on Myanmar National Airlines
Journey of a lifetime

ဝယ်သူအမည်ပေါက် နောက်ဆုံးနံပါတ်ရမည် ၀၉-၈၅၈၃၀၂၂ . ၀၁-၅၄၃၃၅၈
EVERGREEN AUTOS CAR SHOWROOM YANGON



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပုဇွန်တောင်မြို့နယ်နေ ဦးရာမာဆာမိ (တီတီအီး-၁၂၁၈၆၅)၏သားဖြစ်သူ ဦးမျိုးအောင်(ခ)ဦးမူရ်ကေဆွန်း[၁၂/ပတထ(နိုင်)၀၃၈၇၁၀]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အထက(၂)၊ ဒသမတန်းမှ မအေးသဉ္ဇာနှင့် နဝမတန်းမှ မောင်စိုးစံမင်းထက်တို့၏ဖခင် ဦးဝင်းရွှေ(ခ)ဦးဝင်းဆွေ[၁၂/ဒဂတ(နိုင်)၁၀၄၄၃၄]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲကျင်းပ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေး



ဒုတိယသမ္မတဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူငယ်များက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာလူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့ဥပစာ၌ ကျင်းပရာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စန်းနိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

# ဟံသာဝတီလေဆိပ် တည်ဆောက်မည့်မြေနေရာနှင့် အမျိုးသားရေအရင်းအမြစ်ကော်မတီရုံး ဆောက်လုပ်မည့်မြေနေရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည့်မြေနေရာ၊ အမျိုးသားရေအရင်းအမြစ်ကော်မတီရုံး ဆောက်လုပ်မည့်မြေနေရာနှင့် အာရှ-ပစိဖိတ်ရေညီလာခံ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နံနက် ၁၁ နာရီတွင် ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။










# ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်

■ **သီသီမင်း**



**ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကဖြင့် ဖျော်ဖြေစဉ်။** ဓာတ်ပုံ - နေလင်း

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းနေထိုင်ကြပြီး ၎င်းတို့၏ ရိုးရာဓလေ့ပွဲတော်များကို ကျင်းပလေ့ရှိကြရာ ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပကြောင်း ခူမီးစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သိရပါတယ်။

ရှေးအခါက ခူမီးနှစ်သစ်ကူးပွဲတော်ကို သီးခြားကျင်းပလေ့မရှိဘဲ တအိုင်စားပွဲ (ကောက်သစ်စားပွဲ)နဲ့အတူ ပူးတွဲကျင်းပခဲ့တာပါ။

အမှန်တကယ်အားဖြင့် တအိုင်စားပွဲ၏ နောက်တစ်နေ့တွင် ခူမီးနှစ်သစ်ကူးပွဲကို ဆက်တိုက်ကျင်းပရခြင်းသည် တစ်နှစ်တာ၏ အခါရာသီ ကိုက်ညီမှုမရှိပေ။ သို့ရာတွင် ရာသီနှင့်ကိုက်ညီအောင် သီးခြားခွဲ၍ ကျင်းပရန်လည်း ရှေးယခင်က သဘောမပေါက်ခဲ့ကြသည့်အတွက် တအိုင်စားပွဲပြီးဆုံးသည့် ဧကေဒသမလဖြစ်သော နိုဝင်ဘာ ၁ ရက် (သို့မဟုတ်) ၂ ရက်တွင် နှစ်သစ်ကူးပွဲကို ကျင်းပလာကြသည်မှာ ၁၉ ရာစုအကုန်အထိပဲ ဖြစ်ပါတယ်။

ယခုအခါတွင် အခါရာသီနှင့် ကိုက်ညီစေရန် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က ခူမီးစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒီဇင်ဘာ ၁ ရက်နေ့ကျရောက်တိုင်း နှစ်စဉ်ကျင်းပရန် လမ်းညွှန်ခဲ့သည်မှစ၍ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါတယ်။

ခူမီးတိုင်းရင်းသားများသည် တောင်ယာလုပ်ငန်းကိုသာ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြသူများဖြစ်ရာ တောင်ယာလုပ်ငန်းအသစ်စတင်ရန် အောက်တိုဘာလ နောက်ဆုံးရက် ၃၁ ရက်တွင် ကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီးတဲ့ အထိမ်းအမှတ် တအိုင်စားပွဲပြုလုပ်ပါတယ်။

အကယ်၍ နှစ်တစ်နှစ်အတွင်း မိသားစုဝင်ထဲမှ တစ်ဦးဦး သေဆုံးထားသည်ရှိပါက နိုဝင်ဘာလတွင် သချိုင်းဖွင့်ပွဲကို ပြီးစီးအောင် ပြုလုပ်ပေးရပြီး ဒီဇင်ဘာ ၁ ရက်တွင် နှစ်သစ်ကူးပွဲတော်ကို ကျင်းပကာ တောင်ယာလုပ်ငန်းနှင့် စီးပွားရေးအသစ်တို့ကို စတင်လုပ်ကိုင်ရတယ်လို့ ခူမီးစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သိရပါတယ်။

ထိုကဲ့သို့ အစီအစဉ်အတိုင်း ပြုလုပ်ပါက "စီးပွားလာဘ်လာဘ တိုးပွားစေသည်ဟု ရှေးလူကြီးများက မိန့်မှာခဲ့ကြသည့်အတွက် နှစ်သစ်၏ ကောင်းကျိုးကိုခံစားရန်အလို့ငှာ ယနေ့အထိ စဉ်ဆက်မပြတ် ရိုးရာပွဲကို ကျင်းပနေခြင်းဖြစ်တယ်"လို့ ဦးစောမြက ဆိုပါတယ်။

ရှေးယခင်က ခူမီးတို့သည် နှစ်သစ်ကူးပွဲနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်မှာ နည်းပါးလှပါတယ်။ ကျင်းပသည့်အခါတွင်လည်း တစ်ရပ်လုံးတစ်ရွာလုံးကျင်းပခြင်းမျိုးမဟုတ်ဘဲ အိမ်ထောင်စုအလိုက် မိမိတို့အစီအစဉ် အထိမ်းအမှတ်သဘောမျှ ကျင်းပခြင်းသာဖြစ်တယ်လို့ သိရပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»

# ရှမ်းတိုင်းရင်းသား နှစ်သစ်ကူးပွဲတော် တိုက်ကြီးမြို့တွင် စည်ကားစွာကျင်းပ



**တိုက်ကြီး ဒီဇင်ဘာ ၁**

ရှမ်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီမှကြီးမှူး၍ ၂၁၁၂ ခုနှစ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးကို နိုဝင်ဘာ ၂၆ ရက်က တိုက်ကြီးမြို့ ရှမ်းကျောင်းကြီးကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ နံနက် ၆ နာရီတွင် ရှင်လောင်း ၁၃ ပါးကို မြို့နယ်အတွင်းလှည့်လည်ခဲ့ပြီး သံဃာတော်များကို သိမ်ဆင်းလောင်းလှူကြသည်။ မောင်ရှင်လောင်းများကို ရှင်သာမဏေ သွတ်သွင်းခြင်းပြုလုပ်ကြပြီး ဆရာတော်များထံမှ ပရိတ်တော်နာကြားသည်။ သက်ကြီးပူဇော်ပွဲ ပြုလုပ်ရာ အဘိုးအဘွား ၂၄ ဦးကို ကန်တော့ပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်များအား ရှမ်းရိုးရာအစားအစာဖြင့် ဧည့်ခံကျွေးမွေးသည်။

ထို့နောက် ရှမ်းနှစ်သစ်ကူးပွဲတော်၌ ပညာရည်ချွန်ဆုပေးပွဲနှင့် ရှမ်းယဉ်ကျေးမှုဖျော်ဖြေပွဲ ကျင်းပရာ ရှမ်းယဉ်ကျေးမှု လူငယ်မောင်မယ်များက ရှမ်းနှစ်သစ်ကူးပွဲတော်သီချင်း သံပြိုင်သီဆိုဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေးနာယက ဦးစိုင်းပန်းအောင်နှင့် တိုက်ကြီးမြို့နယ် ရှမ်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ထူးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှဖြိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ငွေပဒေသာပင်စိုက်ထူလှူဒါန်းသောသူများကို ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်း၊ ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီမှ ဧည့်သည်တော်များကို တိုးနယားအက၊ ကိန္နရာအက၊ ဓားသိုင်းအက၊ ရှမ်းအိုးစည်ဝိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ရှမ်းယဉ်ကျေးမှု လူငယ်ကလေးများက ရှမ်းနှစ်သစ်ကူးဆုတောင်းသီချင်းသီဆို၍ ပွဲတော်ကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

အထူးကဏ္ဍ [ က ] မှ »»

နှစ်သစ်ကူးပွဲနေ့တွင်လည်း ရိုးရာခေါင်ရည်၊ စားသောက်ဖွယ်ရာများ တည်ခင်းခြင်း၊ သီချင်း၊ ကဗျာဆရာတို့ကလည်း နှစ်သစ်ကူးမင်္ဂလာအခါတော်နေ့ အဖွဲ့အနွဲ့ ကဗျာအခါရာသီအဖွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့ အလင်္ကာ စသည်ဖြင့် ဖွဲ့နွဲ့သီဆိုကြတယ်လို့ သိရပါတယ်။

ထို့ပြင် ခူမီးရိုးရာအားကစားနည်းတစ်ခု ဖြစ်သည့် ဝါးတန်းလှဲခြင်းအားကစားကိုလည်း နှစ်သစ်ကူးပွဲတော်တွင် ထည့်သွင်းကျင်းပလေ့ ရှိတယ်လို့ သိရပါတယ်။

ယခုအခါတွင် ကာလသား လူငယ်လူရွယ်တို့မှာ ရိုးရာအကပြိုင်ပွဲ၊ ခေတ်ပေါ်စတိတ်ရှိုး၊ ဖက်ရှင်နှင့် ပျော်ပွဲရွှင်ပွဲ၊ ရိုးရာအားကစားပွဲများ၊ စာပေဟောပြောပွဲများ၊ ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်းဖြင့် ခူမီးနှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲ ပါဝင်ဆင်နွှဲလာကြတယ်လို့ ခူမီးလူမျိုး ဦးစောမြက ဆိုပါတယ်။

ခူမီးရိုးရာ နှစ်သစ်ကူးပွဲကျင်းပရခြင်းမှာ နှစ်ဟောင်းမှ မကောင်းမှုများ၊ အခက်အခဲများ အနှောင့်အယှက်များပပျောက်ပြီး နှစ်သစ်တွင် တစ်နှစ်တာပတ်လုံး လူသစ်စိတ်သစ်နှင့် မင်္ဂလာရှိသည့် အလုပ်အကိုင်၊ အတွေးအခေါ် အကြံကောင်း ဉာဏ်ကောင်းများ ခေါ်ယူနိုင်ရန် ရည်ရွယ်ကျင်းပကြတာဖြစ်ကြောင်း သိရပါတယ်။



ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအတီးအမှုတ်များဖြင့် ဖျော်ဖြေစဉ်။ ဓာတ်ပုံ - နေလင်း

ခူမီးလူမျိုးများသည် ချင်းပြည်နယ် တောင်ပိုင်း ပလက်ဝမြို့တွင် အများဆုံး နေထိုင်ကြပြီး ရခိုင်ပြည်နယ် ကျောက်တော်၊ အိန္ဒိယနိုင်ငံ မီဇိုရမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတို့တွင် နေထိုင်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့နှင့် ပြည်ပနိုင်ငံများတွင်လည်း ရောက်ရှိနေထိုင်လျက် ရှိကြောင်း သိရပါတယ်။

ထို့ပြင် ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပါရမီစိန်ဂေဟာအနီးရှိ ဘီရှော့ဟုမ်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း နှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေးအဖွဲ့မှ သိရပါတယ်။

ရန်ကုန်မြို့နှင့် အခြားသော ဒေသအသီးသီးတွင် ရောက်ရှိနေသော ချင်းတိုင်းရင်းသား ခူမီးလူမျိုးများတွေ့ဆုံ၍ အချင်းချင်း မိတ်သဟာယဖွဲ့နိုင်ရန်နှင့် မိမိတို့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ချင်းလူမျိုးများ စုစုစည်းစည်းတွေ့ဆုံနိုင်ရန် အများသူငါ အားလပ်ရက် (စနေနေ့) ဖြစ်သည့် ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပရခြင်း ဖြစ်တယ်လို့ ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမြထံမှ သိရပါတယ်။

မည်သို့ပင်ဆိုစေကာမူ ချင်းတိုင်းရင်းသား ခူမီးလူမျိုးတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ခူမီးမျိုးနွယ်စုတို့ ရောက်ရှိနေထိုင်ရာ နေရာဒေသအသီးသီးမှာ စုစည်းညီညွတ်စွာဖြင့် ပျော်ရွှင်စွာ ဆင်နွှဲနေကြမည်သာဖြစ်ပါတော့တယ်။ ■

အထူးကဏ္ဍ [ ဃ ] မှ »»

အရပ် ငါးပေကျော်ခန့်ရှိကြသည်။ အမျိုးသား အမျိုးသမီး နှစ်ဦးစလုံး ကျန်းမာသန်စွမ်းကြသည်။ အထူးသဖြင့် အာကျန်မြစ်ဝှမ်းဒေသတွင် အရပ်အမောင်းကောင်းကောင်းနှင့် ကိုယ်လုံးကိုယ်ပေါက်ထွားကျိုင်းသော လီဆူ အမျိုးသမီး အမျိုးသားများ ရှိခဲ့သည်။ လီဆူ အမျိုးသမီးများမှာ မြေပြန့်ရှိ သာမန်အမျိုးသားများထက် အားခွန်ဗလပြည့်စုံ၍ မိန်းမပျိုလေးများမှအစ အလွန်လေးလံသောဝန်ထုပ်များကို တောင်တက် တောင်ဆင်း မမောနိုင်၊ မပန်းနိုင် ထမ်းပိုးနိုင်ကြသည်။

လီဆူတို့၏ အသားအရောင်မှာ အသားလတ် အရောင်ဖြစ်ပြီး နက်မှောင်သောဆံပင်ကို ပိုင်ဆိုင်ကြသည်။ ရာသီဥတုအေးမြသော တောတောင်များတွင် နေထိုင်ကြသည့် လီဆူ မိန်းမပျိုတို့မှာ ဖြူဖွေးသော အသားအရည်နှင့် ပါးအို့နီလေးများရှိနေသည်မှာ ချစ်ခင်နှစ်သက်ဖွယ်ဖြစ်သည်။ လီဆူတို့၏ မျက်နှာပေါက်မှာ ရှင်းလင်းပြတ်သားသော ပုံပန်းသဏ္ဌာန်ရှိသည်။ အချို့အမျိုးသားများမှာ နှာတံချွန်၊ မေးချွန်နှင့် အမေရိကမှ လူနီယောက်ျားများနှင့် တူသယောင်ရှိသည်။ ခြုံ၍ကြည့်လျှင် လီဆူတို့သည် ပြည်ထောင်စုတိုင်းရင်းသားများတွင် မျက်နှာပေါက်အလှဆုံး လူမျိုးတစ်မျိုးဟုပင် ထင်မြင်ယူဆရသည်။

### လီဆူတို့၏ စိတ်နေစိတ်ထား

လီဆူတို့သည် အေးချမ်းစွာနေထိုင်တတ်သူများပီပီ ပင်ကိုစိတ်သဘောထား ကောင်းကြသည်။ အစပိုင်းတွင် လူစိမ်းတို့အား သင်္ကာမကင်းစိတ်ရှိကြသော်လည်း ရင်းနှီးသွားသောအခါ အထူးညှို့ဝတ်ကျေပွန်ပြီး ဖော်ဖော်ရွေရွေ ဆက်ဆံတတ်ကြသည်။ ၎င်းတို့သည် လွတ်လပ်မှုကို မြတ်နိုးကြပြီး အနှောင်အဖွဲ့ကင်းစွာဖြင့် သွားလာနေထိုင် စားသောက်လုပ်ကိုင်ကြသည်။ ၎င်းတို့အား အနည်းငယ်မျှ အနှောင့်အယှက်ပေးမိလျှင် အခြားနေရာသို့ ပြောင်းရွှေ့သွားတတ်ကြသည်။ လီဆူတို့သည် ပင်ကိုအားဖြင့် သတ္တိကောင်းသော လူမျိုးဖြစ်သည်။ တိုက်ရည်ခိုက်ရည်လည်း ပြည့်စုံသူများဖြစ်သည်။ ရှေးကာလ ဗြိတိသျှစစ်တပ်တွင် အမှုထမ်းဖူးသော လီဆူလူမျိုးတို့၏ မှတ်တမ်းများရှိခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီးနောက် တပ်မတော် တပ်ရင်းများတွင် အမှုထမ်းသော လီဆူတိုင်းရင်းသားများရှိခဲ့သည်။

လီဆူတို့သည် ကိုယ်ကျင့်တရားကောင်းမွန်ကြပြီး အချို့ ဆိုးသွမ်းသောသူလည်း ရှိတတ်သည်။ ကိုယ်ကျင့်တရားဖောက်ဖျက်ပါက ကြီးလေးသောပြစ်ဒဏ်များ ပေးတတ်ကြသည်။

### လီဆူတို့၏ နေမှုထိုင်မှု

လီဆူလူမျိုးတို့တွင် အစာငတ်လျှင် တောင်ထိပ်သို့တက်နေ၊ အသက်သေလိုလျှင် တောင်အောက်သို့ဆင်းနေဆိုသည့် စကားပုံရှိသည်ဟု သိရသည်။ ၎င်းစကားပုံအရပင် ရှေးလီဆူတို့သည် ပေ ၄၀၀၀ ကျော်၊ ၅၀၀၀ ကျော်မြင့်သော တောင်တန်းကြီးများပေါ်တွင် နေထိုင်လေ့ရှိသည်။ တောင်ယာကို ပင်ပန်းတကြီး ခုတ်၍ ဝမ်းစာလောက်ရုံ လုပ်ကိုင်စားသောက်ကြသည်။ တောင်ပေါ်တွင် ဝမ်းစာရှားပါး၍ တောင်အောက်မြေပြန့်သို့ ပြောင်းရွှေ့နေထိုင်ကြလျှင် အသေအပျောက်များတတ်သည်ဟု အယူအဆရှိကြသည်။ အကယ်၍ မြေပြန့်တွင်နေပြီး အသေအပျောက်မရှိပြန်လျှင်လည်း ကျန်းမာရေးချို့တဲ့ကာ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု သိသိသာသာကျဆင်းသွားတတ်သည်။ ထို့ကြောင့် ကိုယ်လုံးကိုယ်ပေါက် ထွားထွားကျိုင်းကျိုင်း လီဆူလူမျိုးများကို တောင်ပေါ်တွင်သာ တွေ့ရတတ်သည်။ အများအားဖြင့် လီဆူတို့မှာ ပေ ၄၀၀၀ အောက်နိမ့်ကျသောနေရာတွင် နေလေ့မရှိချေ။ လက်ရှိ ကချင်တိုင်းရင်းသားလူမျိုးစုတို့တွင် လီဆူတို့မှာ အမြင့်ဆုံးတောင်ပေါ်တွင် နေထိုင်ကြသော တစ်မျိုးတည်းသော တိုင်းရင်းသားများ ဖြစ်သည်။

တောင်ပေါ်တွင် အိမ်ခြေအနည်းငယ်သာရှိသည့် လီဆူရွာလေးများ ရှိတတ်သည်။ အာကျန်မြစ်ဝှမ်းနှင့် သံလွင်မြစ်ဝှမ်းရှိ လီဆူလူမျိုးများ၏နေအိမ်များမှာ သစ်သားတိုင် အိမ်နှင့် ဝါးခင်း၊ ဝါးကာ ပြုလုပ်နေထိုင်ကြသည်။ အချို့နေရာများတွင် မြေကြီးကို ကြမ်းပြင်အဖြစ် သုံးကြသည်။ လီဆူအိမ်များတွင် အခန်း သုံးခန်းရှိတတ်သည်။ အလယ်ခန်းမကြီးတွင် မီးဖိုထားတတ်ပြီး ဧည့်သည်များလာလျှင် တည်းခိုရန်နေရာအဖြစ် သတ်မှတ်ထားကြသည်။ ကျန်အခန်း နှစ်ခန်းမှာ အိမ်သူအိမ်သားများအတွက်ဖြစ်သည်။ အိမ်များတွင် ပြတင်းပေါက်နှင့် မီးခိုးထွက်ပေါက်များ မရှိကြသဖြင့် အိမ်အတွင်း မဲမှောင်၍ မီးခိုးကျပ်ခိုးများနှင့် ပြည့်နေခြင်းသည် အလွန်အေးသော ဆောင်းကာလတွင် အိမ်တွင်း အနွေးဓာတ်ရရန် ဖန်တီးထားခြင်း ဖြစ်ဟန်တူသည်။

### လီဆူတို့၏ လုပ်ကိုင်စားသောက်မှု

လီဆူတို့၏ အဓိကအာဟာရမှာ ဆန်ဖြစ်သည်။ သို့သော် ဆန်မှာ တစ်နှစ်စာအတွက် လုံလောက်မှုမရှိသဖြင့် လူး၊ ဆပ်နှင့် ပဲသီးများကို အစားထိုးစိုက်ပျိုးကြကာ စားသောက်ကြသည်။ ၎င်းတို့စိုက်ပျိုးရာနေရာမှာ တောင်စောင်းများဖြစ်၍ ရေဖြင့်စိုက်ပျိုးခြင်း နည်းလှသည်။ မြေကြီးတစ်ကွက်ကို ၁၀ နှစ်မှ နှစ် ၂၀ အတွင်း အလှည့်ကျပြောင်းသုံးသော တောင်ယာစနစ်ကို အသုံးပြုကြသည်။ လီဆူတို့မှာ တောင်ယာခုတ်ခြင်းကို အဓိကထားသဖြင့် ၎င်းတို့နေထိုင်ရာတစ်ဝိုက်တွင် တောင်ကတုံးများဖြစ်နေသည်ကို တွေ့နိုင်သည်။ တောင်ယာကုန်သောအခါ မြေပြန့်သို့ ဆင်းကြသည်။ လီဆူတို့သည် လဂျစ်ခေါ် ဂုန်လျှော်ကြမ်းတစ်မျိုးကို စိုက်ပျိုးကာ အင်္ကျီချုပ်ရန် အဝတ်အထည်အဖြစ် အိမ်တွင် ရက်လုပ်ကြသည်။ ဆေးဖက်ကိုလည်း ရွာတိုင်းအနည်းငယ်စီစိုက်ပျိုးကာ ဝါးဆစ်ဝါး အသေးစားတစ်မျိုးဖြင့်လုပ်သည့် ဆေးတံတွင် ထည့်သောက်ကြသည်။ အချို့က ဆေးဖက်ကို ဝါးစားကြသည်။



လီဆူရိုးရာအဝတ်အစားများ ဝတ်ဆင်ထားသည့် လီဆူအမျိုးသားနှင့် အမျိုးသမီး။

ဓာတ်ပုံ - Eyeubiquitus/Cuboimages

လီဆူတို့သည် တောလိုက် အထူးကျွမ်းကျင်ကြသူများဖြစ်သည်။ အမဲဟင်းလျာအဖြစ် မျောက်၊ ဆတ်၊ ဝက်ဝံနှင့် တောဝက်တို့ကို ဒူးလေးနှင့်ပစ်ခတ်ကာ အသားကိုစားသုံးပြီး အရေခွံကို ရောင်းချကြသည်။ လီဆူတို့သည် တောလိုက်ခြင်းအပြင် မြစ်ရိုး၊ ချောင်းရိုးတို့တွင် ရွှေကျင်ခြင်းလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ကြသည်။ မေခမြစ်နှင့် နမ်တီးဆံမြစ်ရိုးတစ်လျှောက်တွင် ရွှေကျင်နေသော ယာယီတဲလေးများရှိခဲ့သည်။ ရရှိသော ရွှေများကို နယ်စပ်တွင် ရောင်းချလေ့ရှိသည်။ သို့သော် လီဆူတို့မှာ လောဘနည်းသည်။ ဝမ်းစာဖူလုံရုံသာ ရှာဖွေလုပ်ကိုင်ကြသဖြင့် နွမ်းပါးကြသည်။ တောင်ယာထဲတွင် တစ်နေကုန်လုပ်သော်လည်း ဝမ်းစာအတွက်သာဖြစ်၍ ချမ်းသာသူနည်းသည်။

**[ကိုးကား - ယိမ်းနွဲ့ပါးစာတမ်း]**

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

တောင်သားတို့သည် မြန်မာအစုတွင်ပါဝင်သော လူမျိုးကွဲအုပ်စုဖြစ်သည်။ တောင်သားတို့သည် ချင်းပြည်နယ် ကောင်ပိုးချင်းတောင်ခြေအရပ်များဖြစ်သည့် ဂန့်ဂေါ၊ ယော၊ ဆော၊ ထီးလင်း စသည့်ဒေသများ၏ အတွင်းပိုင်းတောင်ခြေကျေးရွာများတွင် နေထိုင်ကြသည်။ အချို့ပညာရှင်တို့က ချင်းနှင့် မြန်မာ သွေးစပ်ထားသည့် အနွယ်များဖြစ်ဟန်ရှိသည်ဟု ယူဆထားကြသည်။ မစ္စတာ ဖာနီဗယ်၏ မှတ်တမ်းတွင် တောင်သားလူမျိုးများ မူလနေရင်းဌာနေကျေးရွာများမှာ ပုဂံမြို့ အရှေ့တောင်ဘက် ပုပ္ပား ပုပ်ပေး အဝေးကျေးရွာကဟု ဆိုသည်။ [စာတည်း]

# တောင်သားလူမျိုးနှင့် မိအယ်ရွာ

■ မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)



တောင်သားလူမျိုး အမျိုးသမီးများကို တွေ့ရစဉ်။
ဓာတ်ပုံ - yawlungal.blogspot

၂၀၀၉ ခုနှစ် ဇန်နဝါရီလ ဆောင်းရာသီ နံနက်ခင်းတွင် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တစ်ဝိုက်သို့ ကွင်းဆင်းလေ့လာရန် စာရေးသူအပါအဝင် လေးဦးတို့ မြိုင်မြို့မှ ဆိုင်ကယ်နှစ်စီးဖြင့် နံနက် ၇ နာရီခွဲတွင် စတင်ထွက်ခွာလာခဲ့ပြီး နံနက် ၁၀ နာရီတွင် ပေါက်မြို့သို့ ရောက်ရှိခဲ့သည်။ ပေါက်မြို့ပတ်ဝန်းကျင်တစ်ဝိုက်ကို လေ့လာမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကျောက်ထုမြို့သို့ ထွက်ခွာခဲ့သည်။ ဆက်လက်ခရီးထွက်ခွာခဲ့ရာ ပုံတောင်ပုံညာတောင်တန်းကြီးသို့ ရောက်ရှိလာခဲ့သည်။ ဆိုင်ကယ်ကိုခေတ္တရပ်နားပြီး တောင်တန်းကြီး၏ပတ်ဝန်းကျင်ကို မျက်စိတဆုံးကြည့်လိုက်ရာ ပုံတောင်ပုံညာတောင်တန်းကြီးပေါ်တွင် အကွေ့အကောက်တို့ဖြင့် ဖောက်လုပ်ထားသော တောင်ပတ်ကားလမ်းတစ်ခုကိုသာ မှုန်ပျပျမြင်နေရသည်။

ပုံတောင်ပုံညာတောင်တန်းကြီး၏ ခရီးတစ်ဝက်ခန့်တွင် ရပ်နားစခန်းတစ်ခုရှိပြီး ယင်းအနီးတွင် အမေရေယဉ်နတ်နန်းကို ကြီးမားစွာတည်ဆောက်ထားသည်။ ဆိုင်ကယ်ကို ခေတ္တရပ်နားပြီး အမောဖြေရင်း ဒေသခံတို့မှ "ဒီကိုရောက်ရင် အမေရေယဉ်ကို ပူဇော်ပြီးမှ ခရီးဆက်တာများတယ်၊ ဒါကြောင့် ဆရာတို့လည်း ခရီးဆက်သွားမယ်ဆို ဆီမီးပူဇော်ပြီး ခရီးဆက်ကြပေါ့"ဟု ပြောကြသဖြင့် ဒေသခံတို့၏ ဓလေ့ထုံးစံအတိုင်း စာရေးသူတို့အဖွဲ့လည်း ဆီမီးပူဇော်ပြီး သွားလမ်းသာ လာလမ်းဖြောင့်ဖို့အရေး ဆုတောင်းခဲ့ကြသည်။ ၎င်းနေရာမှ ဆက်လက်ထွက်ခွာလာပြီးနောက် နာရီဝက်ခန့်အကြာတွင်တော့ တောင်ခြေမှ ရွာလေးများကို မြင်တွေ့လိုက်ရပြီး တောင်ခြေတွင်ရှိသော ပန်းဆန်ရွာ ဧရာထူးစားသောက်ဆိုင်တွင် ခေတ္တရပ်နားကာ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ယခင်က ပျူလူမျိုးများ ပျောက်ကွယ်သွားပြီဟု သုတေသနပညာရှင်တို့က ပြောဆိုကြသော်လည်း ပျူလူမျိုးအဆက်များ ဖြစ်ကြသည်ဟုဆိုသော တောင်သားရွာအကြောင်းကို ဧရာထူးစားသောက်ဆိုင်ပိုင်ရှင်က ပြောပြသည်။ ထို့ကြောင့် ပန်းဆန်ရွာနှင့် သုံးမိုင်ခန့်ကွာဝေးသော မိအယ်ရွာသို့ သွားရောက်လေ့လာရန် တိုက်တွန်းခဲ့သည်။ စာရေးသူတို့အဖွဲ့အတွက် ညအိပ်ရပ်နားရန် အခက်အခဲရှိနိုင်ကြောင်း ပြောပြရာ မိအယ်ရွာရှိ ကျေးရွာလူကြီးအား တွေ့ဆုံအကူအညီတောင်းပါက အဆင်ပြေနိုင်ကြောင်း ပြောသဖြင့် သွားရောက်လေ့လာရန် ဆုံးဖြတ်ခဲ့သည်။

မိအယ်ရွာသည် ယောချောင်းရိုးကိုဖြတ်ပြီး တောင်ကြားတွင်တည်ရှိသော ရွာတစ်ရွာဖြစ်သည်။ မိအယ်ရွာသူ ရွာသားများသည် တောင်သားဘာသာစကားကိုသာ ပြောဆိုကြပြီး ဗမာစကားကို အနည်းငယ် နားလည်ကြသဖြင့် ဥက္ကဋ္ဌအိမ်အား စာရေးသူတို့အဖွဲ့ မေးမြန်းသွားခဲ့သည်။ မိအယ်ရွာသူ ရွာသားတို့သည် ရွာထဲသို့ ဧည့်သည်လာရောက်မှုကို စူးစမ်းသည်ထက် ကြိုဆိုမှုကပိုကြောင်း သိသာထင်ရှားလှသည်။ ဥက္ကဋ္ဌအိမ်တွင် အိမ်သားများ မရှိသဖြင့် အိမ်ဘေးမှလူကြီးတစ်ဦးက တောင်သားဘာသာစကားဖြင့် အော်ပြောလိုက်ရာ ဥက္ကဋ္ဌ၏မိခင်ဖြစ်သူ ဒေါ်ရင်မေ ရောက်ရှိလာခဲ့ပြီး ဥက္ကဋ္ဌမှာ မကွေးသို့ ပဲရောင်းသွားကြောင်း သိရှိရသည်။ စာရေးသူတို့အဖွဲ့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြသည်။ အချိန်ကလည်း ညနေ ၆ နာရီထိုးနေပေပြီ။ နောက်ကြောင်းပြန်ပါကလည်း လမ်းတွင် တစ်ညလုံး ဆိုင်ကယ်မောင်းရန်သာ ရှိတော့သည်။

စာရေးသူ၏ဆရာက မိမိတို့ လာရင်းအကြောင်းကို အိမ်ရှင်ဒေါ်ရင်မေအား ပြောပြရာ သဘောပေါက်သွားဟန်တူသည်။ လှိုက်လှိုက်လှဲလှဲဖြင့် မိမိအိမ်တွင်တည်းခိုပြီး စာရေးသူတို့သိလိုသမျှကို မေးမြန်းနိုင်ရန်အတွက် ရွာတွင် အတွင်းရေးမှူးရှိကြောင်း၊ ရွာအကြောင်းကို ရှေးဟောင်းနှောင်းဖြစ် ပြောဆိုနိုင်သော အလယ်တန်းပြ ကျောင်းဆရာတစ်ဦးနှင့် ညဘက်တွင် တွေ့ဆုံပေးရန် စီစဉ်ပေးပါမည်ဟုပြောပြီး စာရေးသူတို့အတွက် အိမ်ခေါင်းရင်းခန်းတွင် နေရာစီစဉ်ပေးသည်။ ညနေခင်း မိအယ်ရွာ၏ပတ်ဝန်းကျင်ကို ကြည့်မိသောအခါ ရွာသည် အေးချမ်းသာယာပြီး ရွာ၏ အိမ်အနေအထားများမှာလည်း သပ်ရပ်မှုရှိကြောင်း တွေ့ရသည်။ တောင်ကြားထဲတွင် တစ်သီးပုဂ္ဂလရှိသော ဤရွာလေးသည် ဆောင်းရာသီညချမ်း၏ မြူမှုန်များအောက်တွင် တဖြည်းဖြည်း မှောင်ရီသမ်းလာနေပေပြီ။ စာရေးသူလည်း ခြေလက်ဆေးကြောသန့်ရှင်းရန် နေရာရှာမတွေ့သဖြင့် စိတ်ထဲတွင်တော့ "အင်း. . . ဒီကလူတွေ ဘယ်မှာများ ရေချိုးကြတာလဲ မသိဘူး၊ ချောင်းထဲမှာပဲ ရေချိုးတာနေမှာပါ"ဟု အတွေးဝင်နေစဉ် ဒေါ်ရင်မေ အိမ်ပေါ်မှဆင်းလာပြီး "ဟာ ဆရာတို့ မျက်နှာသစ်၊ ခြေလက်ဆေးမယ်ဆို ဒီကိုလာပါ"ဟု ပြောပြီး အိမ်ပေါ် ပြန်တက်သွားသည်။ စာရေးသူအတွက်တော့ ကြုံသမျှအရာတိုင်း အဆန်းချည်းပင် ဖြစ်နေသည့်အပြင် တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ ရိုးရာဓလေ့ကို စတင်တွေ့ရှိရပါသည်။ အိမ်အနေအထားမှာ အိမ်အောက်ခြေမှ လှေကားဖြင့် အပေါ်သို့တက်ရပြီး လှေကား၏ ထိပ်သို့အရောက် ဘယ်ဘက်ခြမ်း၌ ကပြင်ပုံစံနေရာကဲ့သို့ ကြမ်းခင်းထားသော နေရာတွင် ရေလှောင်စဉ့်အိုးကြီးတစ်လုံးကို ရေခွက်၊ ဆပ်ပြာခွက်တို့နှင့်အတူ တွေ့လိုက်ရသည်။ ထိုနေရာသည် အမိုးအကာတို့မထားဘဲ ဟင်းလင်းကြီးဖြစ်နေသည်။ အိမ်မကြီးမှ တည့်တည့်ဝင်လိုက်လျှင် ဧည့်ခန်းနှင့် ဘုရားခန်းတို့အား တွဲထားသည်ကို တွေ့ရပြီး ဧည့်ခန်း၏ အနောက်ဘက်ကို လှည့်ထွက်လိုက်လျှင် ဝရန်တာသို့ ရောက်ရှိသွားသည်။ အထဲတွင်တော့ ထမင်းစားခန်းနှင့် အိပ်ခန်းတို့ကို တွေ့ရှိရသည်။

စာရေးသူတို့ ခေတ္တနားနေကြစဉ် ဒေါ်ရင်မေမှာ မီးဖိုခန်းတွင် မိမိတို့အဖွဲ့ ထမင်းစားသုံးနိုင်ရန် ပြင်ဆင်နေသည်။ ခဏအကြာတွင် ဒေါ်ရင်မေက ထမင်းသုံးဆောင်နိုင်ပြီဖြစ်ကြောင်း ပြောဆိုရာ တည်ခင်းဧည့်ခံသော ထမင်းဝိုင်းကိုကြည့်ပြီး တအံ့တဩဖြစ်ခဲ့ရသည်။ ထမင်းစားပွဲမှာ လူခြောက်ဦးစာကျွန်းစားပွဲကြီးဖြစ်ပြီး စားပွဲပေါ်တွင် ဟင်းခွက်တို့ အပြည့်ပင်။ ဒေါ်ရင်မေက အားမနာဘဲ သုံးဆောင်ရန်ပြောဆိုပြီး စားသောက်နေရင်း ရွာ၏ဓလေ့ထုံးစံတစ်ခုဖြစ်သည့် အိမ်တစ်အိမ်သို့ ဧည့်သည်ရောက်ရှိပါက အိမ်နီးနားချင်းတို့က ဟင်းခွက်ကမ်းသောဓလေ့ရှိကြောင်း သိရှိရပြန်သည်။ ၎င်းမှာ တောင်သားလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့တစ်ခုပင်ဖြစ်သည်။

ညနေစာစားသောက်ပြီး ခဏအကြာတွင် ရွာမှ အတွင်းရေးမှူး ဦးလှမင်း၊ ရပ်မိရပ်ဖ ဦးထိန်ဝင်း၊ ဦးခန့်မောင်၊ အလယ်တန်းပြဆရာ ဦးမြင့်သိန်းနှင့် ဒေါ်ရင်မေတို့အား တောင်သားတို့၏ အစဉ်အဆက်ဖြစ်စဉ်တို့ကို မေးမြန်းဆွေးနွေးခွင့်ရခဲ့ကြသည်။ ဆရာ ဦးမြင့်သိန်း ပြောဆိုမှုအရ တောင်သား ၄၆ ရွာရှိကြောင်း သိရှိခဲ့ရပြီး ၎င်းထံတွင်ပါလာသော ဝင်းနွယ် (သစ်တော)၏ "ယောမြို့က ပြန်ခဲ့တယ်" စာအုပ်ကို လေ့လာဖတ်ရှုစေခဲ့သည်။ ထိုစာအုပ်ထဲတွင် ဆောမြို့နယ်အတွင်း တောင်သားရွာ ၂၆ ရွာရှိကြောင်း သိရသည်။

၎င်းရွာတို့မှာ (က) ချည်ချောင်းရိုးမှ တောင်သားရွာများမှာ (၁) ရေရှင်ရွာ၊ (၂) တောင်တက်ရွာ၊ (၃) ပြင်လယ်ရွာ၊ (၄) ကံကြီးရွာ၊ (၅) ရင့်ရဲရွာ၊ (၆) ကြံတောရွာ၊ (၇) ပေါက်ခေါင်းရွာ၊ (၈) ငါးလွန်ရွာ၊ (၉) ကျောက်ထုရွာ။

(ခ) ယောချောင်းရိုးမှ တောင်သားရွာများမှာ (၁) တေးရွာ၊ (၂) ပန်းဆန်ရွာ၊ (၃) ကျောက်ခြရွာ၊ (၄) နွားသိုးရွာ၊ (၅) မိအယ်ရွာ။

(ဂ) ကြီးချောင်းရိုးမှ တောင်သားရွာများမှာ (၁) ရွာသာရွာ၊ (၂) အညာပန်းပလွန်းရွာ။


(ဃ) ကျောက်စစ်ချောင်းရိုးမှ တောင်သားရွာများမှာ (၁) ကျောက်စစ်ရွာ၊ (၂) ကံချောင်းရွာ၊ (၃) လက်ပွန်ရွာ၊ (၄) ပေါက်တောရွာ၊ (၅) ငှက်ချောင်ရွာ။

(င) ကတင်းချောင်းရိုးမှ တောင်သားရွာများမှာ (၁) အညာကတင်း၊ (၂) အထည်ကတင်း။

(စ) ရင့်ရဲချောင်းရိုးမှ တောင်သားရွာများမှာ (၁) ရင့်ရဲချောင်းရွာ၊ (၂) ကံအိုးရွာ၊ (၃) ကြီးရွာတို့ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ယခု မိအယ်ရွာသည် လူဦးရေ ၉၀၀ ခန့်ရှိပြီး အိမ်ခြေ ၁၆၇ လုံးနှင့် အလယ်တန်းကျောင်းခွဲတစ်ခုရှိသည်။ ရွာတွင် ရွာနာမ်ဘုရားဟုခေါ်သော "လာဘမုနိရတနာမာရ်အောင်စေတီ"ရှိပြီး ထိုစေတီမှာ ရွာတည်စကပင် တည်ထားကြောင်း သိရှိခဲ့ရသည်။

ဆက်လက်ဖော်ပြပါမည်။



မိအယ်ကျေးရွာမှ တောင်သားရိုးရာအိမ်ကို တွေ့ရစဉ်။
ဓာတ်ပုံ - မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)



# ပူတာအိုနယ်မှ လီဆူတို့နေထိုင်ရာဒေသ

■ မောင်မောင်ကျော်

ကချင်ပြည်နယ် ပူတာအိုမြို့ သဘာဝရှုခင်း
ဓာတ်ပုံ - asiatime.travel

လီဆူတိုင်းရင်းသားတို့သည် တစ်နေရာတည်းတွင် အတည်တကျနေထိုင်ခြင်းမရှိဘဲ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်လိုသည့် ပင်ကိုဗီဇ (Nomadic Instict) ပါလာသော လူမျိုးများဖြစ်သည်ဟု အစောပိုင်းကာလ တိုင်းရင်းသားလူမျိုးများအကြောင်းကို လေ့လာသော နိုင်ငံခြားသားများက မှတ်ချက်ပေးကြသည်။ နောက်ပိုင်းကာလတွင် လူမှုဘဝနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာသောအခါ ရေကြည်ရာ မြက်နုရာ တစ်နေရာတည်းတွင် အခြေချနေထိုင်လာကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ အစောပိုင်းကာလက ပူတာအိုနယ်အတွင်း အထူးသဖြင့် မေခ၊ မလိခ ရေဝေတောင်တန်းကြီး၏ အနောက်ဘက်သို့ ရွှေ့ပြောင်းနေထိုင်လာကြသော လီဆူလူမျိုးများမှာ အများအားဖြင့် ရွာတစ်ရွာတည်းတွင် အတည်တကျနေထိုင်လေ့မရှိကြချေ။ တစ်နေရာမှ တစ်နေရာ သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဤနေရာ၌ ဤနှစ်တွင် နေထိုင်ခဲ့ကြသော လီဆူရွာလေးမှာ နောင်နှစ်တွင် ဤနေရာတွင် မရှိတော့ချေ။ ဤအချက်သည် နယ်မြေဒေသအုပ်ချုပ်ရေးနှင့် တိုင်းရင်းသားလူမျိုး စာရင်းကောက်ယူရန်အတွက် အခက်အခဲဖြစ်စေခဲ့သည်။

ပူတာအိုနယ်အတွင်း တောင်း၊ အိုးခွက် စုံလင်စွာဖြင့် ခရီးသွားနေကြသော လီဆူအိမ်ထောင်စုများကို မြင်တွေ့ရသည်နှင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သွားလာနေသည်မှာ သေချာပါသည်။ ထို့ကြောင့် လီဆူတိုင်းရင်းသားများအား တစ်ချိန်က မြန်မာပြည်၏ ဂျစ်ပစီ(Gypsy)လူမျိုးများဟု တင်စားခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ လီဆူလူမျိုးများကို လီစူးလူမျိုးဟုလည်း ခေါ်ဆိုကြသည်။ တရုတ်လူမျိုးများက လီရှောဟု ခေါ်ဝေါ်ကြသည်။ ဂျင်းဖော(ကချင်)တို့ကမူ ယောယင်ဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် ပူတာအိုနယ်တွင် လီဆူတို့ကို လီစူးဟု ခေါ်ဆိုကြပြီး မြစ်ကြီးနားနယ်ဘက်တွင် ယောယင်ဟု ခေါ်ဆိုကြသည်။ လီဆူ တိုင်းရင်းသားများသည် နေရာဒေသကွဲပြားစေကာမူ လူမျိုးတစ်မျိုးတည်းဖြစ်ပြီး နေထိုင်ရာဒေသ တစ်နေရာမှ တစ်နေရာ သွားလာရခက်ခဲခြင်းကြောင့် လည်းကောင်း၊ အင်အားများသောလူမျိုးများ လွှမ်းမိုးမှုကြောင့်လည်းကောင်း အဝတ်အစားနှင့် ထုံးတမ်းစဉ်လာတို့ ကွဲပြားခြားနားသွားသည့်အပြင် ဘာသာစကားနှင့် သံနေသံထားလည်း ကွဲပြားခြားနားသွားသည်။ လီဆူလူမျိုးတို့တွင် လီဆူဖြူ၊ ပန်းလီဆူနှင့် လီဆူမည်းဟူ၍ သုံးမျိုးကွဲသွားသည်။ ပူတာအိုနယ် အာကျန်းမြစ်ဝှမ်းဒေသတွင် လီဆူလူမျိုးဆွေမျိုးစု ၁၄ စုခန့်ရှိကြောင်း သိရသည်။

## ရုပ်အဆင်းစိုပြည်သန်မာ

လီဆူလူမျိုး အမျိုးသား၊ အမျိုးသမီးတို့ကို မြင်လိုက်လျှင် ၎င်းတို့၏ ကိုယ်ကာယ သန်မာထွားကျိုင်းမှုနှင့် ရုပ်အဆင်းအင်္ဂါ စိုစိုပြည်ပြည်ရှိလှသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လီဆူလူမျိုးတို့မှာ များသောအားဖြင့် အခြား ကချင်တောင်ပေါ်သား လူမျိုးစုများနေထိုင်ကြသည့်နေရာထက် ပိုမိုမြင့်မားသည့် တောင်ပေါ်တို့တွင် နေထိုင်လေ့ရှိကြသည်။ အလွန်မြင့်မားပြီး အေးချမ်းသည့်အရပ်တွင် နေထိုင်လေ့ရှိသောကြောင့် ၎င်းတို့အား ခြုံ၍ကြည့်မည်ဆိုလျှင် အခြားသော လူမျိုးစုတို့ထက် ကိုယ်ကာယထွားကျိုင်းကာ ပိုမိုကျန်းမာကြသည်ဟု ထိုဒေသသို့ရောက်ခဲ့ဖူးသော အနောက်တိုင်းသားတို့က ဆိုကြသည်။ လီဆူလူမျိုးတို့သည် အခြားလူမျိုးစုတို့နှင့် ဆက်နွှယ်ပေါင်းသင်းသောကြောင့် ပိုမိုကျန်းမာကြသည်ဟု ထင်မြင်ယူဆကြသည်။ ထိုအချိန်က လီဆူလူမျိုးတို့၏ အရပ်အမောင်းမှာ အမျိုးသားတို့သည် အရပ် ငါးပေ၊ ခြောက်လက်မခန့်ရှိပြီး အမျိုးသမီးများမှာ

အထူးကဏ္ဍ [ ခ ] သို့ »»

# (၈၀)ကြိမ်မြောက် ကရင်နှစ်သစ်ကူး အားကစားပွဲတော် ဖွင့်ပွဲ အခမ်းအနား ကျင်းပ



**ကျိုက်ဒုံ ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၇ နာရီက (၈၀) ကြိမ်မြောက် ကရင်နှစ်သစ်ကူး အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျိုက်ဒုံမြို့ အမှတ် (၂) ရပ်ကွက် မြို့မအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ဒုံမြို့ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက ပန်းဖွားအကဖြင့် ကပြဖျော်ဖြေခဲ့ပြီး ပြိုင်ပွဲဝင်မည့် အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုခြင်း၊ အားကစားဒိုင်ချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

(၈၀)ကြိမ်မြောက် ကရင်နှစ်သစ်ကူးကျင်းပရေးကော်မတီနာယက အဘိုးစောဒေါ်ဒေါက ပြိုင်ပွဲဝင်မည့်အားကစားသမားများကို အားကစားစိတ်ဓာတ်အပြည့်ထား၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ယှဉ်ပြိုင်အနိုင်ယူကြရန် မှာကြားသည်။ ပြိုင်ပွဲတွင် ကျိုက်ဒုံမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဘောလုံးအသင်း ၁၈ သင်း၊ ဘော်လီဘောအသင်းများနှင့် ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ချောတိုင်တက်ပွဲများ၊ အမျိုးသမီးဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အခမ်းအနားသို့ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီနာယက အဘိုးစောဒေါ်ဒေါ်၊ နယ်ခြားစောင့်တပ်မှ အရာရှိများ၊ ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် တာဝန်ရှိသူများ၊ နယ်မြေခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင် (ပြန်/ဆက်)**

**ပျောက်ဆုံးကြောင်း**

ဦးတင်ထွန်းအောင်[၁၂/ဒပန(နိုင်)၀၀၉၈၀၅]၏ ရေကြောင်းဦးစီးမှ ထုတ်ပေးထား သော စာရွက်စာတမ်းများအပါအဝင် သင်္ဘောသားကတ် CDC-46562 မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၂၈၆၄၀၂**

Ph: 563033, 0973191322

# အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်းအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

- အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးတို့အား သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီးမှ ရောင်းချရန် သတ်မှတ်ထားပါသည်။
- သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိသည့် အဆိုပါ အထူးကုန်စည်များကို အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည့်အပြင် အောက်ပါအတိုင်း ဒဏ်ငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်။
    - လက်ဝယ်ထားရှိ ရောင်းချသူသည် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀%ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။
    - ဖမ်းဆီးရမိသော အထူးကုန်စည်များသည် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည်တန်ဖိုး၏ ၅၀%ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင် တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ်သိမ်းဆည်းရန် ဈေးကွက်အတွင်း ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်း မပြုလုပ်ကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**







# ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအရင်းမြစ်အသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနမှ ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project (ADSP)အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| Reference No. | Description of Goods |
|---|---|
| G.1 | Motorbikes (125 CC) |
| G.2 | Motor Vehicles (4×4 Wheel Drive) |
| G.20 | Laboratory Equipments (16 Items) |
| G.29 | Laboratory Equipments (15 Items) |
| G.31 | Laboratory Equipments (Printed Extension Material) (3 Items) |
| G.32 | Office Equipments (6 Items) |
| G.33 | Goods & Equipments (4 Wheel Tractor & Combine Harvester) (2 Items) |
| G.34 | Office Equipments (2 Items) |
| G.36 | Goods & Equipments (Thresher, Dryer, Forklift, Dump Truck, etc.) (8 Items) |

၂။ စိတ်ဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မိမိတို့စိတ်ဝင်စားသော ဈေးနှုန်းအဆိုပြုလွှာ(Reference No.)ကို အတိအကျ ဖော်ပြ၍ အောက်ပါအတိုင်း လိပ်မူ၍ တောင်းယူနိုင်ပြီး ဈေးနှုန်းအဆိုပြုလွှာများကို ၁၃-၁၂-၂၀၁၇ရက်၊ ၁၄း၀၀နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

**လိပ်မူရန်-ဦးတင့်လွင်(ညွှန်ကြားရေးမှူး)**
**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအရင်းမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)**
**Email:tlwin4.irr@gmail.com**
**ဖုန်း-၀၆၇-၄၁၀၃၁၆၊ ဖက်စ်-၄၁၀၅၀၉**

**ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် အခြားသိလိုသည်များကို အောက်ပါအတိုင်း ဆက်သွယ်၍ မေးမြန်းတောင်းခံနိုင်ပါသည်။**
**ဦးငြိမ်းချမ်းစိုး (National Procurement Officer)**
**Agriculture Development Support Project (ADSP)**
**Email:nyeinchansoe02@gmail.com**
**ဖုန်း-၀၉-၂၅၀-၇၉၄၁၆၃**




# ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ဒေါပုံ၊ မင်းနန္ဒာလမ်းမကြီးမှ ဖွဲ့ဆင်း အောင်ချမ်းသာလမ်း၊ ပေ(၂၅×၅၀)၊ ရေ၊ မီး၊ လုပ်ငန်းသုံး ပါဝါမီတာ ဂရန်အမည်ပေါက်။

**ဖုန်း-၀၉-၅၀၁၅၈၁၂**
**၀၉-၄၄၃၀၇၁၃၂၄**

# ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၁၂၃၇/ခ) အမည်ပေါက် ဦးမောင်မောင်ဆန်း၏ မြေကွက်အား ဝယ်ယူထားသူ ဦးကိုကိုဇော်[၁၄/ဒဒရ(နိုင်)၀၀၄၆၇၅]ကိုင်ဆောင်သူမှ ငွေသွင်းချလန်(မူရင်း)၊ အရောင်းအဝယ်စာချုပ်(မူရင်း)နှင့် အမှန်တကယ်ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြ၍ ဤဦးစီးဌာနသို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

Vol.2 No-47

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၂ - ၁၂ - ၂၀၁၇ မှ ၈ - ၁၂ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်လိုပါက 01-230 6166 ကို ဖုန်းဆက် ဆက်သွယ်နိုင်ပါသည်
01-230 6166

ANIMAX

## ONE PUNCH MAN

### (Dec6, Wed, 8:30 PM)



သာမန် မထူးခြားတဲ့ပုံပေါက်နေတဲ့ 'ဆိုက်တမ'မှာ ဝါသနာတစ်ခုကနေတော့ စူပါဟီးရိုးဖြစ်ချင်တယ်။ ကလေးဘဝကတည်းကဆိုလိုက်နောက်လိုက်ရင်း ၃ နှစ်လောက် ပြောင်းလဲ လေ့ကျင့်ခဲ့ရာမှာ ခေါင်းတုံးသွားတဲ့ထိ ရောက်ခဲ့ပါတယ်။ အခုတော့ ဆိုက်တမဟာ မယုံနိုင်လောက်အောင် အစွမ်းထက်နေပြီဖြစ်ပြီး ဘယ်လိုရန်သူကမှ သူ့ကို အနိုင်မယူနိုင်တော့ပါဘူး။ ဒီအခြေအနေက ၁၉ နှစ်အရွယ် စက်ရုပ်လူသား ဂျီနို ရောက်လာချိန်မှာတော့ ပြောင်းလဲသွားခဲ့ပါတယ်။ ဂျီနိုက ဆိုက်တမ တပည့်ဖြစ်ချင်နေပါတယ်။ ဂျီနိုက သူ့ကို နှိမ်ဖို့ တရားခံရှာနေခဲ့ကောင်း ဖြစ်ဖို့အတွက် သူ့ရဲ့ကောင်း အဖွဲ့အစည်းထဲ ဝင်ဖို့ သူ့ဆရာကိုအရေးဆိုလိုက်တဲ့အခါမှာတော့ ဒီဟာ နိုင်ငံတကာက လူကြိုက်များတဲ့ မန်ဂါအက်ရှင်ဟာသဇာတ်လမ်းတွဲ "One Punch Man" ရဲ့အပေါ်မြဲမှာ Animax ရုပ်သံလိုင်းကနေ ဒီဇင်ဘာလ ၆ ရက်နေ့မှာ စတင်ပြသသွားတော့မှာပဲ ဖြစ်ပါတယ်။

## The Iron Giant

### (Dec8, Fri, 6:30 PM)

FOX family MOVIES




တက်ဒ်ဟျူးဂျက်ရဲ့ "Cold War" ပုံပြင်ကို မှီငြမ်းထားတဲ့ အင်နီမေးရှင်းဇာတ်ကားဖြစ်ပြီး ရေးကျိုင်ဘီလာမက်ရှင်ဟာ ၁၉၅၇ ခုနှစ်မှာ မိန်းဖြည့်နယ် ရော့ခ်ဝဲလ်မြို့လေးအနီးမှာ မျက်ကျပြီး ကမ္ဘာမြေပေါ် ရောက်လာခဲ့တယ်။ စက်ရုပ်ကိုတော့ မြို့ထဲက ၉ နှစ်အရွယ်ကောင်လေး ဟိုဂျ်ဆိုက သူ့ကို တွေ့သွားပါတယ်။ နောက်တော့ စက်ရုပ်ကြီးဟာသူနဲ့ လူသား မထင်မှတ်ဘဲ ရင်းနှီး ခင်မင်သွားကြတယ်။ အဲ့နောက် စိတ်သိလ်မှုထဲ အစိုးရအေးဂျင့် ကင့်မန်စလီက စက်ရုပ်ကို ဖျက်ဆီးဖို့ ဆုံးဖြတ်ပြီး ရှာဖွေလာတဲ့အခါ ဟိုဂျ်ရဲ့ ဟင်ဒီ ဒီနမစ်ကောင်းလိုဆိုနိုင်ပြီး စက်ရုပ်ကို ကယ်တင်ဖို့အတွက် တက်စွမ်းသမျှ ကြိုးပမ်းကြရတော့မှာပါ။ ဒိဖ်ဒ်ကာ ဘရက်ဘတ်ရဲ့ အက်ရှင်ရှုံ့စရာကောင်း အင်နီမေးရှင်းဇာတ်ကားလေးဖြစ်ပြီး Fox Family ရုပ်သံလိုင်းကနေ ပြသသွားမှာ ဖြစ်ပါတယ်။





နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာ ၁၅ ရက်နေ့အတွင်းသာ





## Pressure Cooker

### (Dec7, Thu, 6:30 PM)

"Pressure Cooker"က ကြည့်ရှုသူများဆုံးဖြတ်ရမည့်အစီအစဉ်တစ်ခုဖြစ်ပြီး အစားအသောက်ဆိုင်ရာ ပြိုင်ပွဲရဲ့ တင်းဆက်မှုတွေ ဝန်းရွာနေနိုင်းကိုပါ ဖျော်ဖြေထားတဲ့ အစီအစဉ်လည်း ဖြစ်ပါတယ်။ သဘောကတော့ 'The Amazing Race' နဲ့ 'Top Chef' တို့ ပေါင်းစပ်ထားတဲ့သဘောမျိုးပေါ့။ အပိုင်းတိုင်းမှာ အမေရိကန်မြို့တစ်မြို့မှာ အဖွဲ့သစ် ၃ ဖွဲ့တို့ အစားအသောက်နဲ့ ရာကြိုးရွေ့အတွက် ယှဉ်ပြိုင်ကြရမှာဖြစ်ပြီး တစ်ဖွဲ့စီက ပတ်ဝန်းကျင်မိတ္တူရဲ့ ထိတ်လန့်စရာ ၃ မျိုး ပြင်ဆင်ဖို့ အချိန် ၅ နာရီ ရမှာဖြစ်ပါတယ်။




## Caught on Camera with Nick Cannon (Season 2)

### (Dec5, Tue & Wed, 6:40 PM)

တစ်ပုံတစ်ပုံက စကားလုံး ၁,၀၀၀ နဲ့ ညီမျှတယ်ဆိုရင် ဗီဒီယိုတစ်ခုက ဘယ်လောက်ဖြစ်မလဲ။ ဒီကနေ့ခေတ်မှာ ဆဲလ်ဖုန်းလုံခြုံရေးကင်မရာ ဗီဒီယိုကင်မရာတွေနဲ့တော့ တစ်နိုင်တစ်ပိုင်းကကော အမြဲတမ်းကြည့်ရှုမှုတော့ တင်နေကြတယ်။ ဒီအစီအစဉ်ရဲ့ အညွှန်းတင်ဆက်သူ နစ်ကင်နွန်က ဒီအချက်ကို အသုံးချပြီး ကမ္ဘာအနှံ့က ဖြစ်ရပ်တွေကို ပရိသတ်တွေဆီ ယူဆောင်လာပါတယ်။ ဖြစ်ရပ်တွေကို ရှက်ရှုံး မှတ်တမ်းတင်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့တိုက်ရိုက် ပြောဆို တင်ပြချက်တွေနဲ့ အတူတင်ဆက်ထားတာလည်း ဖြစ်ပါတယ်။




## 9JKL

### Dec4, Mon, (8:00 PM)

FOXlife

အခုလာ အာဟသိုရက်ဝေသန္တဲ့အတွ ၂၀၁၇ ခုနှစ် Miss Supranational နဲ့ ၂၀၁၇ ခုနှစ် ARIA Awards မှာ သရုပ်ဆောင်သူတွေကို ဂုဏ်ပြုကြရမယ် အချိန်ကာလပါ။ ဒါ့အပြင် တနင်္လာနေ့ညတွေမှာလည်း "9JKL" နဲ့ "Life In Pieces" ဟာသဇာတ်လမ်းသစ် အစီအစဉ်တွေနဲ့အတူ ရယ်မောကြည့်ရှုနိုင်ပါပြီနော်။

ဒီဇင်ဘာ ၄ ရက်နေ့ တနင်္လာနေ့ညမှာတော့ ဟာသစီးရီးတွေကို အမြဲတင်ဆက်ပေးနေတဲ့ FoxLife ရုပ်သံလိုင်းကနေ 9JKL ဆိုတဲ့ စီးရီးသစ်ပါ။ ဇီဇီးရီးမှာ ကျွန်ုပ်တို့ရဲ့ ပျော်စရာ ဖျော်ဖြေမှု ပြောင်းလဲလာတဲ့ ဘဝနေထိုင်မှုအတွက် ဒီလောကမှာ ကြီးပြင်းလာတဲ့ ဒါပေမဲ့ ဘဝကို လွယ်လွယ်ကူကူ နေထိုင်ရန် ဘယ်လိုဖြစ်မလဲ ဆိုတာကိုတော့ စောင့်မျှော်ကြည့်ရှုကြပါစို့နော်။









5 ကာတွန်း **The Boss Baby** 9:00 PM, 2.12.17 (SAT)

5 SERIES **မပြယ်သော မေတ္တာ** 7:00 PM, (Monday to Friday)

5 MOVIES **Wonder Woman** 8:05 PM, 3.12.17 (SUN)

